


# ကုဋေလေးဆယ်ကျော် တန်သောလက် နှင့် ဉာဏ်ရည်သွေးပုံပြင်များ

မင်းပိုး (ဟံသာနွယ်)

ထွန်းလွင် (ဓမ္မာစရိယ၊ ဘီ,အေ) စီစဉ်သည်။

# မာတိကာ

နိဒါန်းအမှာ
၁။ ဘာသီးပင် ... ၁
၂။ အချိန်မကျဘဲ ခေါင်းထောင်လွဲတဲ့ မြေခွေး ... ၆
၃။ အဖေထက် တစ်လကြီးတဲ့ သားပုံပြင် ... ၁၄
၄။ ပညာကြီးသော ဘုရင်ကလေးအကြောင်း ... ၁၁
၅။ စေတနာဝေဒနာဖြစ်ရတဲ့ သနားစရာမြေးကလေး ... ၂၇
၆။ ကုန်းတိုက်သမား အပါယ်လား ... ၃၂
၇။ ကိုယ်အတက်ကိုယ်ဆူး ... ၃၇
၈။ ချေတာလွန်းသော မြေခွေး ... ၄၄
၉။ မြေခွေးမာနနဲ့ အမဲခြောက်ပုံပြင် ... ၅၀
၁၀။ သားနာမည်ဆန်းကြောင့် ... ၅၅
၁၁။ မုသားသစ္စာမှန်သော လိမ်ညာခြင်းပုံပြင် ... ၆၀
၁၂။ အရေးကြီးသော တစ်စက္ကန့်ပုံပြင် ... ၆၅
၁၃။ ကုဋေလေးဆယ်ကျော်တန်သော လက် ... ၇၇
၁၄။ အသက်ဉာဏ်စောင့်ပုံပြင် ... ၈၂
၁၅။ မြို့သားလူလည်ခြောက်ယောက် ... ၈၆
၁၆။ သူဌေးကြီးဖြစ်သွားသော ပညာရှိဆင်းရဲသား ... ၉၃
၁၇။ ပညာလက်နက် ... ၉၈
၁၈။ ပညာရှိသော မင်းနှစ်ပါး ... ၁၀၃
၁၉။ သဖန်းပင်ထက်က နှလုံးသား ... ၁၀၇
၂၀။ အဝတ်နှင့်တူသောလင် ... ၁၁၂
၂၁။ ပေါက်ပင်နှင့် မင်းသားလေးပါး ... ၁၁၅
၂၂။ လောကတွင် အမြန်ဆုံးအရာ ... ၁၁၉
၂၃။ အကြံကောင်းသော ငါး ... ၁၂၃

# တရားမြတ်အမှာ

"ကံထူးတစ်ရပ်" လို့ပဲ ဆိုပါရစေ။ ဘာ့ကြောင့်ဆိုတော့ ရတနာမွန်မဂ္ဂဇင်းမှာ လစဉ်ရေးလာတဲ့ မင်းစိုး(ဟံသာနွယ်) ရဲ့ ဉာဏ်ရည်သွေး ပုံပြင်တွေကို စာတစ်အုပ်အဖြစ် သတ်သတ်မှတ်မှတ် ထုတ်ဝေနိုင်လို့ပါပဲ။

နို့ပေမယ့် ပြောလိုပါသေးတယ်၊ ဒါက ဒီစာအုပ်မှာ ပါတဲ့ ပုံပြင်ဆိုတာက ဘုရားဟော ဇာတ်တော်တွေ၊ နိကာယ်တွေနဲ့ နီတိကျမ်းတွေမှာ လာတဲ့ ဖြစ်ရပ်တွေပါ။ ဒါကို မင်းစိုး(ဟံသာနွယ်)က ဖတ်ဖြစ်သူတွေ မှတ်လွယ် အောင် ပုံပြောသလို ပြောပြထားတာမို့ "ဓမ္မပုံပြင်" လို့ ခေါ်လိုက်ရတာပါ။

ဒီတော့ မင်းစိုး(ဟံသာနွယ်)ရဲ့ ပုံအပြောကောင်းပုံ၊ အဆင်ကောင်းပုံ၊ သင်ခန်းစာအပေးကောင်းပုံ စတာတွေကို တွေ့ရမှာဖြစ်ပါတယ်။

မင်းစိုး(ဟံသာနွယ်)ရဲ့ ဉာဏ်ရည်သွေးပုံပြင်တွေကို စာအုပ်အဖြစ် ထုတ်ပေးဖို့ အနယ်နယ်မှ တောင်းဆိုသူတွေ အတွက်ရော၊ သင်ခန်းစာယူလိုသူတွေအတွက်ပါ ဒေါ်စိုးမြင့် (တရားမြတ်စာပေ)က ဆန္ဒအားလုံး ပြည့်ပါစေတော့လို့ ထုတ်ဝေဖြန့်ချိလိုက်ခြင်းပါ။

**တရားမြတ်စာပေ**

အမှတ်(၂၁၇)၊ သီဂီ-၃ လမ်း(တောင်)

(၅) ရပ်ကွက်၊ သာကေတမြို့။

# အဖေထက် တစ်လကြီးတဲ့ သားပုံပြင်

"ဦးဦး ဒီနေ့ ဘာပုံပြောမလဲ"

"ဒီနေ့လား... အင်း... ဒီနေ့ 'အဖေထက် တစ်လကြီးတဲ့ သား'ပုံပြောမယ်"

"ဟင် ဦးဦးကလဲ အဖေထက် သားက တစ်လကြီးရမယ်လို့ မဖြစ်နိုင်တာကြီး"

"ဟော့... နားထောင်ကွာ။ အရမ်းမဝေဖန်နဲ့။ ဦးဦးက ပုံဆန်းဆန်းကလေးတွေ ပြောတတ်တယ်"

"အေး... နားထောင်ကြည့်ပေါ့ကွာ။ ဖြစ်နိုင်၊ မဖြစ်နိုင် အဖြေပေါ်လာမှာပေါ့။ ကဲ... နားထောင်ကြ"

ဟိုး... ရှေးရှေးတုန်းက ရွာတစ်ရွာမှာ မိသားစုတစ်စုနေကြတယ်။ အဖေရယ်၊ အမေရယ်၊ အဖေရဲ့ အဖေရယ်၊ သားငယ်ကလေးရယ် ပေါင်း လေးယောက်ပေါ့ကွာ။

အဲဒီမိသားစုမှာ အမေလုပ်သူ မိန်းမဟာ စိတ်သဘောထားညံ့တယ်။ ယောက္ခမဖြစ်သူ အဖိုးကြီးကို အိမ်မှာမရှိစေချင်ဘူး။ ကောင်းကောင်းမပြုစု၊ မကျွေးမွေးဘူး။

ယောကျ်ားလုပ်တဲ့သူကို "ရှင့်အဖေကြီးဟာ အင်မတန်ဂျီးများတယ်။ ထမင်းကျွေးရင် ငန်သလေး၊ ပေါ့သလေး၊ ထမင်းကမာပြန်ပြီ၊ ပေါ့ပြန်ပြီနဲ့ ပြော၊ ကိုယ့်အရာမဟုတ်တာ ဝင်လုပ်၊ ဝင်ပြော၊ မလုပ်ပါနဲ့ပြောရင် မကြိုက် စိတ်ဆိုး။ ကျွန်မတော့ စိတ်ညစ်

လာပြီ။ ရှင့်အဖေကြီးနဲ့အတူ မနေချင်တော့ဘူး”လို့ မကြာမကြာ ပြောသတဲ့။

“မနေချင်တော့ ဘယ်လိုလုပ်မလဲလို့ ယောကျ်ားက ပြန်မေးတဲ့ အခါ…

“ဒီမှာ… ရှင့်အဖေကြီးဟာ အိုလှပြီ။ အားလဲ နည်းလှပြီ။ ရောဂါတွေကလဲ အမျိုးမျိုးနဲ့ မကြာခင်သေတော့မှာ အမှန်ပဲ။ ဒီတော့ ရှင်သူ့ကို သုသာန်ယူသွား တွင်းထဲထည့် ပေါက်တူးနဲ့ ခေါင်းဖြတ်သတ်ပြီး ပြန်လာခဲ့”လို့ ပြောသတဲ့။

“ရက်စက်လိုက်တာနော် ဦးဦး။ ဒီတော့ သူ့ယောကျ်ားက ဘာပြန်ပြောသလဲ”

“ဘာမှ ပြန်မပြောဘူးတဲ့ကွဲ့”

“ဟင်… သူက လူအ၊ လူနုံကြီးနဲ့ တူပါတယ်။ ကျွန်တော်သာဆိုရင် ဒီမိန်းမကို ရိုက်နှက်ပြီး အိမ်ပေါ်က နှင်ချလိုက်မှာ”

“အေး… အဲဒီစိတ်ထားမျိုးလေး မပျောက်အောင် ကြိုးစားမွေးထားပါ မောင်ရာ။ တော်တော်ကြာ အဲဒီယောကျ်ားထက်တောင် ဆိုးချင် ဆိုးနေမှာ။ ပြောပါများ မယားစကားအောင်’တဲ့ကွ သားတို့ရ”

မိန်းမက အဲဒီလို ထက်တာထပ်ကာပြောတော့ ယောကျ်ားက “ရှင်မ… လူသတ်တယ်ဆိုတာ လွယ်တာမှတ်လို့ အင်မတန်တာဝန်ကြီးတာ။ ငါ ဘယ်လိုလုပ် သတ်ရမှာလဲ”လို့ မေးသတဲ့။

“တကယ်အားတဲ့လူနဲ့ တကယ်ရက်စက်တဲ့မယား တွေ့ကြ

တာပေါ့နော်၊ အဖိုးကြီး သနားစရာပါပဲ”

ဒီတော့ မိန်းက “ဒီမှာ ရှင့်ကို ကျွန်မ နည်းလမ်းတစ်ခု ပြောမယ်၊၊ ဒီလိုလုပ်”

“ပြောစမ်းပါဦး။ ဘယ်လိုလုပ်ရမှာလဲ”

“မနက်စောစော အဖိုးကြီးထိုင်နေတဲ့ နေရာသွား၊ ပြီးတော့ ကြားလောက်အောင် အသံကျယ်ကျယ်နဲ့ ‘အဖေ၊ နောက်ဘက်ရွာမှာ အဖေ့ကြွေးတွေ ရှိတယ်မဟုတ်လား။ အဲဒါ ... ကျွန်တော် သွားသွား တောင်းနေတာ မရဘူး။ တစ်ကယ်လို့များ အဖေကွယ်လွန်သွားရင် သူတို့ပေးတော့မှာမဟုတ်ဘူး။ ဒါကြောင့် ... နက်ဖန်မနက်စောစော လှည်းယာဉ်ကလေးနဲ့ သွားပြီး ကြွေးတောင်းရအောင်’ လို့ ပြောထား။ နောက်နေ့မနက် အစောကြီးထပြီး လှည်းယာဉ်ကလေးတပ်၊ အဖိုးကြီးကို လှည်းပေါ်တင် သုသာန်ကိုမောင်းယူသွား၊ သုသာန်ရောက်တော့ တွင်းတူးပြီး ဟောဒီမှာဗျို့ ကယ်ကြပါဦး ကျွန်တော်တို့ကို လူဆိုးတွေ ရိုက်နှက်လုယက်နေကြပါတယ်လို့ တအားအော်ပြီး အဖိုးကြီးကို တွင်းထဲထည့်၊ ပေါက်တူးနဲ့ခေါင်းဖြတ်သတ်၊ မြေဖို့ပြီး ပြန်လာခဲ့ တော့ပေါ့။ ဘာခက်တာမှတ်လို့ အလွယ်ကလေး”လို့ ပြောသတဲ့။

ဒီအခါ လူနုံကြီး လင်ယောကျ်ားက “အေး... ဒီနည်း အဟန်သားပဲ”လို့ သဘောတူလက်ခံပြီး အဖေကြီးကို လှည်းယာဉ် ကလေးနဲ့တင်သွားဖို့ စီမံပါသတဲ့။

ဒီလို သူ့အမေ အကြံပေးတဲ့စကားကို အင်မတန်လိမ္မာ ပညာဉာဏ်ကြီးတဲ့ ခုနစ်နှစ်သားယောက်ကလေး ကြားတဲ့အခါ ငါ့အမေ

ဟာ တယ်ရက်စက်ယုတ်မာပါလား။ ငါ့အဖေတော့ အဖေသတ်တဲ့ ကံကြီးထိုက်အောင် လုပ်နေပါလား။ ငါ့အဖေ ဒီကံကြီး မထိုက်စေရဘူး။ ငါ ... ကယ်တင်ရမယ်လို့ ဆုံးဖြတ်လိုက်ပြီး အသာကလေးသွားပြီး အဖိုးနဲ့အတူ အိပ်နေလိုက်သတဲ့ကွယ်"

"နေဦး ဦးဦး၊ သားသား နားမလည်တာ မေးရဦးမယ်။ အဖေသတ်တဲ့ ကံကြီးထိုက်ရင် ဘာဖြစ်တတ်သလဲ"

"အေး ... အဲဒါသိထားဖို့ သိပ်အရေးကြီးတယ်ကွဲ့။

"အဖသတ်တဲ့ ကံကြီးထိုက်သူဟာ အမေသတ်တဲ့သူလဲ အတူတူပဲပေါ့ကွာ။ သေလျှင် အဝီစိငရဲကြီးထဲကို တန်းကျတာပဲ။ ဘယ်သူမှ မကယ်နိုင်ဘူး။ အလွန် ကြောက်စရာကောင်းတယ်။ ဒါကြောင့် ... မင်းတို့တစ်တွေ မိဘ, ဆရာသမားစတဲ့ ကျေးဇူးရှင်တွေကို မပြစ်မှားရဘူးနော်။ ကြပ်ကြပ်သတိထားရမယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"ကဲ ... ဆက်ပြောမယ်။ နားထောင်နော်။

"လူနှံယောက်ျားဟာ နောက်တစ်နေ့ မနက်စောစောထပြီး လှည်းယာဉ်ကလေးတပ်ကာ အဖေ ... လာလာ ကြွေးတောင်းသွားရအောင်ဆိုပြီး အဖေကို လှည်းကလေးပေါ်မှာ ထားသတဲ့။ သားငယ်ကလေးကလည်း စောစောကတည်းက လှည်ယာဉ်ကလေးပေါ် တက်ခိုနေလိုက်သတဲ့။

အဖေလုပ်တဲ့သူက သူ့သားကလေးကို မလိုက်ဖို့ပြောတာမရတာနဲ့ သားကလေးကိုပါ ခေါ်သွားပြီး သုသာန်ရောက်တော့ သူထို

မြေးအဖိုးကို တစ်နေရာမှာထား သူက လှည်းပေါ်ကဆင်း၊ ပေါက်တူး၊ ခြင်းတောင်းတို့ကို ယူ၊ ခြံကွက်လပ်တစ်နေရာမှာ လေးထောင့်ကျင်း တစ်ကျင်းတူးနေသတဲ့ကွယ်။

ဒီအခါ သားလိမ္မာကလေးဟာ လှည်းပေါ်က ဆင်း၊ အဖေ့ဆီသွားကာ မသိချင်ယောင်ဆောင်ပြီး...

"အဖေ ဒီတောကြီးမျက်မည်းထဲက သုသာန်အလယ်ခေါင်မှာ စားစရာ သစ်ဥ၊ သစ်ဖုဆိုလို့ ဘာမှမရှိပဲ အဖေ ဘာကိုလိုချင်လို့ တွင်းတူးနေတာလဲ" လို့ မေးသတဲ့။

ဒီအခါ အဖေက "ဒီမှာသားရဲ့ သားရဲ့အဖိုးဟာ အိုလှပြီ၊ အားလည်းနည်းလှပြီ၊ ရောဂါတွေကလဲ အမျိုးမျိုးနဲ့ အင်မတန်ဆင်းရဲနေရှာတယ်။ ဒီလို ရောဂါဝေဒနာဒဏ် ခံစားနေရတာထက်တော့ သူ့အဖို့ သေသွားတာပဲ ကောင်းသေးတယ်။ ဒါကြောင့် သားရဲ့ဖိုးဖိုးကို တွင်းထဲထည့် မြှုပ်သတ်ပစ်လိုက်တော့မလို့ အဖေတွင်းတူးနေတာ" လို့ ပြောတဲ့အခါ–

သားလိမ္မာကလေးက "ဪ... အဖေ ဒီလိုလား၊ မကျန်းမမာဖြစ်နေလျှင် ဆေးဝါးကုသပြုစု ကျန်းမာလာအောင် ပြုစုပေးရမယ့်အစား တွင်းထဲထည့် မြှုပ်သတ်လိုက်မယ်ဆိုတဲ့ အဖေတို့ အကြံအစည်ဟာ ရက်စက်ကြမ်းကြုတ်လှပါကလား" လို့ ပြောပြီး အဖေလက်ထဲက ပေါက်တူးကို ဆွဲယူကာ မနီးမဝေး တစ်နေရာမှာ တွင်းတစ်တွင်း သွားတူးနေသတဲ့ကွဲ့။

ဒီအခါ အဖေလူနုံကြီးက သားအနီးသွားပြီး "သား... ဘာလုပ်ဖို့ တွင်းတူးနေတာလဲ" လို့ မေးတဲ့အခါ ...

သားကလေးက "အဖေတို့လုပ်တာကိုကြည့်ပြီး သားလုပ်တာပဲ။ အိုကြီး အိုမ ရောဂါဒဏ်ခံနေရရှာတဲ့ အဖေကို သားက ဆေးဝါးကုသ ပြုစုမပေးဘဲ တွင်းထဲ ထည့်မြှုပ်သတ်ပစ်လိုက်တာ ငါတို့အမျိုးရဲ့ အလေ့အထလမ်းစဉ်ပါလားဆိုတာ သား သိရတဲ့ အတွက် ဒီလမ်းစဉ်အတိုင်း ကျင့်သုံးဖို့ ကျွန်တော်လဲ ကြီးလာ၊ အရွယ်ရောက်လာရင် အိမ်ထောင်ပြုပြီး အိုမင်းနေပြီဖြစ်တဲ့ အဖေ့ကို မြှုပ်သတ်ဖို့ တွင်းတူးတာပါ"လို့ ပြန်ပြောလိုက်သသတဲ့ကွဲ့။

"ကဲ... မှတ်ကရော၊ ကောင်းတယ်၊ အားကြီးကောင်းတယ်"

"ဒီအခါ လူနုံအဖေကြီးဟာ အံ့အားကြီးသင့်ပြီး... "

"ဟင်... သား၊ သားဟာ အဖေချစ်တဲ့သား ဖြစ်ပါလျက်နဲ့ အဖေ့ကို နှိပ်စက်ထိပါး ကြမ်းတမ်းတဲ့စကားတွေ ပြောနေတာဟာ အဖေအကျိုးမဲ့ကို လိုလားလို့ပေါ့"လို့ ပြောသတဲ့။

ဒီတော့သားလေးက "အဖေထင်သလို မဟုတ်ပါဘူးအဖေ။ သားဟာ အဖေ့အကျိုးစီးပွားကို အများကြီးလိုလားပါတယ်။ မိဘကို ပြစ်မှားတဲ့ သားသမီးများဟာ သေလျှင် အပါယ်ငရဲကို ကျိန်းသေ ရောက်ရပါတယ်။ ဒါကြောင့်... အဖေ အပါယ်မကျအောင် သား အဖေ့ကို ကယ်ဆယ်တာပါ"လို့ ပြောသတဲ့။ ဒီတော့မှ အဖေလူနုံကြီးဟာ သဘောပေါက်သွားပြီး "ဟုတ်ပါတယ် သားရယ်၊ သားဟာ အဖေ့ကျေးဇူးရှင်ပါပဲ၊ အဖေ့အကျိုးစီးပွားကို လိုလားတဲ့ သားပါပဲ။ သားသာမကယ်ရင် အဖေဟာ ကံကြီးထိုက်ပြီး အပါယ်ငရဲကျမှာ သေချာပါတယ်"လို့ ပြောသတဲ့။

အဲဒီနောက် သားအဖ မြေးအဖိုး သုံးဦးတို့ဟာ ပျော်ပျော်ရွှင်ရွှင် လှည်းယာဉ်ကလေးစီးပြီး အိမ်ပြန်သွားကြကာ စိတ်ထားယုတ်ညံ့လှတဲ့ မယားကို ရိုက်နှက်ထုထောင်းကာ အိမ်က မောင်းချလိုက်ကြပါသတဲ့။

"ပုံပြင်ကလေးကတော့ ဒါပါပဲကွာ"

"ဟင်... ဦးဦးကလဲ အဖေထက် သားက တစ်လကြီးတယ်ဆိုတာလဲ မပါ,ပါလား"

"အဲဒါက မင်းတို့အတွက် တစ်ကွက်ချန်ထားတာလေကွာ။ ပုံပြင်ကို သေသေချာချာဖတ် ပြန်စဉ်းစားလျှင် သားက တစ်လကြီးတာ မင်းတို့ တွေ့ရပါလိမ့်မယ်။ ဒီစာအုပ် တစ်နေရာမှာ အဖြေကိုတွေ့ရလိမ့်မယ်... ကြည့်ပါ"

\+ + +

**သားတစ်လကြီး ပုံပြင်မှအဖြေ**

အဖေက နံ့အ၊ ထုံထိုင်း၊ အသိဉာဏ်နည်း ပညာမဲ့လို့ မယားမိုက်ပြောတဲ့အတိုင်း လိုက်လုပ်တာ။ သားက အလိမ်အမာ၊ ဉာဏ်ပညာရှိလို့ အဖေ့ကို မြှုပ်သတ်ဖို့ တွင်းတူးပြပြီး ဆုံးမတာတွေဟာ အဖေထက် သားက တစ်လကြီးပုံတွေပေါ့ကွယ်။

သည်နေရာမှာ ကြီးတယ်ဆိုတာ အသက်ကြီးတာကို ပြောတာမဟုတ်ဘူး။ အသိဉာဏ်ပညာကြီးတာကို ဆိုလိုတယ်ဆိုတာ နားလည်ကြဖို့ပေါ့ကွာ။

\+ + +



ပညာကြီးသောဘုရင်ကလေး

# ပညာကြီးသော ဘုရင်ကလေးအကြောင်း

"သားတို့ သမီးတို့ ရောက်လာကြပြီလားဟေ့"

"ဟုတ်ကဲ့ဦးဦး။ ရောက်လာကြပါပြီ"

"ဘယ့်နှယ်လဲကွယ့်။ သားတို့ သမီးတို့တွေ ပုံပြင်နားထောင်ရတာ မပျင်းကြသေးဘူးလား"

"မပျင်းကြသေးပါဘူး။ အများကြီး ဆက်နားထောင်ချင်ပါသေးတယ်"

"သားတို့ သမီးတို့တွေ ဉာဏ်ရည် ဉာဏ်သွေးရောတော်တော်တိုးတက် ထက်မြက်လာကြရဲ့လား"

"ထက်မြက်တယ် ထင်ပါတယ် ဦးဦး"

"ထက်, မထက် သိရအောင် ဦးဦးစမ်းကြည့်မယ်။ အစမ်းခံနိုင်ကြပါ့မလား။ 'သခင်မသုံး ထားတုံး' ဆိုတဲ့ စကားရှိတယ်ကွယ့်။ ထား (ဓား)များဟာ သခင်က အသုံးမပြုဘဲထားရင် မသွေးတာ၊ မခတ်တာနဲ့ သံချေးတက်၊ တုံးပေသွားတတ်သလို ဉာဏ်ဟာလဲ မစဉ်းစားဘဲထားရင် မထက်မြက်တော့ဘဲ ထုံထိုင်းသွားတတ်တယ်တဲ့။ ဒါကြောင့် ဦးဦးက သားတို့ သမီးတို့ ဉာဏ်ကလေးတွေ ထက်မြက်လာအောင် သွေးပေးလိုက်ချင်တာ"

"ကောင်းပါပြီ ဦးဦး၊ စမ်းကြည့်ပါ"

"ဒါဖြင့်ရင် ဒီနေ့ သားတို့ သမီးတို့ကို ပြဿနာ (၁၄)ချက်ပေးလိုက်မယ်။ အဲဒါ သားတို့ သမီးတို့ စဉ်းစားဖြေဆိုထားကြ။

ပြီးဒီစာအုပ်ရဲ့ တစ်နေရာမှာ ဦးဦးရဲ့အဖြေနဲ့ တိုက်ဆိုင်ကြည့်ပါ။ အဲဒီအခါ သားတို့ သမီးတို့ ဉာဏ်ပညာ ဗဟုသုတ ဘယ်လောက်တိုးတက် ထက်မြက်လာတာယ်ဆိုတာ သိရပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

* * *

## ပြဿနာ (၁၄) ချက်

ရှေးက အလွန်ငယ်ရွယ်ပြီး ဉာဏ်ပညာထက်မြက်တဲ့ ဘုရင်ကလေးတစ်ပါး ရှိသတဲ့။

အဲဒီ ဘုရင်ကလေး ရှင်ဘုရင်ဖြစ်တဲ့အခါ ဘုရင်လေးရဲ့ ခမည်းတော် ဘုရင်ကြီးလက်ထက်က အမတ်ကြီး ဂါမဏိစန္ဒဟာ ငယ်ရွယ်တဲ့ဘုရင်ကလေးထံ အမှုတော်မထမ်းလိုတဲ့အတွက် တောရွာဆစ်ရွာသွားပြီး လယ်ယာလုပ်ကိုင် စားသောက်နေထိုင်သတဲ့။

အဲဒီအခါ အမတ်ကြီးဟာ ပြဿနာ (၁၄) ရပ်နဲ့ တွေ့ရတော့တာပဲ။ အဲဒီ ပြဿနာ (၁၄)ရပ် ကတော့ ......

၁။ တစ်နေ့မှာ ဂါမဏိစန္ဒဟာ မိတ်ဆွေတစ်ဦးထံက နွားနှစ်ကောင်ငှား လယ်ထွန်ပြီး နွားရှင်ထံ နွားတွေပြန်အပ်ဖို့လာခဲ့ရာ နွားရှင်လင်မယားတို့ ထမင်းစားနေတာနဲ့ အနှောင့်အယှက် မဖြစ်စေလိုတဲ့အတွက် ဘာမှ မပြောတော့ဘဲ နွားတွေကို ခြံထဲမောင်းသွင်းထားခဲ့သတဲ့။

ညကျတော့ နွားတွေကို သူခိုးက ခိုးသွားပါလေရော။ ဒီအခါ နွားရှင်ဟာ သူခိုးခိုးသွားမှန်းသိသားနဲ့ ဂါမဏိထံ အလျော်တောင်းမယ်ဆိုပြီး သွားတောင်းတဲ့အခါ အငြင်းပွားကြတော့တာပဲ။ နွားပြန်ပေးပြီးပြီ၊ ပြန်မပေးရသေးဘူး စသည် ဖြင့်ပေါ့ကွာ။

ဒီအခါ နွားရှင်က "တရားစွဲမယ်၊ မင်းထံလိုက်ခဲ့"ဆိုပြီး ကျောက်စရစ်ခဲကလေး ပစ်ချကာ၊ မင်းတမန်ပဲလို့ ဆိုလိုက် တာနဲ့ ဂါမဏိ မင်းထံ လိုက်သွားရသတဲ့။

"အဲဒီအခါတုန်းက ခုခေတ်လို အမိန့်ဆင့်စာတွေ ဘာတွေ ထုတ်နေဖို့ မလိုဘူး။ ခုလို ကျောက်စရစ်ခဲလေးဖြစ်ဖြစ်၊ အိုးခြမ်းကွဲကလေးဖြစ်ဖြစ် ပစ်ချပြီး ဒါသင့်ကို ဆင့်ခေါ်တဲ့ မင်းတမန်ပဲဆိုရင် လိုက်ရတယ်။ မလိုက်ရင် မင်းဒဏ်သင့် သတဲ့"

"ခုခေတ်လို မရှုပ်ဘူး။ တကယ်ရှင်းတယ်နော် ဦးဦး"

"အေး အဲဒီခေတ်က လူတွေဟာ တော်တော်ရိုးသား သစ္စာ တရား ရှိကြတယ်ဆိုရမှာပေါ့ကွယ်။

"အဲ...ခုပြောတာ ပြဿနာတစ်ရပ်ကွယ့်၊ မှတ်ထားကြ"

၂။ ဂါမဏိစန္ဒနဲ့ နွားရှင်တို့ သွားကြရာ လမ်းမှာဆာလောင် ကြတာနဲ့ ရွာငယ်တစ်ခုရှိ ဂါမဏိရဲ့မိတ်ဆွေအိမ် ဝင်ကြတဲ့ အခါ မိတ်ဆွေမရှိခိုက်ဖြစ်နေတာနဲ့ အိမ်ရှင်မက ပျူပျူငှာငှာ ထမင်းချက်ဖို့ဆိုပြီး လှေကားထောင် စပါးကျီပေါ်အတက်မှာ

ခြေချော်ကျပြီး ၇...လရှိတဲ့ ကိုယ်ဝန်ပျက်ကျသွားပါလေရော တဲ့ကွာ။

ဒီအခိုက် အိမ်ရှင်ယောကျ်ား ရောက်လာပြီး "ငါ့မယားကို ရိုက်နှက်ကာ ကိုယ်ဝန်ပျက်ကျစေတယ်၊ တရားစွဲမယ်လိုက်ခဲ့" လို့ ခေါ်သွားပြန်ပါရောတဲ့။

အဲဒီလို ဂါမဏိကိုတရားလိုနှစ်ယောက် ညှပ်ပြီးခေါ်အသွား လမ်းမှာ မြင်းထိန်းတစ်ယောက်က ထွက်ပြေးသွားတဲ့သူ့မြင်း ကို ပြန်လှည့်လာအောင် မတတ်နိုင်တာနဲ့ "ဦးကြီးဂါမဏိ၊ တစ်ခုခုနဲ့ပစ်ပြီး မြင်းကိုဒီဘက်ပြန်လှည့်လာအောင် လုပ်ပေး ပါ"ဆိုတာနဲ့ ဂါမဏိက ကျောက်ခဲနဲ့ပစ်လိုက်တာ မြင်းခြေ ကျိုးသွားပြန်ပါရော။

ဒီအခါ မြင်းထိန်းက "သူ့မြင်းခြေချိုးပစ်တယ် တရားစွဲမယ်" ဆိုပြီး ခေါ်တာနဲ့ ဂါမဏိခမျာ လိုက်သွားရပြန်ပါရော။

၄။ အဲဒီ တရားလိုသုံးဦးနဲ့ ဂါမဏိတို့သွားကြစဉ် ဂါမဏိက စဉ်းစားတယ်။ ဒုက္ခမှ အကြီးအကျယ် ဒုက္ခပဲ။ ငါ့မှာ နွားဖိုး၊ မြင်းဖိုး၊ ကိုယ်ဝန်ဖိုး ဘာဖိုးမှ လျော်စရာမရှိဘူး။ ရှင်ဘုရင်ဆီ ရောက်ရင် သေဖို့ပဲရှိတော့တယ်။ ဒီငတော့ မထူးတော့ဘူး။ စောစောစီးစီး ကိုယ့်ကိုကိုယ် သတ်သေလိုက်တာပဲ အေးတယ် လို့ စိတ်ကူးပြီး...

"ဟိုဘက်နားသွား ကျင်ငယ်လေး ဘာလေးစွန့်ပါရစေ"လို့ ပြောကာ ကပျာကရာ တောင်ပေါ်တက် ချောက်ထဲဘက်ခုန်ချ

လိုက်တာ ချောက်ထဲမှာ ဖျာရက်နေတဲ့ သားအဖနှစ်ယောက် အပေါ်ကျပြီး အဖေကြီးဟာ သေသွားပြန်ပါရောတဲ့။ ဒါနဲ့ သားဖြစ်သူက "သူ့အဖေသတ်တယ်၊ တရားစွဲမယ်"ဆိုပြီး ခေါ်သွားပြန်ပါရောတဲ့ကွာ။

"တော်တော်ကံဆိုးတဲ့ ဦးဂါမဏိကြီးပဲနော်။ သနားစရာပဲ"

"အေး ...... လောကကြီးဟာ ဒီလိုပဲကွယ့်။ အဆင်မပြေချင် ဘူးဆိုမှဖြင့် ဆက်ကာဆက်ကာ မလိုအပ်တာတွေ ဖြစ်လာတတ် တာပဲ။ ဒါပေမယ့် အဲဒီလို အဆင်မပြေမှုတွေရဲ့အဆုံးမှာ ကိုယ်ချမ်းသာစရာ၊ စိတ်ချမ်းသာစရာကလေးတွေလဲ ဖြစ်လာ တတ်တယ်။ စိတ်ဓာတ်တော့ မကျရဘူးကွယ့်"

၅။ ခုလို တရားလိုလေးယောက်နဲ့ သွားကြရာ ရွာစားတစ်ယောက် က ဂါမဏိ၊ မင်းထံသွားမယ်ဆိုတာ သိတာနဲ့ ဂါမဏိထံ ချဉ်းကပ်ပြီး "ဦးရီးဂါမဏိ၊ ကျွန်ုပ်ဟာ ရှေးအခါက အဆင်းလှ ပါတယ်၊ ဥစ္စာပေါပါတယ်၊ ရောဂါကင်းပါတယ်။ ခု ဒီလို မဟုတ်တော့ပါဘူး။ အဲဒါ ဘာကြောင့်လဲဆိုတာ ပညာရှိမင်းထံ လျှောက်ထားပြီး ကျွန်ုပ်ထံ အကြောင်းပြန်ကြားပေးပါ"လို့ မှာလိုက်ပါသတဲ့။

၆။ ရှေ့ဆက်သွားရင်းနဲ့ ရွာတစ်ရွာရောက်တဲ့အခါ ပြည့်တန်ဆာမ တစ်ဦးက "ဦးရီးဂါမဏိ၊ ကျွန်ုပ်မှာ ရှေ့အခါက လာဘ်လာဘ အလွန်ပေါများပါတယ်။ အခု အလွန်ရှားပါး နွမ်းနယ်ပါတယ်။ အဲဒါ ရှင်ဘုရင်ထံ လျှောက်ထားပြီး အကြောင်းပြန်ကြားပေးပါ"

၇။ နောက်တစ်ရွာရောက်တဲ့အခါ မိန်းမပျိုတစ်ဦးက "ကျွန်ုပ်ဟာ ယောက်ျားအိမ်မှာလည်းကောင်း၊ မိဘအိမ်မှာလည်းကောင်း အတည်တကျ မနေနိုင်ပါ။ အဲဒါ ဘာကြောင့်ပါလဲ မေးလျှောက်ခဲ့ပါ"

၈။ တောင်ပို့တစ်ခုမှမြွေက "ကျွန်ုပ်အစာရှာထွက်တဲ့အခါ ကိုယ်ခန္ဓာသေးငယ်ပါလျက် ခက်ခက်ခဲခဲ ကြပ်ကြပ်တည်းတည်း ထွက်ရပါတယ်။ အစာစားပြီး တွင်းထဲပြန်အဝင်ကျတော့ ကိုယ်ခန္ဓာကြီးလာပါလျက် ချောင်ချောင်ချိချိ ဝင်နိုင်ပါတယ်။ အဲဒီအကြောင်း မေးလျှောက်ခဲ့ပါ"

၉။ သမင်တစ်ကောင်က "တစ်ခြားနေရာမှာ မြက်မစားနိုင်ပါ။ တစ်ခုသော သစ်ပင်ရင်းမှာသာ စားနိုင်ပါတယ်"

၁၀။ ခါတစ်ကောင်က "တစ်ခုသော တောင်ပို့ခြေရင်းမှာနေပြီး တွန်မှ နှစ်သက်ဖွယ် သာသာယာယာ တွန်နိုင်ပါတယ်။ တခြားနေရာမှာနေပြီး ဒီလို မတွန်နိုင်ပါဘူး"

၁၁။ ရုက္ခစိုးနတ်တစ်ဦးက "ရှေးက ပူဇော်သက္ကာရ လာဘ်လာဘများစွာ ရခဲ့ပါတယ်။ ယခု မရပါဘူး"

၁၂။ နဂါးမင်းက "ရှေးက ဒီရေကန်ဟာ ရေကြည်ပါတယ်။ ယခု ရေနောက်ရုံမကဘူး အမှိုက်သရိုက်တွေ မှော်တွေလဲ အင်မတန် များပါတယ်"

၁၃။ ရသေ့တစ်ဦးက "ရှေးက ဒီအရပ်မှာ သစ်သီးကြီးငယ်တွေဟာ အင်မတန်ချိုပါတယ်။ ယခု အရင်လို မချိုပါ"

၁၄။ ပုဏ္ဏားတစ်ယောက်က "ရှေးအခါက သင်ထားတဲ့ဗေဒင်တွေဟာ မမှန်ပါဘူး။ ယခုအခါ အဲဒီဗေဒင်တွေဟာ ညအခါ ရွတ်အံ သရဇ္ဈာယ်ပါလျက် တချို့မမှန်ကန်ပါတယ်။ အဲဒါ ဘာကြောင့်ပါလဲဆိုတာ မေးလျှောက်ခဲ့ပါလို့" မှာလိုက်ကြပါသတဲ့။

ဦးကြီးဂါမဏိနဲ့ တရားလိုလေးဦးသားတို့ဟာ အဲဒီပြဿနာတွေကိုယူကာ ပညာရှိမင်းကလေးထံ သွားရောက်ကြပြီး တရားလိုလေးဦးတို့က တရားစွဲဆိုကြပါသတဲ့။

"ပညာရှိ ရှင်ဘုရင်ကလေးက တရားလိုတွေတင်ပြစွဲဆိုတဲ့ အမှုကို လက်ခံကြားနာပြီး ခုလိုစစ်ဆေးစီရင် ဆုံးဖြတ်ပေးလိုက်သတဲ့ကွယ်"

"ဘယ်လို ဆုံးဖြတ်ပေးလိုက်သလဲ ဦးဦး"

"ပြောပြီးပြီကောကွယ့်၊ စောင့်ကြည့်ပါလို့"

"အား... ဟုတ်သားပဲ။ တောင်းပန်ပါတယ် ဦးဦး"

\+ \+ \+

# စေတနာ ဝေဒနာဖြစ်ရတဲ့ သနားစရာမြည်းကလေး

"ဦးဦး၊ ဟောဒီဖိုးဆော့ဟာ ဆော့ရုံသာမဟုတ်ဘူး။ ကိုယ့်အရာ မဟုတ်တာ ကိုယ်နဲ့မဆိုင်တာကိုလဲ ဝင်ဝင်လုပ်တတ်တယ်။ ဘာစ်နေ့ ဒုက္ခတွေ့မယ်"



စေတနာ ဝေဒနာဖြစ်ရတဲ့ သနားစရာမြည်းကလေး

"ငါက ဘာလုပ်လို့လဲ"

"ဘာလုပ်ရမလဲ။ တစ်နေ့က ဦးလေးကြီးတစ်ယောက် မနိုင့်တနိုင်နဲ့ ဆန်အိတ်ကြီးမ,နေတာ မနေနိုင် မထိုင်နိုင် သူကဝင်ကူမ, တော့ လွတ်ကျပြီး ကံကောင်းလို့ သူ့ကို မပိမိတာ မဟုတ်လား"

"အေး ... ဟုတ်တာပေါ့။ ကိုယ်နဲ့မတန်တဲ့အလုပ် ကိုယ်နဲ့ မဆိုင်တဲ့အလုပ်ကို ဝင်မလုပ်ရဘူးကွယ့်။ ကူညီလိုတဲ့ စေတနာကို ချီးကျူးရပေမယ့် အဆင်မပြေတဲ့အခါ အဲဒီစေတနာဟာ ဝေဒနာဖြစ် သွားပြီး ကိုယ့်ကို ဒုက္ခပေးတတ်တယ်။

"မင်းတို့ မကြားဖူးဘူးလား၊ ဟို...သနားစရာကောင်းတဲ့ မြည်းကလေးအကြောင်း"

"ဘယ်မြည်းကလေးလဲ ဦးဦး။ သားတို့ မကြားဖူးသေးဘူး။ ပြောပြပါလား"

"အေး... ပြောပြမယ်။ နားထောင်ကြနော်"

ဟိုရှေးရှေးတုန်းက တော်တော်စည်ကားတဲ့မြို့တစ်မြို့မှာ ခဝါသည်တစ်ယောက် ရှိသတဲ့။

သူဟာ ညတစ်ညမှာ နပျိုလုပ ချစ်သက်စရာကောင်းလှတဲ့ ဇနီးသည်ကလေးနဲ့အတူ အချိန်အကြာကြီး၊ အိပ်ရာမှာ အတူယှဉ်တွဲ နေထိုင်ကြပြီးနောက် အိပ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်မော ကျသွားပါသတဲ့။

အဲဒီအချိန် သူခိုးတစ်ယောက်ဟာ ပစ္စည်းဥစ္စာကို ခိုးမယ့် အကြံနဲ့ အိမ်ထဲကို ဝင်လာသတဲ့။

ဒီလိုဝင်လာတာကို အိမ်မှာ မွေးထားတဲ့ခွေးရော၊ အိမ်ဝင်းခြံထဲမှာချည်ထားတဲ့ မြည်းကလေးရော မြင်သတဲ့"

"မြည်းဆိုတာ ဘာလဲဦးဦး၊ မြင်းပဲလား၊ တစ်မျိုးလား"

"မြင်းမဟုတ်ဘူးကွယ့်။ သူက တစ်မျိုး၊ မြင်းနဲ့ခပ်ဆင်ဆင်တော့တူတယ်။ သူက ကျောက်ကုန်းပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေတင်ပြီး သယ်ယူပို့ဆောင်ပေးတဲ့အကောင်။ သူ့ကို လားလို့လဲခေါ်တာပေါ့ကွယ်"

အဲဒီလို သူခိုးကိုမြင်တော့ မြည်းကလေးက ခွေးကိုပြောတယ်။ "အဆွေခွေး၊ ဟိုမှာ သူခိုးဝင်နေတာ မြင်တယ်မဟုတ်လား။ ဒီကိစ္စ သင်တာဝန်ယူရမယ့် ကိစ္စပဲ။ ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်နိုးအောင် သင်ဘာဖြစ်လို့ မဟောင်ဘဲ နေရတာလဲ"

"အသာနေပါ အဆွေမြည်းရာ။ ဒါက ကျွန်ုပ်ကိစ္စ၊ သင်နဲ့မဆိုင်ပါဘူး။ သင်အနေသာကြီးပါ"

"ကျွန်ုပ်ဟာ ဒီသခင်ရဲ့အိမ်ကို နေ့ရောညပါ စောင့်ရှောက်လာခဲ့ပါတယ်။ ကျွန်ုပ်ဒီလို စောင့်ရှောက်လာလို့ ဒီအိမ်ရှင်သခင်ဟာ ဘေးမသီ ရန်မခ ချမ်းချမ်းသာသာနဲ့ အကြာကြီး နေလာခဲ့တာ သင်အသိပါ။

"ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်ဟာ ဒီလိုကျွန်ုပ်စောင့်ရှောက်လာခဲ့တဲ့ကျေးဇူးကို မသိတတ်ဘဲ အခုအစာကျွေးတာတောင် အရင်ကလို ဂရုတစိုက် မရှိတော့ဘူး။ ခုအခါ ကျွန်ုပ် မဝရေစာ စားနေရတာ အဆွေမြည်း အမြင်ပါပဲ။

"အလကားပါ ဒီအရှင် သခင်တွေဟာ သူတို့မှာ အန္တရာယ် ကျရောက်တဲ့အခါ အကာအကွယ်ယူတဲ့အခိုက်လောက်သာ ကျွန်ုပ် တို့လို အစေအပါး အခစားတွေကို ဂရုစိုက်ရမှန်း သိတာပါ"လို့ ခွေးက ပြန်ပြောသတဲ့။

ဒီအခါ မြည်းက "ဟယ်မိုက်ခွေး နားထောင်စမ်း၊ အမှု ကိစ္စ ပြုလုပ်ရမယ့်အခါ စေတနာနဲ့ မဟုတ်၊ ဥစ္စာကို လိုချင်တောင့်တ တာ ဘယ်လို အခစားမျိုးလဲ"

"ဒီလိုဆို၊ ကျွန်ုပ်ကလဲ ပြန်ပြောရပါလိမ့်မယ်။ လုပ်သင့်တဲ့ အလုပ်ကို လုပ်တဲ့အခါ အစားအစာကို ဝဝလင်လင် ကျွေးခြင်း စသည်ဖြင့် မချီးမြှောက်တာဟာ ဘယ်လိုအရှင်သခင်မျိုးလဲ။ ပြောပါ ဦးလို့ ခွေးက ပြန်ပြောသတဲ့"

"မြည်းနဲ့ခွေးက တော်တော်ပြောတတ်ကြတာပဲနော်"

"အေး... ပြောတတ်ကြပေါ့ကွာ။ သူတို့လဲ သူတို့နဲ့တန် သလောက် အသိဉာဏ် သဘောပေါက်ကြသေးတာပေါ့။ သတ္တဝါ မှန်သမျှ ကိုယ့်ဖို့တော့ ကိုယ်သိတတ်တာပေါ့"

ဒီအခါ မြည်းက ဒေါသတကြီးနဲ့ "ဟေ့ စိတ်ထားယုတ်မာတဲ့ ခွေးသတ္တဝါ၊ ကိုယ့်အရှင်သခင်မှာ အန္တရာယ်ကျရောက်တဲ့အခါ ကာကွယ်ပေး ဖော်တောင် မရတာလောက် ယုတ်ညံ့တာ ဘယ်မှာရှိ တော့မှာလဲ။

"ရှိစေကော့ ငါ့အလုပ် မဟုတ်ပေမယ့် အရှင်သခင်နိုးလာ အောင် ငါပဲလုပ်တော့မယ်"ဆိုပြီး သခင်နိုးအောင် တအားကြီး ကျယ်ကျယ်လောင်လောင် အော်လိုက်ပါသတဲ့ကွယ်။

ဧနီးချောကလေးနဲ့ ကလူကျီစယ်ပြီးတဲ့နောက် တအားကြီး အိပ်မောကျနေတဲ့ ခဝါသည်ဟာ မြည်းအော်သံကြောင့် အိပ်ရာနိုး လာပြီး အအိပ်ပျက်သွားတဲ့အတွက် ဒေါသထွက်ကာ အိပ်ရာကထ လာပြီး တုတ်တစ်ချောင်းယူကာ 'အော်ဦးဟ မြည်း' ဆိုပြီး တုတ်ကြီး နဲ့ တအားရိုက်ချလိုက်တာ မြည်းကလေးခမျာ အဲဒီနေရာမှာပဲ အသက်ထွက် သွားပါရောတဲ့ကွယ်"

"ဟယ်... မြင်းကလေး သနားစရာကောင်းလိုက်တာနော်"

"အေးဟာ... သနားစရာပဲ။ အိမ်ရှင်ခဝါသည်ဟာ ဒါလောက် တောင် မိုက်တွင်းနက်ရသလား"

"ဒီလိုလဲ မပြောကြနဲ့ကွယ့် ခွေးဟောင်ရမယ့်နေရာမှာ မဆီမဆိုင် မြည်းဝင်အော်တော့ သူ့အနေနဲ့ မြည်းဟာ သက်သက်သူ့ကို အနှောက်အယှက် ပေးတယ်လို့ ထင်စရာဖြစ်နေတာပေါ့။ အကြောင်း မှန် သိရင်တော့ ခဝါသည်ဟာ သူ့မြည်းကလေးသူ ဘယ်ရိုက်ရက် ပါ့မလဲ။

"ဒါကြောင့် ကိုယ်နဲ့မဆိုင်တဲ့နေရာမှာ အရမ်းဝင်မလုပ်နဲ့။ အရမ်းဝင် မပါနဲ့ **'ခွေးအလုပ် မြည်းဝင်လုပ်လို့ ဝါးရင်းတုတ်နဲ့ နားရင်းအုပ်ခံရသလို ဖြစ်နေမယ်'** ဆိုတဲ့ စကားပုံလေးတောင် ရှိနေ တာပေါ့။ သားတို့ သမီးတို့လဲ သတိထားကြနော်"

"ဟုတ်ကဲ့ဦးဦး၊ သတိထားပါမယ်"

\+ + +



ကုန်းတိုက်သမားအပါယ်လား

ဒီလိုဝင်လာတာကို အိမ်မှာ မွေးထားတဲ့ခွေးရော၊ အိမ်ဝင်းခြံထဲမှာချည်ထားတဲ့ မြည်းကလေးရော မြင်သတဲ့။

"မြည်းဆိုတာ ဘာလဲဦးဦး၊ မြင်းပဲလား၊ ထစ်မျိုးလား"

"မြင်းမဟုတ်ဘူးကွယ့်။ သူက တစ်မျိုး၊ မြင်းနဲ့ခပ်ဆင်ဆင်တော့တူတယ်။ သူက ကျောက်ကုန်းပေါ်မှာ ဝန်ထုပ်ဝန်ပိုးတွေတင်ပြီး သယ်ယူပို့ဆောင်ပေးတဲ့အကောင်။ သူ့ကို လားလို့လဲခေါ်တာပေါ့ကွယ်"

အဲဒီလို သူခိုးကိုမြင်တော့ မြည်းကလေးက ခွေးကိုပြောတယ်။ "အဆွေခွေး၊ ဟိုမှာ သူခိုးဝင်နေတာ မြင်တယ်မဟုတ်လား။ ဒီကိစ္စ သင်တာဝန်ယူရမယ့် ကိစ္စပဲ။ ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်နိုးအောင် သင်ဘာဖြစ်လို့ မဟောင်ဘဲ နေရတာလဲ"

"အသာနေပါ အဆွေမြည်းရာ။ ဒါက ကျုပ်ကိစ္စ၊ သင်နဲ့မဆိုင်ပါဘူး။ သင်အနေသာကြီးပါ"

"ကျုပ်ဟာ ဒီသခင်ရဲ့အိမ်ကို နေ့ရောညပါ စောင့်ရှောက်လာခဲ့ပါတယ်။ ကျုပ်ဒီလို စောင့်ရှောက်လာလို့ ဒီအိမ်ရှင်သခင်ဟာ ဆားမသိ ရန်မခ ချမ်းချမ်းသာသာနဲ့ အကြာကြီး နေလာခဲ့တာ သင်အသိပါ။

"ဒီလိုဖြစ်ရက်သားနဲ့ အိမ်ရှင်ဟာ ဒီလိုကျုပ်စောင့်ရှောက်လာခဲ့တဲ့ကျေးဇူးကို မသိတတ်ဘဲ အခုအစာကျွေးတာတောင် အရင်ကလို ဂရုတစိုက် မရှိတော့ဘူး။ ခုအခါ ကျုပ် မဝရေစာ စားနေတော့ အဆွေမြည်း အမြင်ပါပဲ။

အဲဒီလင်မယားဟာ ချစ်ချစ်ခင်ခင်ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေကြသတဲ့။

အဲဒီလို နေကြတာကို ဘေးအိမ်က စိတ်ကောင်းမရှိတဲ့ မိန်းမတွေက မနာလိုမရှုစိမ့်ဖြစ်ပြီး အဲဒီလင်မယား အကွဲကွဲအပြားပြား ဖြစ်သွားအောင်လုပ်ဖို့ အခွင့်ကောင်းကို ချောင်းနေကြသတဲ့။

"ဒီလို သူများတွေ ကိုယ်စိတ်ဆင်းရဲအောင် ပျက်စီးအောင် လုပ်တာတော့ မကောင်းဘူးပေါ့နော် ဦးဦး"

"အဲဒီလိုနေကြတုန်း တစ်နေ့ တစ်နေရာမှာ ယောကျ်ား (အညာသား)နဲ့ အတွေ့မှာ ......

"ဒီမှာရှင့်၊ ရှင့်မိန်းမဟာ စုန်းမ ရှင်သိရဲ့လား"

"ဟာ...မဟုတ်တာရတ်၊ ကျုပ်မိန်းမ ဘယ်ကလာ စုန်းမရမှာလဲ။ ကျုပ်မိန်းမ တကယ့်သူတော်ကောင်းမဗျ သိရဲ့လား၊ ခင်ဗျားတို့ မဟုတ်တန်းတရားတွေ လာပြောမနေကြနဲ့"

"ရှင်မယုံချင်နေပေါ့၊ ရှင် တစ်နေ့ ဒုက္ခရောက်မှာမြင်လို့ ကျုပ်တို့က လာပြောရတာ၊ ညအစာရှာထွက်တဲ့အခါ ရှင့်ကိုယ်ပေါ် ကျော်ပြီးမှ ထွက်တော့ ရှင်မနိုးတော့ဘူးပေါ့။ မနိုးတော့ ရှင်ဘယ်သိတော့မလဲ" လို့ ပြောကြသတဲ့။

အဲဒီလိုပြောလိုက်တော့ ယောကျ်ားစိတ်ထဲမှာ ငါ့မိန်းမဟာ စုန်းမများ ဖြစ်နေမလားမသိဘူးဆိုတဲ့ ယုံမှားသံသယဖြစ်သွားပြီး ဘေ့အိပ်နေတုန်း သူ့မိန်းမ သူ့ကို ကျော်,မကျော် သိချင်နေသတဲ့။

ဘေးအိမ်က အမျိုးသမီးတွေဟာ ယောက်ျားကို အဲဒီလို ပြောပြီး မိန်းမနဲ့တွေ့တဲ့အခါကျတော့ "ဒီမှာအေ့... ညည်း ယောက်ျားမှာ အမြီးကလေးပါတယ်တော့ သိလား၊ အညာကလာတဲ့ လူတွေက ပြောသွားတယ်"

"ကြဲကြဲဖန်ဖန်တော် ကျုပ်ယောက်ျားမှာ အမြီးကလေးပါ တယ်လို့ ကျုပ်နဲ့ပေါင်းလာတာ ကြာလှပြီ အမြီးကလေးပါတယ်လို့ ကျုပ် မသိပါဘူး"

"ညည်းက စမ်းမှမကြည့်ဘဲ၊ ဘယ်သိမတုန်း၊ သူ့အရပ်က လူတွေက အသေအချာကို ပြောသွားကြတာ။ မယုံ စမ်းကြည့်ပါလား" လို့ ပြောကြပြန်သတဲ့။

ဒီအခါ မိန်းမကလဲ သူတို့ပြောတာ ဟုတ်များ ဟုတ်လေ သလားလို့ ဇဝေဇဝါဖြစ်သွားပြီး သူ့ယောက်ျားမှာ အမြီးကလေး ပါ,မပါ စမ်းကြည့်ချင်နေသတဲ့။

အဲဒီလို တစ်ဦးနဲ့တစ်ဦး စုန်းမလား၊ အမြီးကလေးပါသလားနဲ့ မယုံသင်္ကာဖြစ်ပြီး စမ်းကြည့်ဖို့ အခွင့်အခါ ချောင်းနေကြတုန်း တစ်ညမှာ ယောက်ျားအိပ်ချင်ဟန်ဆောင်နေတာကို မိန်းမက သူ့ ယောက်ျား တကယ်အိပ်နေတယ်အထင်နဲ့ အသာကုန်းတဲ့ပြီး အစမ်း လိုက်၊ ယောက်ျားက သူ့မိန်းမ သူ့ကိုကျော်တယ်ထင်ပြီး လန့်ကန် လိုက်တဲ့အတွက် မိန်းမဟာ အင့်ခနဲ လဲကျသွားရာက ထတဲ့ပြီး "ဟဲ့...အမြီးပေါက်တဲ့ခွေးမျိုး၊ တိရစ္ဆာန်မျိုး" လို့ ဆဲပါရော။

ယောက်ျားကလဲ "ဟဲ့အယုတ်တမာမ၊ စုန်းမ" လို့ ပြန်ဆဲရာ

က ရန်ပွဲကြီးဖြစ်ပြီး လင်မယား အကွဲကြီး ကွဲကြပါရောတဲ့ကွယ်"

"သာယာတဲ့အိမ်ထောင်ကလေး ပြိုကွဲပျက်စီးသွားတာ ဝမ်းနည်းစရာ သနားစရာပေါ့နော် ဦးဦး"

"နှမြောဝမ်းနည်းစရာ၊ သနားစရာပေါ့ကွာ"

"အဲဒီလို နှစ်ဦးသားတို့ အချစ်ပြတ်စဲသွားအောင် ရန်တိုက်ပေးတာကို ကုန်းတိုက်တယ်လို့ ခေါ်တာပေါ့။ ဒါမျိုးမလုပ်ကောင်းဘူးကွယ့်၊ အင်မတန်အပြစ်ကြီးတယ်"

"ငရဲမကြီးဘူးလား"

"ကြီးပြီလားကွာ၊ ဒါလောက် သူတစ်ပါး ကိုယ်ဆင်းရဲ စိတ် ဆင်းရဲ အကျိုးနည်းအောင်လုပ်တဲ့ဟာ ငရဲမှ အများကြီးကို ကြီးတာပေါ့"

"ဘယ်လို ငရဲကြီးတယ်ဆိုတာ ဦးဦးပြောပြပါလား"

"အေး...အေး ပြောပြမယ်၊ နားထောင်။

တစ်ချိန်မှာ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ဂိဇ္ဈကုဋ် တောင်ပေါ်က ဆင်းအလာ တစ်ကိုယ်လုံး အပ်အမွေးရှည်ကြီးတွေ ပေါက်နေတဲ့ ပြိတ္တာကြီးတစ်ကောင်ကို တွေ့ရသတဲ့။ တိရစ္ဆာန်ရုံထဲမှာ တွေ့ရတဲ့ ဖြူးကောင်ကြီးလို နေမှာပေါ့ကွာ။

အဲဒီ အပ်အမွေးရှည်ကြီးတွေဟာ ဒီအတိုင်း ငြိမ်မနေဘဲ အမြဲတမ်း လှုပ်ရှားသွားလာနေကြသတဲ့"

"အပ်အမွေးကြီးတွေက ဘယ်လိုလှုပ်ရှားနေကြတာလဲ ဦးဦး"

"တချို့အမွေးတွေက ခေါင်းထဲစူးဝင် ကိုယ်က ပြန်ထိုးထွက်၊ တချို့က မျက်စိထဲစူးဝင် နားကပြန်ထိုးထွက်၊ တချို့က ဝမ်းဗိုက်ထဲ

စူးဝင် ရင်ဘတ်က ပြန်ထိုးထွက်။ အဲဒီလိုပေါ့ကွာ တစ်ကိုယ်လုံး နေရာအနှံ့အပြားက ပြန်ထိုးထွက်နဲ့ ကွက်လပ်မရှိအောင် အပ်အမွေး ရှည်ကြီးတွေဟာ စူးဝင်ထိုးထွက်နေကြသတဲ့။ ဒီတော့ ပြိတ္တာကြီးဟာ တစ်ခဏလေး မျက်စိတစ်မှိတ်စာကလေးလောက်တောင် ချမ်းသာ ခွင့်မရဘဲ တအားကြီးကို ဆင်းရဲဒုက္ခ ရောက်နေရပါသတဲ့။

ဒီတော့ အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်ကြီးဟာ ဒီပြိတ္တာ သတ္တဝါကြီး ဒီလောက် ကြီးမားတဲ့ ဆင်းရဲဒုက္ခ ခံစားနေရတာ ဘယ်လိုမကောင်းမှုမျိုး ပြုလုပ်ခဲ့မိတာကြောင့်ပါလဲလို့ ရှင်တော် မြတ်ဘုရားကို လျှောက်ထားဝါသတဲ့။

ရှင်တော်မြတ်ဘုရားကြီးက "ချစ်သား...မောဂ္ဂလာန် ဒီပြိတ္တာ သတ္တဝါကြီးဟာ ရှေးလူဖြစ်စဉ်ဘဝက ချစ်ခင်နေကြတဲ့သူနှစ်ဦး အချစ်ပြတ်စဲအောင် ကွဲပြားအောင် ဒါမှမဟုတ်လဲ တစ်စုံတစ်ယောက် အပြစ်ဒဏ်ခံရအောင် ကုန်းတိုက်၊ ရန်တိုက်ခဲ့တဲ့ မကောင်းမှုကြောင့် ဒီလိုပြိတ္တာကြီးဖြစ်ပြီး ဒီလို ဆင်းရဲခြင်းကို ခံစားနေရတာပါပဲလို့" မိန့်ကြားတော်မူပါသတဲ့။

"အဲဒါ ကုန်းတိုက်လို့ ငရဲကြီးပုံပါပဲကွာ။

"ဒါကြောင့် သားတို့ သမီးတို့၊ ဒီလို ကိုယ့်ပြန်ဆင်းရဲဒုက္ခ ရောက်စေမယ့် ကုန်းတိုက်တဲ့အလုပ်၊ သူတစ်ပါး အချစ်ပြတ်စဲ ကွဲပြားစေမယ့်အလုပ်ကို ရှောင်ကြရမယ်နော်"

"ဟုတ်ကဲ့ပါဦးဦး"



## ကိုယ့်အတတ်ကိုယ်စူး

# ကိုယ့်အတတ်ကိုယ်စူး

"ဦးဦး ပြောစရာပုံ ကုန်သွားပြီလား၊ ပုံ မပြောတော့ဘူးလား"

"မကုန်ပါဘူးကွယ်၊ ပုံတွေ အများကြီးရှိပါတယ်။ သားတို့ သမီးတို့နဲ့ တော်မယ့်ပုံကလေးတွေ ရွေးနေရတာနဲ့ တစ်ခါတလေ အချိန် ကြာသွားတာပါ"

"အခု ပုံရပလား၊ ရရင် သားတို့ သမီးတို့ နားထောင်ချင်ပြီ"

"အေး... ပြောမယ် နားထောင်နော်"

ရှေးရှေးတုန်းက ကျီးနဲ့သမင်တို့ဟာ ချစ်ခင်တဲ့ မိတ်ဆွေတွေ ဖြစ်ကြပြီး အတူတူနေကြသတဲ့။

အတူနေတယ်ဆိုပေမယ့် ညဘက်မှာသာ ဆုံမိကြ၊ အတူနေကြတာ။ ကျီးက စကားပင်ပေါ်မှာအိပ်၊ သမင်က စကားပင်ကြီး အောက်မှာ အိပ်ကြပေါ့။

မနက်လင်းတဲ့အခါ ကျီးကလဲ သူ့အစာရနိုင်မယ့် နေရာသွား။ သမင်ကလဲ ရေကြည်ရာ မြက်နုရာ သူ့အစာရနိုင်မယ့် နေရာသွားကြတာပေါ့။

အဲဒီလို အစာရှာသွားကြရာ တစ်နေ့မှာ မြေခွေးတစ်ကောင်ဟာ သမင်ကို တွေ့သွားပါသတဲ့။

## ၄၂ မင်းစိုး (ဟံသာနွယ်)

"ဟော... ဒီပုပြင်ထဲ မြေခွေးပါလာပြန်ပြီ။ ဒီကောင်ပါလာရင် ရှုပ်ဦးတော့မယ်"

"နင်ကလဲ ဒီလို တရားသေကြီးမှတ်မထားနဲ့ဟာ။ ကောင်းချင် လဲ ကောင်းဦးမှာပေါ့"

"ငါတော့ ကောင်းမယ်မထင်ပါဘူးဟာ။ မြေခွေးဆိုတာ ဘယ်တုံးကမျှ ကောင်းခဲ့လို့လဲ။ ဘယ်နှယ့်လဲ ဦးဦး။ ဦးဦး အကောင် ကောင်းမှာလား"

"ငါ့အကောင် မဟုတ်ပါဘူးကွယ်။ နားထောင်ကြည့်ပေါ့။ ကောင်း/မကောင်း သိရအောင်"

အဲဒီလို တွေ့သွားတော့ မြေခွေးက အား... ဝလိုက်တဲ့သမင်ကြီး၊ သူ့အသားကလဲ သိပ်နူးညံ့မှာပဲ။ ဘယ်နည်းနဲ့များ ဒီအသားကို ငါစားရပါ့မလဲ။ အဲ... ဟုတ်ပြီ အကြံရပြီ။ ပထမ မိတ်ဆွေဖွဲ့မယ်။ နောက်မှ လုပ်စရာရှိတာ ဆက်လုပ်မယ်လို့ စဉ်းစားပြီး သမင်ဆီ သွားကာ...

"အဆွေသမင်၊ ကျန်းမာတော်မူပါစ" လို့ နှုတ်ဆက်လိုက်ပါတယ်။ သမင်က "သင်ကဘယ်သူလဲ" လို့ ပြန်မေးတော့ "ကျွန်ုပ်ဟာ မြေခွေးပါ"

"ဒီတောအုပ်ကြီးထဲမှာ အဖော်မိတ်ဆွေတစ်ယောက်မှ မရှိတဲ့ အတွက် သူသေလိုပဲ တစ်ယောက်တည်း နေရပါတယ်။ အခု အဆွေသမင်ဆိုတဲ့ မိတ်ဆွေကို တွေ့ရတဲ့အတွက် အသက်ရှင်နေတဲ့ လောကထဲ ပြန်ဝင်ရသလို ဖြစ်သွားပါတယ်။ ဒီနေ့ကစပြီး အဆွေ

သမင်နဲ့အတူ မခွဲမခွာ အဖော်အဖြစ်နေပါရစေ”လို့ ပြောသတဲ့။

သမင်က ရိုးရိုးကြီးဆိုတော့ “သင်ပြောတဲ့အတိုင်းပါပဲ မိတ်ဆွေ၊ နေကြတာပေါ့”လို့ ပြောသတဲ့။

ဒါနဲ့ ညနေစောင်းကျတော့ သမင်နဲ့မြေခွေးတို့ဟာ သမင်အမြဲနေရာ သစ်ပင်ကြီးရှိရာကို သွားကြသတဲ့။

အဲဒီနေရာမှာ ရောက်နေနှင့်တဲ့ နဂိုမိတ်ဆွေကျီးက သမင်ကို ‘သင်နဲ့ပါလာတာ ဘယ်သူလဲ’လို့ မေးတဲ့အခါ သမင်က ‘မြေခွေးပါ။ ကျွန်ုပ်တို့နဲ့ အတူနေပါရစေလို့ ပြောတာနဲ့ ခေါ်လာတာပါ’လို့ ပြောသတဲ့။

ကျီးက မြေခွေးကို နည်းနည်းမှ သဘောမကျတဲ့အတွက် လက်မခံဖို့ပြောပေမယ့် သမင်က နေပါစေအဆွေကျီးရာ ကျွန်ုပ်တို့ တတွေ ချစ်ချစ်ခင်ခင် အတူတကွ နေကြတာပေါ့လို့ပြောတာနဲ့ ကျီးဟာ သဘောမကျဘဲ လက်ခံလိုက်သတဲ့”

“သမင်က တကယ်နတယ်နော်။ မြွေပွေးခါးပိုက်ပိုက်မိမှန်း သူမသိရှာဘူး။ မြေခွေးဆိုတဲ့အကောင်မျိုးဟာ တကယ်မုန်းဖို့ကောင်းတာ”

ဒီလိုနဲ့ အတူလာနေကြရာ မကြာခင်မှာ မြေခွေးဟာ သူ့အလုပ်ကို စလုပ်တော့တယ်။

“ဘယ်လိုလုပ်သလဲ ဦးဦး”

ဒီလိုကွယ့်၊ တစ်နေ့မှာ မြေခွေးဟာ ကျီးသိသွားရင် သူ့အကြံပျက်မှာစိုးတာနဲ့ ကျီးမမြင်တဲ့နေရာမှာ သမင်ကို “မိတ်ဆွေ ဒီတောကြီး

ထဲ တစ်နေရာမှာ အင်မတန်ကောင်းတဲ့ လယ်ကွင်းကြီးတစ်ခု ရှိတယ်။ အဲဒီမှာသွား အစာစားပါလား ကျွန်ုပ်လိုက်ပြပေးမယ်"လို့ ပြောကာ သမင်ကို ခေါ်သွားပြီး ပြပေးတဲ့အခါ ကောက်ပင်တွေနဲ့ စိမ်းညို့နေတဲ့ လယ်ခင်းကြီးမြင်ရတော့ သမင်ဟာ သဘောကျသွားပြီး ဝမ်းမြောက်ဝမ်းသာ ကောက်ပင်တွေ ဝင်စားပါသတဲ့။

သမင်ဟာ အဲဒီနေ့ကစပြီး နေ့တိုင်း စပါးပင်တွေ ဝင်စားတာ လယ်ရှင်သိသွားတာနဲ့ ဒီသမင်တော့ ဖမ်းမှပဲဆိုပြီး လယ်ကွင်းထဲမှာ ကျော့ကွင်းတွေထောင်ပါလေရော။ မကြာပါဘူး သမင်ဟာ လယ်ရှင်ထောင်ထားတဲ့ ကျော့ကွင်းမှာ မိတာပါပဲ။

ဒီအခါ သမင်ဟာ ငါတော့ကျော့ကွင်းမှာ မိနေပြီ။ ဒီသေမင်းကျော့ကွင်းက လွတ်အောင် ငါ့မိတ်ဆွေကြီး ဇမ္ဗူကမြေခွေးမှတစ်ပါး ဘယ်သူမှ တတ်နိုင်မှာမဟုတ်ဘူးလို့ စိတ်ထဲက တမ်းတရှာသတဲ့။

ဒီအချိန်အတွင်းမှာပဲ ဇမ္ဗူကမြေခွေးဟာ သမင်နားရောက်လာ၊ ကျော့ကွင်းမိနေတာကို ရပ်ကြည့်ပြီး အင်း...... ငါ့လုပ်ငန်းတစ်ဝက်တော့ အောင်မြင်ပြီ။ မကြာခင်မှာပဲ လုံးဝ၊ ၁၀၀ ပြည့်ဝတော့မယ်။ လယ်ရှင်ခုတ်ပိုင်း လှီးဖြတ်ထားတဲ့ အသားအသွေးတွေကပ်ညိနေတဲ့ သမင့်ရိုးကို ငါကျကျနန တဝကြီးစားလိုက်ရတော့မယ်လို့ စဉ်းစားကျေနပ်နေသတဲ့"

"ယုတ်ကန်းလိုက်တဲ့ မြေခွေးနော်"

"အေး...... ဒီလို စဉ်းလဲကောက်ကျစ်တာဟာ မြေခွေးတို့ရဲ့ သဘာဝပဲကွယ့်"

သမင်ဟာ မြေခွေးကို မြင်လိုက်တော့ အားတတ်ရှင်လန်းသွားပြီး "မိတ်ဆွေ၊ ကျွန်ုပ်မှာ ဖွဲ့မိနေတဲ့ကျော့ကွင်းကို ကိုက်ဖြတ်ပေးပါ။ ဒီအနှောင်အဖွဲ့ကလွတ်အောင် အမြန်ဆုံး ကယ်တင်ပေးပါ" လို့ အားကိုးတကြီးနဲ့ တောင်းပန်ရှာသတဲ့။

ဒီအခါ မြေခွေးဟာ ကျော့ကွင်းကို ခပ်မြန်မြန် လှည့်ပတ်ကြည့်ပြီး ကျော့ကွင်းတွေကတော့ အင်မတန်ခိုင်တာပဲ။ ဘယ်လိုမှ ပြတ်နိုင်မှာ မဟုတ်ဘူး။ စိတ်ချရတယ်လို့ စိတ်ကူးလိုက်ပြီး သမင်ကို......

"မိတ်ဆွေ၊ ဒီကျော့ကွင်းတွေဟာ သာမာန်ကျော့ကွင်းတွေ မဟုတ်ဘူး။ သတ္တဝါတွေရဲ့ အကြောတွေနဲ့ လုပ်ထားတာ။ ဒီတော့ အခုလို တနင်္ဂနွေနေ့ကြီးမှာ ဒီအကြောကြိုးတွေကို ဘယ်သူ့သွားနဲ့ ထိဝံ့ပါ့မလဲ။ ကိုက်ဖြတ်ဝံ့ပါ့မလဲ"

"မြေခွေးက ကြီးကျယ်လိုက်တာ။ သူ့တို့မှာ တနင်္ဂနွေနေ့ရယ်လို့ ရှိလို့လား"

"သူတို့အမှတ်အသားနဲ့သူတို့ ရှိလို့ဖြစ်မှာပေါ့ကွာ။ ရှိလို့သာ ပြောတာဖြစ်မှာပေါ့"

မြေခွေးကဆက်ပြီး "ဘယ်လိုမှ မအောက်မေ့ပါနဲ့ မိတ်ဆွေ၊ မိတ်ဆွေ စိတ်မဆိုးဘူးဆိုရင် ဒီကျော့ကွင်းတွေကို နက်ဖြန်မနက် လင်းတာနဲ့ တစ်ပြိုင်နက် ကျွန်ုပ် အမြန်ဆုံး ကိုက်ဖြတ်ပေးပါ့မယ်" လို့ ပြောသတဲ့။

"ဒီလောက် သေရေးရှင်ရေး အရေးကြီးနေတဲ့ကြားထဲမှာ

စနေ တနင်္ဂနွေ ရွေးနေရသေးတယ်လို့ ဒီမြေခွေးယုတ် သက်သက် ညစ်တာပဲ ဦးဦး"

"နဂိုထဲက ဒီအနေရောက်အောင် သူက လမ်းကြောင်းခဲ့ တာပဲ မဟုတ်လားကွ"

ဒီအခါမှာ သုဗုဒ္ဓိကျီးဟာ အချိန်တန်လို့ သမင် ပြန်မရောက်သေးတာနဲ့ စိုးရိမ်ပြီး ဟိုဟိုဒီဒီ လှည့်လည်ရှာဖွေတဲ့အခါ ကျော့ကွင်းမှာ မိနေတဲ့သမင်ကို စိတ်မချမ်းသာစွာနဲ့ တွေ့မြင်ရတာကြောင့် ......

"အဆွေသမင်၊ ဘယ်လိုဖြစ်ရတာလဲ။ ပြောပါဦး"လို့ မေးတဲ့အခါ သမင်က ......

"အဆွေမြင်တဲ့အတိုင်းပါပဲ။ ဒါဟာ အကျိုးစီးပွားကို လိုလားတဲ့ အဆွေကျီးရဲ့စကားကို နားမထောင်မိတဲ့ ကျွန်ုပ်ရဲ့အပြစ်ပါပဲ"လို့ ပြောသတဲ့။

"ဒါဖြင့် သင့်မိတ်ဆွေကြီး မြေခွေးစဉ်းလဲကော ဘယ်မှာလဲ"

"ကျွန်ုပ်အသားကို စားလိုတဲ့အတွက် ဒီအနီးအနားချုံထဲမှာ စောင့်နေပါတယ်"လို့ သမင်က ပြောသတဲ့။

ဒီလိုကြားရတော့ သုဗုဒ္ဓိကျီးဟာ စိတ်ထိခိုက်လှတာကြောင့် အို ...... အရှင်မြေမင်း၊

"ကျေးဇူးပြုလေ့ရှိပြီး မိမိကို ယုံကြည်ကိုးစား၊ ရိုးသားစင်ကြယ်သူအပေါ် မငဲ့မကွက်၊ ရက်စက်စွာကြံစည်ပြုမူ ကျေးဇူးကန်းသူ သစ္စာဖောက်အား အဘယ့်ကြောင့် အလေးခံကာ ထမ်းဆောင်ထားပါသလဲလို့ မြေကြီးကို တိုင်တည်ပါသတဲ့။

"သမင်တို့ ကျီးတို့ဟာ သနားစရာပဲပေါ့နော်"

"အေး... ဟုတ်ပါရဲ့၊ ဒီမြေခွေးယုတ်မာ ရက်စက်လိုက်ပုံများ"

"သော်းတို့ သမီးတို့က ကြားကနေ ဒေါသထွက်ပြီး ရဲကြီးခဲကြနဲ့ကွယ်၊ ဘယ်သူမဆို 'ကမ္မသကာ' ဆိုတဲ့အတိုင်း သူ့အလုပ်က သူကို စီမံသွားမှာပဲ"

အဲဒီလိုနဲ့ မိုးလင်းလာတဲ့အခါ တုတ်ဓားများကိုင်ပြီး လာနေတဲ့ လယ်ရှင်ကြီးကို တွေ့တာနဲ့ ကျီးကကပျာကယာ သမင်ကို ပြောတယ်။

"အဆွေ၊ သင်က သေချင်ယောင်ဆောင်နေပါ။ လေတွေပြည့်အောင် ရှူသွင်းပြီး ဗိုက်ကြီးဖောင်းနေအောင် လုပ်ထားပါ။ နောက်ပြီး ခြေလေးဘက်ကို တန်းပြီး တောင့်တောင့်ကြီးလုပ်ထားပါ။ ကျွန်ုပ်က သင့်မျက်နှာကို နှုတ်သီးနဲ့ ထိုးဆိတ်နေပါမယ်။ ကျွန်ုပ်အသံပြုချက်ပေးလိုက်တာနဲ့ ဖြုန်းခနဲ အမြန်ထပြီး တအားကုန်ထွက်ပြေးပေ"လို့ ပြောထားတဲ့အတိုင်း သမင် လုပ်နေသတဲ့။

ဒီအချိန်မှာ လယ်ရှင်ဟာ ရောက်လာပြီး အံ့အားသင့်ကာ ငြင်လန်းပြူးကျယ်တဲ့မျက်လုံးနဲ့ သမင်ကိုကြည့်ပြီး "အား...အံ့မယ်သူ့အလိုလိုသေနေပါရောလား။ အကြောက်လွန်လို့နဲ့ တူပါတယ်"လို့ ပြောပြီး ကျော့ကွင်းတွေကိုဖြုတ်ကာ တစ်နေရာကိုယူပြီး အေးအေးဆေးဆေး သိမ်းဆည်းနေတုံး ကျီးကအချက်ပေးလိုက်တာနဲ့ သမင်ဟာ ဖြုန်းခနဲထ အမြန်ဆုံးထွက်ပြေးသွားတဲ့အတွက် လယ်ရှင်ဟာ ရုတ်တရက်မို့ အံ့အားကြီးသင့်ပြီး ကြောင်တက်တက်ကြီးဖြစ်နေရာက

သတိရလာပြီး စိတ်ဆိုးဆိုးနဲ့ သူ့ဖှာပါလာတဲ့ဒုတ်ကြီးနဲ့ သမင်ကို တအား ပစ်ပေါက်လိုက်တာ ......

သမင်ကိုမထိဘဲ သမင်ရိုးကိုက်မယ့်အကြံနဲ့ ချုံထဲမှာ ပုန်းကွယ်စောင့်နေတဲ့ မြေခွေးကို တိုက်ရိုက်ကြီးမှန်လိုက်တာ မြေခွေးဟာ အော်တောင်မအော်နိုင်တော့ဘဲ တစ်ချက်တည်း အသက်ထွက်သွားပါရောတဲ့ကွယ်"

"ကောင်းလိုက်တာ ဦးဦးရယ်။ ဝမ်းသာလိုက်တာ။ မြေခွေးဟာ သူ့အတတ်နဲ့သူစူး၊ နှုတ်လို့ရနိုင်ဘူးဆိုတာလို ဖြစ်သွားတာပေါ့နော်"

"ဟဲ့...ဟဲ့ အဲဒီလို သူတစ်ပါး ဒုက္ခဖြစ်တာကို ဝမ်းမသာရဘူးကွယ့်။ သူ့အလုပ် ကိုယ့်အလုပ် ဖြစ်တတ်တယ်။ ငရဲကြီးတတ်တယ်။ သနားကရုဏာဖြစ်ရတယ်ကွယ့် မှတ်ထားကြ ကြားလား"

"ဟုတ်ကဲ့ပါ ဦးဦး"

\+ \+ \+

# ချွေတာလွန်းသော မြေခွေး

"ဦးဦးရဲ့ ပောဒီဖိုးပိန်ဟာ သိပ်နှမြောတတ်၊ ကပ်စေးနည်းတာပဲ။ စားစရာတစ်ခုခုရှိရင် ဘယ်တော့မှ ဝအောင်မစားဘူး။ ချန်ချန်ထားပြီး နည်းနည်းမဝ, တဝပဲ စားတယ်။ ဒါကြောင့် သူ့ကြည့်ပါလား။ ပိန်ကပ်နေတာပဲ"



ချွေတာလွှန်းသောမြေခွေး

"အဲမှာ နင်ဘာနားလည်လို့လဲ၊ ချွေတာရေးဟာ၊ ချွေတာရေး၊ ဒို့ဦးလေးများဆို သရက်သီးမှည့်တစ်လုံးကို လေးရက်ထားပြီး စားတယ်"

"ဟင် ... ဒါဆို လွန်တာပေါ့နော် ဦးဦး၊ လူကြားလို့တောင် မကောင်းဘူး"

"မလွန်နဲ့ အဟုတ်ပြောတာ၊ နင်တို့ကျတော့ မဟုတ်ပေါင်။ စားစရာတွေ့ရင် အဝအပြဲနင်းကန်စား၊ ချွေတာရေးလဲ နားမလည်"

"ဦးဦး ကြည့်ပါလား၊ ဒီမိစ္ဆာတို့ကို။ သူတို့ကိုယ်တွေ ခါးတုတ် ဗိုက်ရွှဲ ပုပ်လုံးလို ဖြစ်နေတာ"

"အဲ ... အဲ ...... ချွေတာလွန်းတော့လဲ မကောင်းဘူးကွယ့်၊ ဘေးဖြစ်တတ်တယ်။ ဝရုံထက် ပိုစားလဲ အတူတူပဲ၊ ဘေးဖြစ်တတ်တယ်။

"ဗိုက်ဆံကုန်မယ်၊ စားပိုးနင့်ပြီး အန်မယ်၊ ဗိုက်နာမယ်၊ အဆီပိတ်ပြီး သွေးတိုးရောဂါ၊ နှလုံးရောဂါ စသည်တွေဖြစ်မယ်ပေါ့ကွာ။

"သတင်းစာတွေ မဂ္ဂဇင်းတွေထဲမှာ ပညာရှင်တွေက ဒီ အကြောင်းတွေ ပညာပေးရေးသား သတိပေးကြတယ်။ အဲဒါတွေလဲ ဖတ်မှတ်လိုက်နာရမယ်ကွယ့် ဟုတ်လား"

"ဟုတ်ကဲ့ပါ ဦးဦး၊ ဒါထက် ချွေတာလွန်းတော့ ဘယ်လို ဘေးဖြစ်တတ်တာလဲ၊ အဲဒါလဲ ပြောပြပါဦး"

"အေး ... အေး ..... ချွေတာလွန်းလို့ ဘေးဖြစ်ရတဲ့ပုံ ကလေးတစ်ခု ပြောပြမယ်။

"ရှေးရှေးတုန်းက တောရွာတစ်ရွာမှာ 'ဘေရဝ' ခေါ်တဲ့ မုဆိုးကြီးတစ်ယောက်ရှိတယ်"

"ဟင်... မုဆိုးကြီးနာမည်က 'ဘေရဝ' တဲ့ နံ(နာ)မည်က ကြောက်စရာကြီးနော်"

"အေး... ဟုတ်တယ်ကွယ့်။ 'ဘေရဝ' ဆိုတဲ့ စကားလုံးကလဲ ကြောက်စရာကြီးဆိုတဲ့ အဓိပ္ပါယ်ရတာပဲ။ တောလိုက်မုဆိုးကြီးဆိုတော့ ကြောက်စရာ စိတ်ကြမ်း လူကြမ်းကြီးပဲ ဖြစ်မှာပေါ့ကွယ်။

"မုဆိုးကြီးဟာ တစ်နေ့မှာ သူ့လက်စွဲတော်လေးကြီးယူပြီး တောအုပ်တစ်ခုဝင် အမဲလိုက်တဲ့အခါ သမင်တစ်ကောင်ရတာနဲ့ သမင်ကလေးထမ်းပြီး အိမ်ပြန်အလာမှာ ကြောက်စရာကောင်းတဲ့ တောဝက်ကြီးတစ်ကောင်နဲ့ ရင်ဆိုင်တိုးမိပါရောတဲ့"

"ဒီတော့ မုဆိုးကြီးဟာ ကြောက်တာနဲ့ ထွက်ပြေးရောလား"

"ဟဲ့...... ဘယ်ပြေးမလဲ။ ဝက်လောက်ကိုကြောက်ရင် ဘယ် မုဆိုးလုပ်ပါ့မလဲ။ မုဆိုးဆိုတာ ဆင်လဲမကြောက်၊ ကျားလဲမကြောက်၊ ဘာကောင်မှ မကြောက်ဘူး။ နိုင်မယ်မထင်ရင် အသာရှောင်နေပြီး နိုင်မယ်ထင်ရင် တိုက်ခိုက်ပတာပဲ။

"အဲဒီလို တောဝက်ကြီးကို တွေ့တဲ့အခါ မုဆိုးကြီးဟာ ကျောပိုးထမ်းယူလာတဲ့ သမင်ကို မြေကြီးမှာ ကပျာကယာချပြီး ဘောဝက်ကြီးကို လေးနဲ့ (မြားနဲ့) ပစ်လိုက်ပါသတဲ့။

"အဲဒီလို ပစ်လိုက်တဲ့အခါ ဝက်ကြီးဟာ ကမ္ဘာပျက်မိုးကြီးရွာတဲ့အသံလို ကြမ်းတမ်းဆိုးရွားတဲ့ အသံကြီးနဲ့ တဝှီးဝှီးအော်ပြီး

ပြေးလာကာ မုဆိုးကြီးရဲ့ ဝှေးစေ့ကို သူ့အစွယ်ကော့ကြီးနဲ့ ထိုးကော်ပက်လိုက်တာ မုဆိုးကြီးဟာ အရင်းကပြတ်သွားတဲ့သစ်ပင်လို ဘိုင်းဘိုင်းလဲကျ သေဆုံးသွားပါရောတဲ့ကွယ်"

"ကြဲကြဲဖန်ဖန်နော် ဦးဦး၊ ဝက်ကြီးက ဒီနေရာကိုမှ ထိုးပက် ရတယ်လို့"

"အေးကွယ့်၊ ဝက်ပက်လို့ရှိရင် ဒီနေရာကိုပဲ ပက်တာများတယ်လို့ ပြောကြတယ်"

"ဘာဖြစ်လို့လဲ ဦးဦး"

"အဲဒီလို အပစ်ခံရတော့ ဝက်ဟာ ဒေါသတွေတအားထွက်ကာ ပစ်တဲ့လူဆီကို တန်းတန်းမတ်မတ်ပြေးလာပြီး လူရှေ့တည့်တည့်ကနေပက်တော့ ဒီနေရာဟာ သူ့ပါးစပ်နဲ့၊ သူ့အစွယ်နဲ့ အံကိုက်ဖြစ်နေလို့ပေါ့ကွယ်။ ဒါကြောင့် မုဆိုးကြီးဟာ ဝက်ကို သေနတ်နဲ့ဖြစ်စေ၊ တစ်ခုခုနဲ့ပစ်ပြီးရင် ပစ်တဲ့နေရာမှာ မနေတော့ဘဲ တစ်ခြားနေရာကို ကပျာကယာ ရွှေ့နေလေ့ရှိတယ်လို့ ပြောကြတယ်။

"အဲဒီလို မုဆိုးကြီးနဲ့ ဝက်တို့ လုံးထွေးသတ်ပုတ်ကြရာမှာ ခြေနဲ့အနင်းခံရတာကြောင့် ဂံဆိုးတဲ့မြွေတစ်ကောင်ဟာ သေသွားပြန်ပါရောတဲ့ကွယ်"

"ဟင်... ကြဲကြဲဖန်ဖန် ဖြစ်တတ်တယ်နော် ဦးဦး"

"အေး... ဒါ့ထက်အံ့ဩစရာကောင်းတာကို မင်းတို့ ကြားရဦးမယ်"

"ပြောပါ ဦးဦး၊ ကျွန်တော်တို့ နားထောင်ချင်တယ်"

"အဲဒီလို မုဆိုးရယ်၊ သမင်ရယ်၊ ဝက်ရယ်၊ မြွေရယ် လေးဦး သား စုပုံသေနေတဲ့နေရာကို 'ဒီဃရာဝ...အူကြောရှည်' ခေါ်တဲ့ မြေခွေးတစ်ကောင်ဟာ အစာရှာရင်းနဲ့ရောက်လာပြီး အဲဒီဟာတွေကို တွေ့ရပါလေရော"

"ဒီမြေခွေးဟာ သိပ်ကံကောင်းတယ်နော် ဦးဦး၊ သူ့အတွက် နည်းတဲ့အစားအစာတွေ မဟုတ်ဘူး။ အကြာကြီး စားပါလေရော"

"အေးကွယ့် မြေခွေးကလဲ အဲဒီလိုတွက်တာပဲ။ ဒါပေမယ့် သူ့ကံကောင်းပုံက 'နက်ဖြန်ရှင်ဘုရင် ဖြစ်မယ်။ ဒါပေမယ့် ဒီနေ့ သေမယ်'ဆိုတဲ့ ကံမျိုးကွယ့်"

"ဘယ်လိုလဲ ဦးဦး၊ ပြောပါဦး"

"အေး... ပြောရတာပေါ့ကွယ်၊ နားထောင်။

"အဲဒီလိုမြင်တဲ့အခါ မြေခွေးဟာ အသေကောင်တွေကို လှည့်ပတ်ကြည့်ရှုပြီး ဟား... ငါဟာ တကယ့်ကို ဘုန်းကံကြီးပါလား။ ငါ့အတွက် ဘာမှမလုပ်ရဘဲနဲ့ ဖြစ်လာတဲ့ စားစရာတွေဟာ အများဆို အများကြီးပါပဲလား။ ဒီသတ္တဝါတွေရဲ့ အသားတွေဟာ ငါ့အတွက် သုံးလကျော်ကျော်စာတော့ ကောင်းကောင်းကြီး ဖူလုံတာပဲ။

"လူကောင်က တစ်လစာ လုံလောက်မယ်။

"သမင်နဲ့ ဝက်တို့က နှစ်လစာတော့ အေးအေးလေးပဲ။

"မြွေကလဲ တစ်နေ့စာတော့ရမှာ သေချာတယ်။

"ရှိစေတော့၊ 'ဆာမှစား ဆားနဲ့ကောင်း' ဆိုတဲ့အတိုင်း ဆာနေတုန်းဆို ဘာမဆို စားလို့ကောင်းတာချည်းပဲ။ ဒီတော့

ခုလိုဆာ နေတုန်းမှာ အင်မတန်ကောင်းတဲ့ လူသား၊ ခက်သား၊ သမင်သားတွေ အသာထားလိုက်ပြီး အကြောတွေနဲ့ကျစ်ထားတဲ့ မုဆိုးရဲ့လေးမှာ လေးကြိုးကြီး ဒီတစ်နေ့စာ အဆာပြေစားပြီး ဖိုက်ဖြည့်ထားလိုက်မယ်လို့ စိတ်ကူးပြီး လေးကိုင်းမှာ တပ်ထားတဲ့ လေးကြိုးကြီးကို သွားရည်တမြားမြားနဲ့ ဝါးရင်းစားနေပါသတဲ့။

"အဲဒီလို လေးကြိုးကြီးကို ဝါးရင်းဝါးရင်းနဲ့ စားနေတုန်း ဖြုန်းခနဲဆို လေးကြိုးကြီးဟာ ပြတ်သွားပြီး လေးကိုင်းရဲ့တစ်ဘက် စွန်းဟာ ကန်ထွက်လာကာ မြေခွေးရဲ့ရင်ဘတ်ကို တအားကုန် ရိုက်လိုက်တာ မြေခွေးဟာ အော်ချိန်တောင်မရလိုက်ဘဲ တစ်ချက် တည်း အဲဒီနေရာမှာ လဲကျသေဆုံးသွားပါရောတဲ့ကွာ"

"ဟုတ်ပါရဲ့နော် ဦးဦး၊ ဒီမြေခွေးဟာ နှမြောလွန်းအားကြီးလို့ ရမယ့်လာဘ်ကြီးနဲ့ လွဲပြီး အသေဆိုးနဲ့ သေပွဲဝင်ရတာပဲ"


"အေး... ဒါကြောင့် နှမြောလွန်း၊ ချွေတာလွန်းတော့လဲ ဘေးဖြစ်တတ်တယ်လို့ ဦးဦးပြောတာ သဘောပေါက်ကြပြီပေါ့ နော်"

"ဟုတ်ကဲ့ပါ ဦးဦး၊ သဘောပေါက်ကြပါပြီ"

"ကဲ... ကဲ..... သားတို့ သမီးတို့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက် ဗဟုသုတ တိုးတက်ကြပါစေ"

"ဦးဦးပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

\+ \+ \+



မြေခွေးမာနနှင့် အမဲခြောက်ပုံပြင်

# မြေခွေးမာနနဲ့ အမဲခြောက်ပုံပြင်

"ဘာတွေ ပြောနေကြတုန်းကွယ့်၊ သားတို့ရဲ့"

"အမဲခြောက်ဖုတ် ဆီဆမ်းနဲ့ ထမင်းစားရတာ၊ ကောင်းတဲ့ အကြောင်း ပြောနေတာပါ ဦးဦး"

"အေး ဟုတ်တယ်ကွယ့်၊ ခုလိုနေပူတဲ့အခါ အရိပ်ကောင်းကောင်းမှာ အမဲခြောက်ဖုတ် ဆီဆမ်းကလေးနဲ့ ရေနွေးကြမ်းကလေး သောက်နေရရင် ချွေးကလေး တစိုစိုနဲ့ ကိုယ်သားကိုယ်ရေအေးပြီး ကျန်းမာရေး သိပ်ကောင်းတာပေါ့ကွာ"

"ဟာ... ဦးဦးကလဲ ဒီလိုပူတဲ့အခါ ကြံရည်တို့ ရေခဲချောင်းတို့ ဆဲဗင်းအပ်တို့ ပက်စီတို့ ဘာတို့ကို ရေခဲကလေးနဲ့ သောက်လိုက်ရမှ ဧိမ်ကျမှာပေါ့ ဦးဦးရဲ့"

"အေး... ဧိမ်ကျတာတော့ ဟုတ်ပါရဲ့၊ အဲဒါတွေက ချောင်းဆိုးတာတို့၊ ချွဲကြပ်တာတို့၊ အပူငုပ်ဖျားတာတို့ ဖြစ်တတ်တာကိုလဲ သတိထားရမယ်ကွယ့်"

"ဦးဦး သမီးတို့ ပုံပြင်နားထောင်ချင်သေးတယ်"

"အေး... အေး...... နားထောင်ရမှာပေါ့ကွယ်၊ ဘာပုံများ ပြောရပါလိမ့်၊ အဲ... သိပြီ ပြောပြမယ်။ အမဲခြောက်ပုံကွယ့်"

"ဟင်... ဦးဦးကလဲ ကြံကြံဖန်ဖန် အမဲခြောက်ပုံရယ်လို့"

"နင် ဘာသိလို့လဲ ဦးဦးပြောတာကိုပဲ နားထောင်ကြည့်ပါဦး"

"ကဲ... ကဲ... နားထောင်ကြကွယ့်၊ ပြောပြမယ်"

"ဟိုရှေးရှေးတုန်းက ဗာရာဏသီမင်းရဲ့ဆရာ အမတ်ကြီးဟာ မြေပြင်ပေါ်မှာရှိတဲ့ ရန်သူတွေကို အောင်မြင်စေတတ်တဲ့ ပထဝီဇယမန္တန်ကို တတ်သတဲ့။

"တစ်နေ့မှာ အမတ်ကြီးဟာ သူများမကြားစေရန် လူသူ ဝေးရာ ကျောက်ဖျာတစ်ခုပေါ်မှာ ကြေညက်အောင် မန္တန်ကို ရွတ်ဆို နေတယ်။ ဒါကို ကျောက်ဖျာအနီး တွင်းတစ်ခုထဲမှာ ဝင်နေတဲ့ မြေခွေးတစ်ကောင်က ကြားတဲ့အခါ လိုက်နားထောင်ပြီး မှတ်သား လိုက်တာ အလွယ်တကူပဲ ဒီမန္တန်ကို အလွတ်ရသွားသတဲ့"

"မြေခွေးက မန္တန်ကို ခဏကလေးနဲ့ အလွယ်တကူရသွား တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား ဦးဦး"

"အေး... သားသား မေးမယ်ဆိုလဲ မေးစရာပဲ။ ဒါပေမယ့် ဒီမြေခွေးဟာ ရှေးဘဝက ဒီမန္တန်ကိုတတ်တဲ့ပုဏ္ဏား ဖြစ်ခဲ့ဖူးသတဲ့ ကွယ့်၊ ဒါကြောင့် ရတာတဲ့။

"အမတ်ကြီးဟာ မန္တန်ကိုရပြီဆိုပြီး ထသွားမယ်အလုပ်- မြေခွေးက တွင်းထဲကထွက်ပြီး အို ယောက်ျား၊ ဒီမန္တန်ကို ငါက သင့်ထက်ပိုရတယ်လို့ပြောပြီး ထွက်ပြေးတဲ့အခါ......

"အမတ်ကြီးဟာ ဒီမြေခွေးဟာ မကောင်းတာတွေ အကုန် လျှောက်လုပ်တော့မှာပဲဆိုပြီး ဖမ်းကြ ဖမ်းကြ မြေခွေးဆိုးကို ဖမ်း ကြလို့အော်ပြီး နောက်ကပြေးလိုက်ပေ [illegible] မမီလိုက်တော့ဘဲ မြေခွေး ဟာ တောထဲကို ပြေးဝင်သွားပါရောတဲ့ ၁ယ်"

## ၅၈ မင်းစိုး (ဟံသာ၀တီ)

"နောင်အခါ မြေခွေးဟာ ပထဝီဇယမန္တန်ကို ရွတ်ဆိုကာ မြေခွေးများကို အရာရှိကြီးငယ်ခန့်ပြီး ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျား၊ ဝက် အစရှိတဲ့ အခြေလေးချောင်းသတ္တဝါတွေကို သူ့အခြံအရံအဖြစ်ထားကာ သဗ္ဗဒါဌ်မင်းဆိုတဲ့အမည်ကို ခံယူကာ မြေခွေးမိဖုရားနဲ့အတူ ဆင်နှစ်ကောင် ကျောက်ကုန်းပေါ်မှာတည့်နေတဲ့ ခြင်္သေ့ပေါ်မှာ စီးနေပါသတဲ့"

"အမာ မြေခွေးက ကြီးကျယ်နေလိုက်တာ ငါသာခြင်္သေ့တို့ ဆင်တို့ဖြစ်မယ်ဆိုရင် သူ့အစီးမခံဘူး ခြေနဲ့နင်းသတ် ကိုက်သတ်ပစ်လိုက်မှာ"

"ဒါက သူ့အစွမ်းသတ္တိမှ မဟုတ်ဘဲ၊ မန္တန်ရဲ့အစွမ်းသတ္တိဆိုတော့ သူ့ကို ဘယ်လုပ်လို့ ရမလဲ"

"အဲဒီလို အခြံအရံတွေနဲ့ ကြီးကျယ်လာတော့ မြေခွေးဟာ မာန်တွေတက်ပြီး 'ခွေးစော်နံရုံနဲ့အားမရ လူစော်တက်ပြီး နံချင်ပြန်တဲ့ အတွက်' ဗာရာဏသီပြည်ကို သိမ်းယူအုပ်စိုးမယ်ဆိုပြီး ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျား၊ ဝက် အစရှိတဲ့ အခြေလေးချောင်းသတ္တဝါ စစ်သည် ဗိုလ်ပါပေါင်းများစွာနဲ့ ဗာရာဏသီပြည်ကိုဝန်းရံပြီး မြို့ကိုပဲ ပေးမလား၊ စစ်ကိုပဲတိုက်မလားလို့ ရှင်ဘုရင့်ထံ ရာဇသံပေးတဲ့အခါ...

မင်းနဲ့တကွ မြို့သူမြို့သားတွေမှာ သိပ်ကြောက်ကြပြီး မြို့တံခါးကို လုံအောင်ပိတ်နေကြတဲ့အခါ မင်းဆရာအမတ်ကြီးက အရှင်မင်းကြီး ဒီကိစ္စအတွက် စိုးရိမ်တော်မမူပါနဲ့။ ကျွန်တော်မျိုး ကိစ္စပြီးအောင် စီမံပါ့မယ်လို့ မင်းစိတ်သာအောင်ပြောပြီး မြို့တံခါး ပေါ်တတ်ကာ...

"ဟော့... သဗ္ဗဒါဋ္ဌ၊ မင်းငါ့မြို့ကို ဘယ်လိုတိုက်သိမ်းမှာလဲလို့ မေးတဲ့အခါ...

"သဗ္ဗဒါဋ္ဌက အလွယ်လေးပါကွ၊ ခြင်္သေ့တွေကို အဟောက်ခိုင်းပြီး လူတွေအကြောက်လွန် သေအောင်လုပ်ပြီး မြို့ကိုသိမ်းမှာပဲပေါ့လို့ ပြောသတဲ့။

"မြေခွေးရဲ့နည်းပရိယာယ်ကိုသိတာနဲ့ အမတ်ကြီးဟာ လူတွေရော တိရစ္ဆာန်တွေပါ ခြင်္သေ့ဟောက်သံမကြားရအောင် နားတွေပိတ်ထားစေပြီး မြေခွေးဆီပြန်သွားကာ ဟော့... သဗ္ဗဒါဋ္ဌ၊ မင်းလိုအမျိုးယုတ်တဲ့ မြေခွေးကခိုင်းတာကို မြင့်မြတ်တဲ့ ကေသရာဇာခြင်္သေ့မင်းတွေက ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးလို့ ပြောလိုက်တဲ့အခါ......

မြေခွေးဟာ မာန်မာနတွေနဲ့ မခံချင်ဖြစ်လာပြီး ဟော့... ဒီမှာကြည့် ဒီပြင်ခြင်္သေ့တွေအသာထား အခု ငါစီးထားတဲ့ ခြင်္သေ့ကိုပဲ အဟောက်ခိုင်းပြမယ်လို့ပြောပြီး သူစီးထားတဲ့ခြင်္သေ့ကို အဟောက်ခိုင်းတာနဲ့ ခြင်္သေ့ဟာ အသံကျယ်ကြီးနဲ့ သုံးကြိမ်ဟောက်လိုက်တာ...

"ခြင်္သေ့အောက်က ဆင်တွေကြောက်လန့်လှုပ်ရှား ဝရုန်းသုံးကားဖြစ်ကုန်တာနဲ့ မြေခွေးဟာဆင်တွေခြေရင်း လိမ့်ကျပြီး ဆင့်အနင်းခံလိုက်ရတာ မှုန့်မှုန့်ကို ကြေညက်သွားပါရောတဲ့ကွာ"

"ကောင်းလိုက်တာဦးဦးရယ်၊ ကိုယ့်ရှူးကိုယ်ပတ်ပြီး ဖိနပ်လို ဆင်ခြေဖဝါးမှာ ပြားရုံသာမက မှုန့်မှုန့်ကို ကြေညက်သွားတာပေါ့နော်"

"အေး မာန်မာနတွေထောင်၊ ကိုယ်နဲ့မတန်တဲ့ အဆောင်အယောင်တွေ မက်မောသူတွေရဲ့ သွားရာလမ်းဟာ ဒါပဲဆိုတာ

သင်ခန်းစာယူဖို့ပဲပေါ့ကွာ"

"ဦးဦး ပုံပြင်က ပြီးပြီလား၊ အမဲခြောက်အကြောင်းလဲ မပါပါလား။ အဲဒါလဲ ကျွန်တော်တို့ သိချင်သေးတယ်"

"ပုံပြင်က မဆုံးသေးဘူးကွယ့်၊ လာပါလိမ့်မယ်၊ ဆက်နား ထောင်ပါဦး"

"အဲဒီအခါ ခြင်္သေ့မှတစ်ပါး အခြားတိရစ္ဆာန်တွေဟာ ခြင်္သေ့ ဟောက်သံကို ကြောက်လန့်ပြီး ဇရမ်းဇတာပြေးကြရာမှာ အချင်းချင်း တိုက်ရိုက်ခိုက်နင်းချေပြီး သေလိုက်ကြတာ မြင်မကောင်း ရှုမကောင်း အောင်ပုံရာပုံ ဖြစ်နေပါသတဲ့။

"ဒီတော့မှ မင်းဆရာအမတ်ကြီးဟာ မြို့တံခါးကိုဖွင့်ပြီး မြို့သူ မြို့သားတွေကို မြို့ပြင်ထွက်စေကာ အသားတွေ အယူခိုင်းပြီး စားသောက်စေပါသတဲ့။ စားလို့ မကုန်တဲ့အသားတွေကို အခြောက် လှန်းပြီး အမဲခြောက်လုပ်စေလိုက်ပါတယ်။

"အဲဒီအချိန်ကစပြီး အမဲခြောက်ပေါ်လာတယ်လို့ ဆိုပါ တယ်။ ဒါဟာ အမဲခြောက် စတင်ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းလို့လဲ ဆိုနိုင်တာပေါ့ကွာ။

"ဗဟုသုတအဖြစ် မှတ်စရာတစ်မျိုး တိုးတာပေါ့၊ ဟုတ်ဘူး လား"

"ဟုတ်ကဲ့ပါ ဦးဦး"

**ဒုကနိပါတ်၊ သဗ္ဗဒါဌိဇာတ်**

\+ \+ \+

# သားနှာမည်ဆန်းကြောင့်
# အဖကိုယ်တစ်ဝက် မီးလောင်ခံရခြင်း

"ဦးဦး သားတို့ သမီးတို့ ရောက်ကြပြီ"

"အေး... အေး...... ဦးဦးကလဲ အဆင်သင့်စောင့်နေပါတယ်ကွာ"

"မင်းတို့တတွေ မောလာကြတယ်ထင်တယ်၊ ဟောဒီမှာ ရေအေးအေးကလေး တစ်ခွက်စီလောက် သောက်လိုက်ကြဦး"

"ရေခဲရေလား ဦးဦး"

"မဟုတ်ဘူးကွယ့်၊ ရိုးရိုးရေသန့်သန့်ကလေးပဲ။ ရေခဲရေတို့ ရေခဲချောင်းတို့ဆိုတာတွေက သိပ်မကောင်းဘူးကွယ့်။ လူတိုင်းနဲ့ သိပ်မတည့်တတ်ဘူး။ မသောက်ပဲနေနိုင်ရင် ကောင်းတယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"ကဲ... ကဲ...... နားထောင်ကြ"

"ဟိုးရှေးရှေးတုန်းက တိုင်းပြည်တစ်ခုမှာ ပဏ္ဍိတ ပညာရှိနဲ့ အတိပဏ္ဍိတ အလွန်ပညာရှိဆိုတဲ့ ကုန်သည်နှစ်ယောက် ရှိကြသတဲ့"

"သူတို့ဟာ တစ်ချိန်မှာ စပ်တူကုန်ရောင်း ကုန်ဝယ်လုပ်ကြပြီး အမြတ်အစွန်းတွေ အတော်ရတာနဲ့ ခွဲဝေယူဖို့ လုပ်ကြပါသတဲ့။

"ဒီအခါ အတိပဏ္ဍိတက ကျူပ်ကနှစ်ပုံ ယူမယ်လို့ ပြောသတဲ့"

"ဒီတော့ ပဏ္ဍိတက မဟုတ်တာဗျာ။ အရင်းအနှီးအတူတူ၊ ကျွဲနွားအတူတူ၊ လူညီးအတူတူ၊ အတူသွား၊ အတူလာ၊ အတူလုပ်ကြတာပဲမဟုတ်လား။ ဒီတော့ အမြတ်ကို အညီအမျှ ခွဲယူသင့်တာပေါ့။ ဘယ်နှယ့်ကြောင့် ခင်ဗျားက နှစ်ပုံ နှစ်ဆယူမယ်လို့ ပြောရတာလဲလို့ မေးသတဲ့။

"ဒီအခါ အတိပဏ္ဍိတက ခင်ဗျားပြောတဲ့အတူတူဆိုတာတွေ မှန်ပါတယ်။ ဒါပေမယ့် ခင်ဗျားနာမည်က ပဏ္ဍိတ=ပညာရှိလောက်သာဖြစ်တယ်။ ကျုပ်နာမည်က အတိပဏ္ဍိတ=အလွန်ပညာရှိလို့ ဆိုတယ်။ ဒါကြောင့် ကျုပ်က နှစ်ဆရသင့်တယ်လို့ ပြောတာပါလို့ ဆိုသတဲ့"

"ဒီတော့ ပဏ္ဍိတက ခင်ဗျားအဆိုကို ကျုပ်လက်မခံနိုင်ပါဘူး"

"နာမည်က အတိပဏ္ဍိတဆိုရုံနဲ့ နှစ်ဆ ရရမယ်ဆို မဖြစ်နိုင်ပါဘူး။ အလုပ်နှစ်ဆတိုးလုပ်လို့၊ ဒါမှမဟုတ် အရင်းအနှီး နှစ်ဆတိုးထည့်လို့၊ ဒါမှမဟုတ် ခင်ဗျားအကြံဉာဏ်တွေကြောင့် အမြတ်အစွန်းတွေအများကြီး ပိုရလို့ဆိုရင် ဟုတ်သေးတာပေါ့။ အခု ဒီလိုမှမဟုတ်ဘဲလို့ ပြောသတဲ့"

"ဟုတ်တာပေါ့ ဦးဦးနော်၊ နာမည်ဆိုတာ ကိုယ်ကြိုက်သလို စိတ်ကူးယဉ်ပြီး မှည့်ချင်သလို မှည့်နိုင်တာပဲ။

"ဟုတ်တယ် ဦးဦးနော်။ သားတို့ အိမ်နားကသက်ရှည်ဆိုဟာ သားသူငယ်ချင်းဟာ ဆယ့်ခြောက်နှစ်တောင် မပြည့်သေးဘဲ သေသွားတာပဲ"

"သမီး သူငယ်ချင်း မချစ်ပုံဆိုလဲ မာနကြီးလွန်းလို့ ဘယ်သူမှ သူ့ကိုမခင်ကြဘူး"

"အေး... ဟုတ်တယ်။ သားတို့ သမီးတို့ အဲဒါ သဘောပေါက် ဖို့လိုတယ်။ နာမည်ကို ကိုယ်အခြေအနေ ကိုယ့်လူမျိုး။ ဇရိုက်၊ ဘာသာအစဉ်အလာနဲ့ လိုက်လျောညီထွေ မှည့်တာအကောင်း ဆုံး ပါပဲကွယ်"

"ဟုတ်ကဲ့ပါ ဦးဦး"

"အဲဒီလို အငြင်းပွား စကားများနေတဲ့အခါ အတိပဏ္ဍိတက အကြံတစ်ခုစဉ်းစားပြီး ဒီမှာကိုပဏ္ဍိ... အခုကျုပ်တို့ အမြတ်ခွဲဝေရေး မှာ ညှိနှိုင်းလို့မရ ဖြစ်နေတယ်။ ဒီတော့ ရွာဦးက သစ်ပင်ကြီးမှာ ရှိတဲ့ နတ်မင်းကြီးကို ဆုံးဖြတ်ခိုင်းမယ်။ အဲဒီအတိုင်း ကျုပ်တို့ လုပ် ကြမယ်။ ခင်ဗျား ဘယ်လိုသဘောရသလဲလို့ မေးတဲ့အခါ...

"ပဏ္ဍိတက ခင်ဗျားကောင်းတယ်ထင်ရင် လုပ်ပေါ့လို့ ပြောလိုက်ပါသတဲ့။

"ဒါနဲ့ အတိပဏ္ဍိတဟာ ကပျာကရာ အိမ်ကိုပြန်သွားပြီး သူ့အဖေကြီးကို 'ကျွန်တော်တို့ မကြာခင် အဲဒီသစ်ပင်ကြီးဆီကို လာပြီး မေးမယ်။ ဒီအခါ အဖေက နတ်ကြီးယောင်ဆောင် အသံ ဖွက်ပြီး အတိပဏ္ဍိတက နှစ်ဆရသင့်တယ်လို့ ပြောပါ' လို့ ကြိုတင် မှာထားတာနဲ့ သူ့အဖေကြီးဟာ အောက်ခြေကနေ အထက်ဖျားအထိ အခေါင်းကြီးဖြစ်နေတဲ့ ရွာဦးက သစ်ပင်ခေါင်းကြီးထဲ သွားဝင်နေပါ သတဲ့။

"ဒီအခါ ပဏ္ဍိတနဲ့ အတိပဏ္ဍိတတို့ဟာ သစ်ပင်ကြီးဆီသွားပြီး အရှင်နတ်မင်း ကျွန်ုပ်တို့နှစ်ယောက် ဘယ်သူက ဘယ်လောက်ရသင့်တယ်ဆိုတာ မှန်မှန်ကန်ကန် အဆုံးအဖြတ်ပေးတော်မူပါလို့ တောင်းပန်တဲ့အခါ အတိပဏ္ဍိတ အဖေကြီးက သစ်ခေါင်းထဲကနေ နတ်ယောင်ဆောင် အသံဖျက်ပြီး အတိပဏ္ဍိတ နှစ်ဆရသင့်တယ်လို့ အဆုံးအဖြတ်ပေးပါသတဲ့။

"ဒီလိုကြားတော့ ပဏ္ဍိတက နတ်ကောင်းနတ်မြတ်ဆိုရင် ဒီလို မမှန်ကန်တဲ့ အဆုံးအဖြတ်မျိုးပေးမယ် မဟုတ်ဘူး။ နတ်ဟုတ်, မဟုတ် သိရအောင် လုပ်မယ်ဆိုပြီး ကောက်ရိုးတွေ သွားယူသတဲ့၊

"ဒီအခါ အတိပဏ္ဍိတက မိတ်ဆွေ၊ ဒီကောက်ရိုးတွေက ဘာလုပ်ဖို့လဲလို့ မေးတဲ့အခါ နတ် ဟုတ်, မဟုတ် သိရအောင် အောက်ဖက်အပေါက်ကပိတ်ပြီး မီးရှို့ကြည့်မလို့လို့ ပြောသတဲ့။

"ဒီအခါ အတိပဏ္ဍိတဟာ ထိတ်လန့်တကြား ပြူးတူးပြဲတဲနဲ့ ဖြစ်သွားပြီး ခင်ဗျား ဒီလိုမလုပ်နဲ့လေ နတ်မင်းကြီးစိတ်ဆိုးပြီး ခင်ဗျား ကို ဖမ်းစားညှဉ်းဆဲလိမ့်မယ်လို့ ပြောနေတုန်း ပဏ္ဍိတဟာ ကောက်ရိုးတွေကို သစ်ခေါင်းတဲထည့်ပြီး မီးနဲ့ရှို့လိုက်ပါရောတဲ့"

"ဟာ... ဒုက္ခပဲ။ အတိပဏ္ဍိတ အဖေကြီးတော့ သေတော့မှာပဲ"

"သေတော့မသေဘူးကွ။ အဖိုးကြီးဟာ ကိုယ်အောက်ပိုင်း မီးလောင်ပြီး အပေါ်ဘက်သစ်ခေါင်းပေါက်ထဲက ပြေးထွက်ကာ...

"အို... လူအပေါင်းတို့၊ လောကမှာ ကျိုးကြောင်း ဆင်ခြင်တုံတရားရှိတဲ့ ပဏ္ဍိတ ပညာရှိသာ အမှန်တကယ် ကောင်းပါပေတယ်။

"ဆင်ခြင်တုံတရားကင်းမဲ့ စဉ်းလဲကောက်ကျစ်တဲ့ အတိပဏ္ဍိတ အမည်ခံပညာလွန် လူတန်းစားမျိုးဟာ လုံးဝကို မကောင်းပါပေ။ ပညာမရှိဘဲ အတိပဏ္ဍိတအမည်ခံ ပညာလွန်သားမိုက်ကြောင့် ကိုယ်တစ်ဝက် မီးလောင်ခံရတဲ့ ကျွန်ုပ်ကိုပဲ ကြည့်ကြပါတော့လို့ ပြောရင်း သစ်ကိုင်းက တွယ်ဆင်းလာသတဲ့ကွယ်။

"အဲဒီအခါမှ ပဏ္ဍိတ၊ အတိပဏ္ဍိတတို့ဟာလဲ အမြတ်ငွေကို အညီအမျှ ခွဲဝေယူသွားကြပါသတဲ့ကွယ်"

"နာမည်အားကိုးနဲ့ အကောက်ကြံတဲ့ အတိပဏ္ဍိတဟာ အရှက်တကွဲအကျိုးနည်းလဲဖြစ် အဖေလဲ ကိုယ်တစ်ဝက်မီးလောင်ခံရနဲ့ အရှုံးကြီးရှုံးတာပေါ့ ဦးဦးနော်"

"အေး... အေး... အဲဒါမင်းတို့တွေ သင်ခန်းစာယူဖို့ပေါ့ကွယ်။ လိုတာလဲ မကောင်းဘူး၊ ပိုတာလဲ မကောင်းဘူး။ မဇ္ဈိမပဋိပဒါ အလောတော်ဟာ နေရာတကာမှာ အကောင်းဆုံးပဲလို့သာ မှတ်ထားလိုက်ကြပေတော့"

"ဟုတ်ကဲ့ပါ ဦးဦး"

**ကူဋဝါဏိဇဇာတ်**

+ + +

# မုသားသစ္စာမှန်သော လိမ်ညာခြင်းပုံပြင်

"ဦးဦး ဒီနေ့ ပုံမပြောဘူးလား"

"အော်… ရောက်လာကြပြီလား။ အေး ပြောမှာပေါ့ကွယ်။ ဦးဦးလဲ စဉ်းစားနေတာပဲ။ ဘာပုံပြောရမလဲဆိုတာ။ အဲ… အဲ၊ စဉ်းစားမိပြီ။ 'မုသားသစ္စာ၊ မှန်သောလိမ်ညာခြင်း' ဆိုတဲ့ ပုံပြောမယ်"

"ဟင်… ဦးဦး ပုံပြင်ကလဲ 'မှန်သောလိမ်ညာခြင်းတဲ့' ဘယ်လိုပုံကြီးလဲ။ ညာရင်ဘယ်မှန်တော့မှာလဲ"

"အေး… သားသား၊ မီးမီးတို့ ပြောမယ်ဆိုလဲပြောစရာပဲ။ နားထောင်ကြည့်ပေါ့ကွယ်။ မင်းတို့ သဘောပေါက်လာမှာပေါ့ကွယ်။ မင်းတို့သဘောပေါက်လာမှာပေါ့။ ကဲ… နားထောင်ကြ"

"ဟိုး… ရှေးရှေးတုန်းက တိုင်းပြည်တစ်ခုမှာ တောသားကုန်သည်နဲ့ မြို့သားကုန်သည်တို့ နှစ်ယောက်ရှိကြသတဲ့။ တစ်နေ့မှာ မြို့သားကုန်သည်က သံဖရင်းငါးရာယူလာပြီး……

"မိတ်ဆွေ ဟောဒီသံဖရင်းတွေ မိတ်ဆွေထံခေတ္တထားပါရစေလို့… ပြောပြီး တောသားကုန်သည်ထံ သံဖရင်းတွေ အပ်နှံထားသတဲ့"

"သံဖရင်းဆိုတာ ဘာလဲဦးဦး"

"အေး… သားတို့ မေးမယ်ဆိုလဲ မေးစရာပဲ။ သံဖရင်းဆိုတာ သံထွန်သွား၊ ထယ်သွားကို ခေါ်တာကွယ့်။ ရှေးအခေါ်တစ်မျိုးပေါ့ကွာ။ ခုလူတွေ သိပ်မသိကြဘူးကွယ့်"

ဒီအခါ တောသားကုန်သည်က အကောက်ကြံကာ သံဖရင်းတွေကို ရောင်းစားပစ်ပြီး ဖရင်းတွေထားတဲ့နေရာမှာ ကြွက်ချေးတွေကို တခြားကယူပြီး စုပုံထားသတဲ့"

"ဘာလုပ်ဖို့ ကြွက်ချေးတွေကို စုပုံထားတာလဲ ဦးဦး"

"နောက်တော့ သိမှာပေါ့ကွာ။ ဆက်နားထောင်ပါဦး"

"တစ်နေ့မှာ ဖရင်းရှင် မြို့သားကုန်သည် ရောက်လာပြီး သူ့ ဖရင်းတွေကို ယူမယ်လို့လုပ်တဲ့အခါ၊ တောကုန်သည်က စိတ်မကောင်းပါဘူးမိတ်ဆွေ၊ ဟောဒီမှာ ကြွက်ချေးတွေကိုပဲ ကြည့်ပါတော့။ မိတ်ဆွေရဲ့ ဖရင်းတွေကို ကြွက်တွေစားပစ်လိုက်တာ ကုန်ပါလေရောလား၊ ကျုပ်လဲမသိလိုက်ဘူးလို့ ပြောသတဲ့"

"ဒီတော့ မြို့ကုန်သည်က ဘာပြောသတဲ့လဲ ဦးဦး"

"မြို့ကုန်သည်က အေးပေါ့ဗျာ။ သံဖရင်းတွေကို ကြွက်စားသွားတယ်ဆိုတာ ထူးတော့ထူးတာပဲ။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ရှိပစေတော့ပေါ့လို့ ပြောသတဲ့ကွယ်"

"ဟင်... မြို့သားဆိုပြီး နလိုက်တာ၊ သံတွေကို ကြွက်စားတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ သမီးတို့တော့ မယုံနိုင်ပါဘူး။ ပြန်တောင်းမှာပဲ"

"နေပါဦးဟ၊ နင်တို့ လောကြီးလိုက်တာ။ ဦးဦးပြောတာ ဆက်နားထောင်ပါဦး"

"အဲဒီလိုပြောပြီး မြို့သားကုန်သည်ဟာ မြစ်ဆိပ်ရေသွားချိုးမယ်ဆိုကာ တောကုန်သည်ရဲ့ သားကလေးကိုခေါ်သွား၊ အိမ်တစ်အိမ်မှာ အပ်ထားပြီး ကောင်းကောင်းစောင့်ရှောက်ထားဖို့ အိမ်ပေါ်က

အောက်မဆင်းဖို့ တခြားကိုလဲ ထွက်မသွားစေဖို့မှာထားပြီး တောကုန်သည်အိမ်ကို ပြန်လာသတဲ့"

"အိမ်ရောက်လို့ တောကုန်သည်က သူ့သားကလေးပြန်ပါလာတာမတွေ့တာနဲ့ မေးတဲ့အခါ မြို့ကုန်သည်က......

"ပြောရမှာ စိတ်မကောင်းပါဘူးမိတ်ဆွေ၊ မိတ်ဆွေရဲ့သားကလေးကို ကမ်းနားမှာထားပြီး ကျွန်တော် ရေဆင်းချိုးနေတုန်း စွန်ရဲတစ်ကောင်ဟာ ဖြုန်းကနဲရောက်လာပြီး မိတ်ဆွရဲ့သားကလေးကို အတင်းချီပြီး ပျံတက်သွားပါတယ်။

"ကျွန်တော်လဲ လက်ခုပ်တီး တအားအော်ဟစ်ပြီး ချောက်မောင်းပေမယ့် မရတော့ပါဘူး။ မိတ်ဆွေရဲ့သားကလေးကို စွန်ရဲတစ်ကောင် ချီယူသွားပါပြီလို့ ပြန်ပြောတဲ့အခါ......

"တောကုန်သည်ဟာ ဒေါသတကြီးနဲ့ ကျွန်တော့်သားကို ချီ သွားနိုင်တဲ့စွန်ဆိုတာ မရှိနိုင်ဘူး။ ခင်ဗျားသက်သက် လိမ်တာပဲလို့ ပြောပါသတဲ့"

"ဒီအခါ မြို့ကုန်သည်က ချီနိုင်တယ်၊ မချီနိုင်ဘူးဆိုတာကိုတော့ ကျွန်တော်မပြောတတ်ဘူး။ ချီသွားတာတော့ ချီသွားတာပဲ။ ကျွန်တော်လဲ ဘယ်လိုမှ မလုပ်တတ်ဘူးလို့ အေးတိအေးစက်နဲ့ ပြန်ပြောသတဲ့။

"ဒီအခါ တောကုန်သည်ဟာ ပိုမို မခံမရပ်နိုင်ဖြစ်လာပြီး ခင်ဗျားလူလိမ်ပဲ။ သူခိုးပဲ၊ လူသတ်သမားပဲလို့ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပြီး ခင်ဗျားကို ရုံးတင်တရားစွဲမယ် ပြောကာ အတင်းဆွဲခေါ်

"မြို့သားကုန်သည်ဟာ ဟုတ်ပြီ၊ ငါ့အကြိုက်ပဲလို့ စိတ်ထဲက ကျေနပ်ပြီး ရုံးတော်ကို လိုက်သွား၊ ရုံးရောက်တဲ့အခါ သားရှင်တော ကုန်သည်က ဖရင်းရှင်မြို့ကုန်သည်ဟာ ကျွန်တော့်သားကို စွန်ချီ သွားတယ်လို့ လိမ်ပြောပြီးခိုးယူထားပါတယ်။ စစ်ဆေးဆုံးဖြတ်ပေးပါ လို့ တိုင်ပါသတဲ့။

"တရားသူကြီးက ဖရင်းရှင်ကို သားရှင်ပြောတဲ့အတိုင်း ဟုတ်သလားလို့မေးတဲ့အခါ ဖရင်းရှင်မြို့ကုန်သည်က ဟုတ်ပါတယ် လို့ ပြန်ဖြေပါသတဲ့။

"ဒီအခါ တရားသူကြီးက လောကမှာ ကလေးကိုစွန်ချီသွား တယ်လို့ ကြားဖူးသလားလို့ မေးပါသတဲ့"

"ဒီတော့ မြို့ကုန်သည်က အရှင်တရားသူကြီးကို ကျွန်တော် မေးပါရစေ။ စွန်ဟာကလေးကို ချီနိုင်သည်ဖြစ်စေ၊ မချီနိုင်သည် ဖြစ်စေ လောကမှာ ကြွက်များဟာ သံဖရင်းကို စားတယ်ဆိုတာကိုရော အရှင်တရားသူကြီးမင်း ကြားဖူးပါသလား... လို့ မေးတဲ့အခါ...

"တရားသူကြီးက သင်ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်ုပ် နားမလည်အောင် ဖြစ်နေတယ်လို့ ပြန်ပြောသတဲ့။

"ဒီအခါ ဖရင်းရှင်မြို့ကုန်သည်က ကျွန်တော်သူ့ထံမှာ သံဖရင်းတွေ အပ်ထားပါတယ်။ အဲဒီအပ်ထားတဲ့ သံဖရင်းတွေကို ပြန်တောင်းတဲ့အခါ ကြွက်ချေးတွေကိုပြပြီး ခင်ဗျားသံဖရင်းတွေ ကြွက်စားလို့ ကုန်ပြီ။ အဲဒီကြွက်ချေးတွေကိုပဲကြည့်တော့လို့ ပြောပါတယ်။ အဲဒါ... ဟုတ်မဟုတ် သိအောင်လုပ်ပြီးတော့မှ

ဘရားသူကြီးမင်း ဒီအမှုကို ဆုံးဖြတ်တော်မူပါလို့ ရှင်းပြပါသတဲ့။

"ဒီတော့မှ တရားသူကြီးဟာ သားရှင်ဟာ သံဖရင်းကို ကြွက်မစားနိုင်ဘဲ ကြွက်စားတယ်ဆိုပြီး ကြွက်ချေးတွေပြ လိမ်တဲ့ အတွက် သံဖရင်းရှင်က သားကိုစွန်မချီနိုင်ဘဲ စွန်ချီတယ်လို့ ပြန် လိမ်တာကိုးလို့ သဘောပေါက်သွားပြီး......

"တရားသူကြီးက 'အိုးရှဲ့ကို စလောင်းရှဲ့နဲ့ဖုံးတာ'ဟာ သဘာ၀ ကျ မှန်ကန်လှသလို သင့်အလုပ် သင့်အကြံဟာ ဖြစ်ရပ်နဲ့ အံဝင်ခွင်ကျ ဆီလျော်မှန်ကန်လှပေတယ်လို့ မြို့ကုန်သည်ကို ချီးကျူး ပြီး......

"သားရှင်က ဖရင်းရှင်ကို ဖရင်းများ ပြန်ပေးစေ"လို့ အမိန့်ချမှတ်လိုက်ပါသတဲ့ကွယ်"

"ပုံပြင်က ပြီးပြီလား ဦးဦး"

"အေး... ပြီးပြီလေ၊ ဘာဖြစ်လို့လဲ"

"ဦးဦးပြောတော့ 'မှန်ကန်သော လိမ်လည်ခြင်း'ပုံပြင်ဆို ာယ်မှာမှန်လို့လဲ၊ သံကို ကြွက်မစားဘဲ စားတယ်လို့လိမ်တယ်။ သားကို စွန်မချီဘဲ စွန်ချီတယ်လို့ လိမ်တယ်။ အလိပ်ချည်းဘဲ၊ ဂယ်မှာမှန်လို့လဲ"

"အဲဒါမင်းတို့ တွေးခေါ်အားနည်းသေးတယ်ဆိုတာ ၁ဲ့တာပေါ့။ ဒီမှာ ဦးဦးပြောပြမယ်။ ပထမ လိမ်တဲ့သူက သူတစ်ပါး ခကျိုးပျက်အောင် နစ်နာအောင် လိမ်ပြောတဲ့အတွက် တကယ့်လိမ်တာ။ ကိုယ်လူက အမှန်တရားပေါ်လာအောင် ပရိယာယ်ဆင်ပြီး ပညာသား

ပါပါနဲ့ ပြောတဲ့အတွက် တကယ်လိမ်တယ်လို့ မဆိုနိုင်ဘူး။ သူ ဒီလိုပြောလိုက်တဲ့အတွက် အမှန်တရားပေါ်လာရတယ်။ သူ့စကားဟာ တရားနဲ့ ကြောင်းကျိုးဆက်နေတဲ့အတွက် တကယ်လိမ်ရာမရောက်ဘူးလို့ ဆိုရမယ်။ ဒါကြောင့် မှန်ကန်သောလိမ်လည်ခြင်းလို့ ပြောတယ်ဆိုတာ သဘောပေါက်ကြရမယ်ကွယ့်"

"ဟုတ်ကဲ့၊ သဘောပေါက်ပါပြီ ဦးဦး"

**ကုဋေဝါဏီမှတ်**

+ + +

# အရေးကြီးသော တစ်စက္ကန့်ပုံပြင်

"ရှေးရှေးတုန်းက သေဌေးကြီးတစ်ဦးမှာ (၁၆)နှစ်အရွယ် သမီးချောကလေး တစ်ယောက်ရှိသတဲ့။

မိဘတွေက ဒီအရွယ်ဟာ စိတ်လှုပ်ရှားတတ်တဲ့အရွယ်၊ စိတ်ကစားတတ်တဲ့အရွယ် ဖြစ်တယ်။ သမီးကလေး မကောင်းတဲ့သူနဲ့ တွေ့ပြီး ပျက်စီးသွားမှာစိုးရတယ်ဆိုပြီး သမီးကလေးကို ဘယ်သူနဲ့မှ မတွေ့စေဘဲ ခုနစ်ထပ်တိုက်ကြီးရဲ့ အပေါ်ဆုံးထပ်မှာ အိမ်ဖော်အမျိုးသမီးကလေး တစ်ယောက်တည်းနဲ့သာ အတူထားသတဲ့"

"ပျင်းစရာကြီး နေမှာပေါ့နော် ဦးဦး။ သမီးတို့တော့ အဲဒီလို မနေနိုင်ပေါင်"



အရေးကြီးသော တစ်စက္ကန့်ပုံပြင်

"အံမာ နင်က မနေနိုင်ရအောင် လျှောက်တေချင်လို့လား"

"အဲဒီလို နင်ကော နေနိုင်လို့လား၊ ပြောပါဦး"

"ငါတို့က ယောကျ်ားလေးတွေပဲ၊ မနေနိုင် ဘာဖြစ်ရမှာလဲ"

"ဘာဖြစ်ရမှာလဲ မနေနိုင်ရင် လျှောက်ပွေပြီး ပျက်စီးချင်လို့ပေါ့"

"ကိုင်း... တော်ကြ တော်ကြ၊ ဦးဦး ပုံပြင်တောင် ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

"အဲ... အဲ... သမီးလေးပြောတာ ဟုတ်တယ်ကွယ့်။ တင်းကျပ် လွန်းအားကြီးတော့လဲ ပေါက်ပြတ်ကွဲထွက်သွားတတ်တယ်။ အပြင်ဝန်းကျင်နဲ့ အတွေ့အထိ အဆက်အဆံမရှိ အဲဆက်ပြတ်လွန်းတော့လဲ ပြင်းရိုင်းငွေ့ပြီး အပေါင်းအသင်း အဖော်အလျာ်ကို မျှော်တတ်တယ်။ နွယ်ပင်လိုပဲ နီးရာကို ဖက်တွယ်ခင်မင်စွဲလမ်းသွားတတ်တယ်။ ဒါဟာ လောကရဲ့ နိယာမဘောပဲကွယ့်"

"ဒါကို ဦးဦး ဆက်ပြောပြမယ်။ သားတို့ သမီးတို့ နားထောင်ကြ"

"သေဌေးသမီးကလေးဟာ အဲဒီလို အပေါင်းအသင်း မရှိ၊ ပျင်းရိုင်းငွေ့စွာနဲ့ တစ်ကိုယ်တည်းနေရတဲ့အချိန် တစ်နေ့မှာ ခိုးသူတစ်ယောက်ကို ဖမ်းမိတာနဲ့ လက်ပြန်ကြိုးတုပ် ဆွဲခေါ်ပြီး လမ်းဆုံလမ်းခွတွေမှာ ရပ်ရပ်ပြီး ကြိမ်နဲ့ ရိုက်ကာ, ရိုက်ကာ လူသတ်ကုန်းကို ခေါ်သွားသတဲ့"

"ဘာဖြစ်လို့ အဲဒီလို လမ်းဆုံလမ်းခွတွေမှာ ရပ်, ရပ်ပြီး ကြိမ်နဲ့ ရိုက်ရတာလဲ ဦးဦး"

"ဒီလိုခိုးရင် အပြစ်ဒဏ်ခံရမယ်ဆိုတာ သိပြီး မခိုးဝံ့ကြအောင် တစ်ခြားလူတွေကိုပါ ပညာပေးတဲ့သဘောပေါ့ကွာ"

"အဲ ဒီလိုခေါ်သွားလို့ ဆူဆူညံညံ ရုတ်ရုတ်သဲသဲ ဖြစ်နေတာကို သေဌေးသမီးကလေးက လှမ်းကြည့်လိုက်တဲ့အခါ သူခိုးကို မြင်သွားတာနဲ့ တစ်ခါတည်းစွဲလန်းသွားတဲ့အတွက် အစာ မစားတော့ပဲ သွားအိပ်နေလိုက်ပါရောတဲ့။ ဒီအခါ မိခင်သေဌေးကတော်ကြီး က ..."

"သမီး... ဘာဖြစ်လို့ ထမင်းမစားတာလဲ"

"ဟောဟိုအောက် လမ်းမပေါ်မှာ သူခိုးဆိုပြီး သတ်မယ်လို့ ရိုက်နှက်ခေါ်သွားတဲ့သူကိုရရင် သမီးအသက်ရှင်မယ်။ မရရင်တော့ သမီး မရှင်နိုင်တော့ဘူး မေမေ"

"သေဌေးသမီးကလဲ အဖြစ်သဲလိုက်တာ။ သူခိုးများ ဒီလောက် စွဲလန်းရသလား"

"ဒါကြောင့် ဦးဦးပြောခဲ့တာပေါ့။ ချုပ်ချယ်ထွန်းကော တွန်းကန်အားတွေ ဖြစ်ပေါ်လာပြီး ပေါက်ပြတ်ကွဲပြဲထွက်တတ်တယ် လို့။ ဒါဟာ မိဘတွေရဲ့ လောကသဘောလို နားလည်မှု အားနည်း ချက်ပဲပေါ့ကွာ"

"ဒီအခါ သေဌေးကတော်ကြီးက ဒီလိုမလုပ်နဲ့ သမီး၊ သမီးနဲ့ မေမေတို့ရဲ့ အခြေအနေ အဆင့်အတန်း ဂုဏ်သိက္ခာတွေ

ကိုလဲ ပြန်ကြည့်ဦးမှပေါ့။ မေမေတို့နဲ့ မျိုးရိုးဇာတိ ပစ္စည်းဥစ္စာစတဲ့ အဘက်ဘက်က အဆင့်အတန်းတူတဲ့ ယောကျ်ားကလေးရအောင် မေမေ အမြန်ဆုံးစီစဉ်ပေးပါ့မယ်”

“ဘာမှ ပြောမနေနဲ့တော့ မေမေ။ သူ့ကို မရရင် သမီး သေမှာအမှန်ပဲ။ ဒါ နောက်ဆုံးစကားပါပဲလို့ ပြောသတဲ့”

“သေဋ္ဌေးကတော်ကြီးဟာ သမီးကို ပြောလို့မရတာနဲ့ သေဋ္ဌေးကြီးကို ပြောပြတဲ့အခါ သေဋ္ဌေးကြီးက ပြောပေမယ့်လဲ မရတဲ့အတွက် လူသတ်သမားကို ငွေတစ်ထောင် ‘လာဘ်’ထိုး သူခိုးကို နှုတ်ယူလိုက်ပြီး သမီးနဲ့ ပေးစားလိုက်ပါသတဲ့”

“သမီးသာဆိုရင် ပစ်ထားလိုက်မှာ။ သူ့ဘာသာသူ သေချင်သေ မပေးစားဘူး”

“အမှာ နှင်က အပြောကြီးလိုက်တာ။ ကိုယ်တွေ့မကြုံဘူးသေးလို့ပါ။ ကိုယ်တွေ့ကြုံလာရင် ဒါထက်တောင် ကဲချင် ကဲဦးမှာ”

“စောင့်ကြည့်ပါ့လေ။ ငါတို့က ဆင်းရဲတာ ချမ်းသာတာ အပထား၊ ဒီလို သူခိုး၊ မားပြ၊ အရက်သမား၊ ဘိန်းစားလို ဇာတိတွေ ပျက်ပြားတဲ့ဟာမျိုးနဲ့တော့ ဘယ်တော့မှ မဖြစ်စေရဘူး”

“အေး… အေး… သမီးကလေး စိတ်ထားကောင်းတယ်။ မှန်တယ်”

“သားတို့လဲ သမီးလေးလို အမြင်မှန်ပြီး မွန်မြတ်တဲ့ စိတ်ထားမျိုး ရှိရမယ်”

“ဟုတ်ကဲ့ပါ ဦးဦး”

"သူခိုးကလဲ ကံကောင်းလိုက်တာ အံ့လောက်စရာပဲနော်"

"ကံဆိုတာ ဆန်းကြယ်တယ်ကွယ့်။ ဘယ်လိုမှ မှန်းဆလို့ မရဘူး။ ဘယ်လောက်ထိအောင် ဆန်းကြယ်တယ်ဆိုတာ ဆက်နားထောင်ကြပေါ့ကွာ"

"သေဌေးသမီးဟာ သူခိုးကိုရတဲ့အချိန်ကစပြီး သူ့ယောကျ်ားကျေနပ်အောင် အကျႌ၊ လုံချည်အသစ်တွေဝယ်၊ လက်ဝတ်လက်စားတွေ အပြည့်အစုံဆင်၊ သူ့ကိုယ်သူ အတတ်နိုင်ဆုံး အလှပြင်ပြီး သူကိုယ်တိုင် ချက်ပြုတ်ကျွေးမွေး ပြုစုသတဲ့ကွယ်"

"အဲဒီလို သုံး, လေးရက်လောက် ကြာတဲ့အခါမှာ သူခိုးဟာ အကြံကောင်းကြီးတစ်ခု ကြံပါလေရောတဲ့"

"ဘယ်လိုကြံသလဲ ဦးဦး။ သူ့ အသက်သခင်ကျေးဇူးရှင်ကို ဘယ်လိုများ အကောင်းဆုံး ပြန်ကျေးဇူးဆပ်ရပါ့မလဲလို့ ကြံတာလား"

"အေး... အေး... ပြောပြမယ် နားထောင်"

"အင်း... လက်ဝတ် လက်စားတွေက မနည်းဘူး။ ပစ္စည်းတွေကလဲ အဖိုးတန် အကောင်းစားတွေချည်းပဲ။ ဒီအမျိုးသမီးကိုသတ်၊ ဒီလက်ဝတ် လက်စားတွေယူ၊ အရက်ဆိုင်တစ်ဆိုင်သွား အကောင်းဆုံးအရက်တွေဝယ်၊ အမြည်းကောင်းကောင်းကလေးနဲ့ သောက်လိုက်ရ ဘယ်လောက်များ ဇိမ်ကျလိမ့်မလဲ။ ဘယ်တော့များ အဲဒီလို နေနိုင်ပါ့မလဲလို့ ကြံပါသတဲ့ကွယ်"

"ဘုရား... ဘုရား... သိပ်ကို့ရက်စက်လိုက်ပါလား။

ကြည့်စမ်း၊ နှင်တို့ ယောကျ်ားတွေ ဘယ်လောက်ရက်စက်လိုက်သလဲဆိုတာ"

"အံမာ... ယောကျ်ားတိုင်း မဟုတ်ပါဘူးဟာ။ နှင်တို့ မိန်းမတွေလဲ ရက်စက်တာပါပဲ။ ပဒုမ ပေါင်တိုဇာတ်တို့၊ မရှီးနဲ့မတ် လင်ကိုသတ် လေးဇာတ်တိုင်အောင်သာတို့ ဆိုတာတွေမှာ ကြည့်ပါလား။ မိန်းမတွေ ဘယ်လောက် ရက်စက်တယ်ဆိုတာ"

"အဲ... အဲ... တော်ကြ၊ တော်ကြ၊ ယောကျ်ားရယ် မိန်းမရယ် မဟုတ်ပါဘူးကွာ။ စိတ်နေ စိတ်ထား ဆိုးရွားယုတ်ညံ့သူ၊ မကောင်းတဲ့ အပေါင်းအသင်းနဲ့ ပေါင်းသင်းမိတဲ့သူဟာ ဆိုးရွားယုတ်မာရက်စက်တာပါပဲ"

"သူခိုးဟာ အဲဒီလို ကြံစည်ပြီးတဲ့နောက် သူစဉ်းစားပြီး၊ အင်း... ဟုတ်ပြီ၊ ဒီအတိုင်းလုပ်ရမယ်လို့ ဆုံးဖြတ်ချက်ချပြီး အစာမစားဘဲ အိပ်နေလိုက်သတဲ့"

"ဒီအခါ သေဌေးသမီးက အနားလာပြီး... "

"အရှင် နေမကောင်းလို့လား"

"နေကောင်းပါတယ်။ ဘာမှ မဖြစ်ပါဘူး"

"ဒါဖြင့် ဘာလို့ အစာ မစားတာလဲ၊ အဖေ အမေတို့က ဆူလို့လား"

"မဆူပါဘူး"

"ဒါဖြင့် ဘာဖြစ်တာလဲ၊ ပြောပါအရှင်"

"ရှင်မ သူသတ်ယောကျ်ားတွေ ငါ့ကို ခေါ်သွားတဲ့နေ့က

သူခိုးတွေကို ပစ်ချပြီးသတ်တဲ့ ချောက်မှာနေတဲ့နတ်ကို 'ကျွန်ုပ် အသက်ကို ကယ်ဆယ်ပါ။ ကျွန်ုပ် မသေရင် အရှင်နတ်မင်းကို ပူဇော်ပါ့မယ်" လို့ ဝန်ခံကတိ ထားခဲ့တယ်။ အဲဒီ နတ်မင်းကယ်လို့သာ အသက်မသေတာ။ ရှင်မကို ရတာလဲ အဲဒီနတ်မင်းရဲ့ တန်ခိုးကြောင့်ပဲ။ ဒါကြောင့် အဲဒီနတ်မင်းကို ပူဇော်ဖို့ စဉ်းစားနေတာပါ"

"ဒါများ စဉ်းစားနေသလားအရှင်ရယ်။ စောစောက ပြောရောပေါ့။ ကျွန်မတို့ကျေးဇူးရှင်နတ်မင်းကို အခုပဲ သွားပူဇော်ကြမယ်။ ဘာတွေနဲ့ သွားပူဇော်ရမယ်ဆိုတာသာ ပြောပါ။ ကျွန်မ စီစဉ်လိုက်ပါ့မယ်လို့" ပြောသတဲ့။

"ဒီသေဋ္ဌေးသမီးဟာ အဖြစ်ကိုသဲတယ်။ ဟုတ်တယ် သမီးစိတ်မရှည်တော့ဘူး။ ကိုယ်လည်ပင်းကိုယ် ကြိုးကွင်းစွပ်မယ့်မိန်းမပဲ"

"အေး... အေး... ပြောတော့ပေါ့ဟာ"

"နားထောင်ကြပါဦးကွာ။ ဘယ်သူ ဉာဏ်နည်းတယ်ဆိုတာ ဆက်နားထောင်ကြဦး"

"ဒီတော့ သူခိုးက တစ်ခြားများများမလိုပါဘူး ရှင်မရယ်၊ ရေမရောတဲ့ မပျစ်မကျဲ နို့ထမင်းနဲ့ ပေါက်ပေါက်အပါအဝင် ပန်းငါးမျိုးလောက်ဆိုရင် တော်လောက်ပါပြီ" လို့ ပြောတာနဲ့ သေဋ္ဌေးသမီးဟာ အဲဒီဟာအားလုံး ပြည့်စုံအောင် စီမံပြီး...

"ကဲ အရှင်၊ အားလုံးပြည့်စုံအောင် စီမံပြီးပါပြီ။ မြန်မြန်သွားကြစို့" လို့ ပြောတဲ့အခါ...

"သူခိုးက ဒါဖြင့် အကောင်းဆုံး အဖိုးတန်ရတနာ လက်ဝတ်

လက်စားတွေ ဝတ်၊ ရှင်မကိုယ်ကို အလှဆုံးဖြစ်အောင် ပြင်ဆင်ပြီး မိဘဆွေမျိုးတွေ ဘယ်သူ့ကိုမှမလိုက်စေဘဲ ငါတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ သွားကြစို့ ဆိုပြီး မြင်းရထားကလေးစီးကာ သူခိုးတွေကို ပစ်ချပြီးသတ်တဲ့ ချောက်ကမ်းပါးကြီးရှိရာ တောင်ကို ပျော်ပျော်ပါးပါး သွားကြပါသတဲ့ကွာ"

"ဒီမိန်းမတော့ သေတော့မှာပဲ။ အသည်းယားစရာကောင်းလိုက်တာနော်"

"လူ့ ကံ, ဥာဏ်, ဝီရိယဆိုတာ ရှိပါသေးတယ် သမီးရယ်။ သက်နားထောင်ပါဦး။ အဲ တောင်ခြေရောက်တဲ့အခါကျတော့ သူခိုးက ရှင်မ၊ ဒီနေရာကစပြီး တို့နှစ်ယောက်ထဲ သွားကြမယ်။ ကျန်တဲ့လူတွေ ရော မြင်းရထားကိုပါ ပြန်လွှတ်လိုက်။ နတ်ပူဇော်ဖို့ ထည့်လာတဲ့ တောင်းကို ရှင်မကိုယ်တိုင်ရွက်ပြီး တောင်ပေါ်တက်ကြမယ် ဆိုပြီး သူတို့နှစ်ယောက်ထဲ တက်ကြပါသတဲ့"

"တောင်ထိပ် ချောက်ကမ်းပါးပြတ်ကြီးနေရာရောက်တဲ့အခါကြတော့ သေဋ္ဌေးသမီးက အရှင်နတ်မင်းကို ပူဇော်ပါတယ်လို့ ပြောတဲ့အခါ၊ သူခိုးက ဘာမှမပြောပဲနေတယ်။ ဒါနဲ့ သေဋ္ဌေးသမီးက နောက်ထပ်ပြောတဲ့အခါကျတော့ သူခိုးက မျက်နှာထားတင်းတင်းနဲ့ ဒီမှာ နတ်တွေဘာတွေ ဘာမှ ပူဇော် ပ,သ နေစရာမလိုဘူး။ မင်းကို သက်သက် ညာခေါ်လာတာ"

"ဘယ်လိုပြောလိုက်တာလဲ အရှင်၊ ဘယ်နှယ့်ကြောင့်လဲ"

"ဘယ်နှယ့်ကြောင့်ရမှာလဲ၊ မင်းကို သတ်၊ ဒီပစ္စည်းတွေယူ

ပြီး ငါ ထွက်ပြေးတော့မလို့ပေါ့”

“ရက်စက်လှချေလား ရှင်ရယ်။ ဒီပစ္စည်းတွေရော၊ ကျွန်မကို ရော ရှင်ပိုင်တာပဲဟာ၊ ဘယ်နှယ့်ကြောင့် ဒီလို ရက်ရက်စက်စက် ကြံရတာပါလဲ။ ဒီလိုမလုပ်ပါနဲ့”လို့ အကြိမ်ကြိမ်တောင်းပန်ပေမယ့် မရတဲ့အခါ သေဌေးသမီးက...

“ဒီလိုဆိုလဲ ဒီပစ္စည်းတွေကို ယူပါ။ ကျွန်မကိုတော့ မသတ်ပါနဲ့၊ ကျွန်မကို သေစာရင်းသွင်းပြီး သေပြီလို့ပဲ မှတ်ထားလိုက်ပါ။ ဒါမှ မဟုတ် ကျွန်မဟာ အရှင့်မယား မဟုတ်တော့ပဲ ကျွန်တစ်ယောက် အနေနဲ့ အရှင့်ကို လုပ်ကျွေးနေပါရစေ”လို့ ပြောပြန်တော့လဲ...

“ဟာ... ဘယ် ဒီလိုရမလဲ။ မင့်မိဘတွေကို ပြန်ပြောရင် ဘယ့်နှယ်လုပ်မလဲ၊ မင့်ကို အစဖျောက်ပစ်မှကို ဖြစ်မှာလို့ ပြောတဲ့အခါ သေဌေးသမီးဟာ သနားစရာ ချုံးပွဲချ ငိုပါလေရောတဲ့ကွာ။ ဒီအခါ သူခိုးက ဟေ့...ငိုမနေနဲ့ကွ။ အချိန်မရှိဘူး။ ပစ္စည်းတွေချွတ်၊ မြန်မြန် အထုပ်, ထုပ်လို့ ပြောသတဲ့”

“ရက်စက်တာကတော့ ကန်းကုန်တာပါပဲနော် ဦးဦး”

“ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ အသက်သခင် ကျေးဇူးရှင် ဆိုတာကိုများ သူ မစဉ်းစားမိတော့ဘူးလား မသိဘူးနော်”

“လူမိုက်ဆိုဟာ ဒီလိုဘဲကွ၊ မကောင်းတာကိုသာ ကြံတယ်၊ ပြောတယ်၊ လုပ်တယ်၊ အဲဒီ မကောင်းတဲ့အကြံ၊ အပြော၊ အလုပ်တွေ ဟာ သူ့ကို ပြန်ထိတာပါပဲ။ နားထောင်ကွယ့် ဆက်ပြောမယ်”

"သူခိုးက ဒီလို ရက်ရက်စက်စက်ကြီး ပြောလိုက်တဲ့အခါ သဌေးသမီးက စဉ်းစားတယ်"

"လောကမှာ ဉာဏ်,ပညာဆိုတာ၊ ချက်ပြုတ်စားသောက်ပစ်စရာ၊ အစားအစာမဟုတ်ဘူး။ အကျဉ်းအကြပ် ဆင်းရဲဒုက္ခနဲ့ ကြုံတဲ့အခါ၊ အကျဉ်းအကြပ် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရေးအတွက် ကြံစည်စဉ်းစားဖို့အရာသာ ဖြစ်တယ်"

"ငါ့မှာ အဲဒီ ဉာဏ်ရှိတယ်။ ဒီအကျပ်အတည်းက လွတ်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ငါစဉ်းစားရမယ်။ အဲ... ဟုတ်ပြီ။ အဲဒီလို လုပ်မယ်"လို့ဆုံးဖြတ်ချက်ချပြီး မျက်ရည်ကိုသိမ်း၊ အငိုရပ်လိုက် ပြီးတော့ သူခိုးကို...

"အရှင်၊ အရှင့်ကို သူခိုးဆိုပြီး သတ်ဖို့ ရိုက်နှက်ခေါ်သွားဘုန်းက ကျွန်မရှင့်ကို ချစ်ခင်စွဲလမ်းတဲ့အတွက် ဂုဏ်သိက္ခာတွေကို ခင့်မကွက် မရှက်မကြောက်နိုင်ဘဲ မိဘတွေကို ငွေဟစ်ထောင်နဲ့ အရွေးခိုင်းပြီး အိမ်မှာထား၊ ဘုရားတစ်ဆူ ဂူတစ်လုံးလို ပြုစုလုပ်ကျွေးလာတာ ရှင် မှတ်မိပါတယ်နော်။

အခု ဒီနေ့ဟာ ကျွန်မသေရတော့မှာမို့ နောက်ဆုံးပြုစုတဲ့အနေနဲ့ ရှင့်ကို တစိမ့်စိမ့်ကြည့်ပြီး အားပါးတရ ရှိခိုးပါရစေလို့ ပြောတဲ့အခါ သူခိုးဟာ သဘောကျပြီး ကောင်းပါလေ ရှင်မ။ စိတ်ရှိတိုင်းသာ ရှိခိုးပါလေတော့"လို့ ခွင့်ပြုလိုက်ပြီး တောင်ထိပ်ကမ်းပါးပြတ်ကြီး အနီးတစ်နေရာမှာ ရပ်နေလိုက်သတဲ့။

"အဲဒီအခါ သဌေးသမီးဟာ သူခိုးကို သုံးပတ်, ပတ်ပြီး

လေးဘက်, လေးတန်ကနေ ရှိခိုးပြီးတဲ့နောက် ...”

“အရှင်၊ ဒီအချိန်ဟာ အရှင့်ကို ကျွန်မနောက်ဆုံးမြင်ရခြင်းပါပဲ။ ဒီအချိန်ကစပြီး နောက်ကို အရှင်ကလဲ ကျွန်မကို မြင်ရတော့မှာမဟုတ်ပါဘူး။ ကျွန်မကလဲ အရှင့်ကို မြင်ရတော့မှာ မဟုတ်ပါဘူးလို့ပြောပြီး သူခိုးရဲ့ ရှေ့ဘက်ကနေ လည်ပင်းကို အားပါးတရဖက်လိုက်လို့ သူခိုးက ကျေနပ်ပြီး အမှတ်တမဲ့ ဖြစ်နေခိုက်မှာ နောက်ကျောဘက်ကနေပြီး၊ လက်တစ်ဘက်နဲ့ သူခိုးရဲ့ပခုံးကိုကိုင် အခြားလက်တစ်ဘက်နဲ့ သူခိုးရဲ့နောက်ကျောဘက်က ပုဆိုးခါးတောင်းကျိုက်ကိုကိုင်ကာ ဇာတ်ခနဲမြှောက်ပြီး ချောက်ကမ်းပါးပြတ်ကြီးထဲ ပစ်ချလိုက်တာ သူခိုးဟာ ချောက်ကမ်းပါးက ကျောက်ဆောင်စွန်းတွေနဲ့တိုက်ခိုက်မိပြီး အပိုင်းပိုင်းပြတ်ကာ တောင်ခြေမြေကြီးဆီ ရောက်သွားပါလေရောတဲ့ကွာ”

“ဟာ ... ကောင်းလိုက်တာ ဦးဦးရယ်၊ ခုမှပဲ ဝမ်းသာရတော့တယ်”

“ဟဲ့ ... ဟဲ့ ... သူများ ဆင်းရဲဒုက္ခရောက်တာ မြင်ရကြားရရင် ဝမ်းမသာရဘူး။ ဝမ်းသာရင် ကိုယ်လဲ ဆင်းရဲဒုက္ခနဲ့တွေ့ရတတ်တယ်။ သနားကြင်နာရတယ်။ ကယ်မ, စောင့်ရှောက်ရတယ်။ အဲဒီလို သနားကြင်နာ ကယ်မ, စောင့်ရှောက်ရင် ကိုယ်လဲချမ်းသာတတ်တယ်”

“သူများချမ်းသာတာ မြင်ရကြားရရင် ဝမ်းသာရတယ်။ အဲဒီလိုဆိုရင် ကိုယ်လဲချမ်းသာတတ်တယ်။ မနာလို မရှုစိမ့်ဖြစ်ရင်

သူ ဘာမှမဖြစ်ဘူး။ ကိုယ်ပဲ ဆင်းရဲတတ်တယ်"

"ဒါဟာ ရှောင်လွှဲလို့မရတဲ့ လောကသဘောပဲကွယ့်။ မှတ်ထားကြ"

"ဦးဦး သမီး တစ်ခုပြောချင်တယ်"

"အေး... အေး... ပြော သမီး ပြော"

"ခုန သူက 'နင်တို့အမျိုးသမီးတွေ ဉာဏ်နည်းလိုက်ပုံများ"လို့ ပြောခဲ့တယ်မဟုတ်လား။ ကဲ ခုတော့ ဘယ်နှယ့်ရှိစ။ အမျိုးသမီးရဲ့ ထက်မြက်တဲ့ ဖြတ်ထိုးဉာဏ်ကြောင့် အမျိုးသားသူခိုးခံသွားရပြီ မဟုတ်လား"

"အေး... ဟုတ်တာပေါ့။ စကြာနဲ့ပိုင်းလောက်အတွင်းမှာ အခြေအနေဟာ ပြောင်းလဲသွားလိုက်တာ ယုံနိုင်စရာ မရှိလောက်အောင်ပါပဲ။ ဉာဏ်ပညာရဲ့ သတ္တိအစွမ်းဟာ အံ့သြလေကာ်စရာပါပဲကွယ်"

"ဒါကြောင့် အဲဒီအဖြစ်အပျက်ကို မြင်ရတဲ့ တောင်စောင့်နတ်ကြီးက ...

"**ယောကျ်ားမှာသာ အရာရာ ဉာဏ်ရှိမဟုတ်ပါ၊**

**မိန်းမမှာလဲ ဉာဏ်မနည်း အကဲသာသေတာ**"လို့ မှတ်ချက်ချီးကျူးလိုက်သတဲ့ကွယ်"

**(မူပဒ...ကုဏ္ဍလကေသီ ထေရီဝတ္ထု)**

\+ \+ \+



ကုဋေ္ဌလေးဆယ်ကျော်တန်သောလက်

# ကုဋ္ဌေလေးဆယ်ကျော်တန်သောလက်

"ဦးဦး ဒီနေ့ ဘာပုံပြောမလဲ"

"အေး... ငါလဲ စဉ်းစားနေတာပဲကွယ့်"

"သားတို့ ဘယ်လိုပုံစံမျိုးနားထောင်ချင်ကြသလဲ"

"လက်ဦးအပတ်က 'အသက်ဉာဏ်စောင့်'ပုံပြင် ဦးဦးပြောပြတာ သားတို့ သိပ်သဘောကျတာပဲ။ ဆတ်လိမ်မာကြီးက သိပ်ကို စဉ်းစားတတ်တယ်နော်"

"သားတို့က 'အသက်ဉာဏ်စောင့်၊ ဥစ္စာ ကံစောင့်'လို့ ကြားဖူးထားတော့ 'အသက်ဉာဏ်စောင့်'ဆိုတာပြီးရင် 'ဥစ္စာ ကံစောင့်' ဆိုတဲ့ပုံပြင် နားထောင်ရကောင်းမှာပဲလို့"

"အေး... သားတို့ နားထောင်ချင်ရင် ပြောပြရမှာပေါ့ကွယ်။ ဦးဦးလဲ အဲဒီပုံပြင်ကိုပဲ ပြောပြဖို့ စဉ်းစားထားတာနဲ့ အံကိုက်ပဲ။ ကဲ... နားထောင်ကြ"

"ရှေးရှေးတုန်းက... ရှေးရှေးတုန်းက ဆိုပေမယ့် လက်ဦးက ပြောခဲ့တဲ့ပုံတွေလို ဟို... အကြာကြီး ရှေးရှေးတုန်းက မဟုတ်ဘူး ကွယ့်။ သိပ်မကြာသေးတဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင့်ခြောက်ရာ လောက် သိပ်မဝေးတဲ့ ရှေးရှေးတုန်းကပေါ့ကွာ။

သာဝတ္ထိပြည်မှာ ကုဋေလေးဆယ်ကြွယ်ဝတဲ့ သေဌေးကြီး တစ်ယောက်ရှိတယ်။

အဲဒီ သေဋ္ဌေးကြီးဟာ ကြီးမားလှတဲ့ တိုက်ခန်းကြီးမှာ ခမ်းနားထည်ဝါလှတဲ့ အဆောင်အယောင်တွေနဲ့ ခမ်းခမ်းနားနားကြီး စည်းစိမ်ခံစားနေလိုက်တာ အတော်ကြီးကို ကာလကြာလာသတဲ့ကွယ်။

အဲဒီလို ကာလအရှည်ကြာလို့ ရှေးကုသိုလ်အရှိန်အဟုန် ကုန်လာတဲ့ အခါကျတော့ သူ့မှာရှိတဲ့ ရွှေ ငွေ ဥစ္စာရတနာတွေဟာ သူ့အလိုလို မီးသွေးခဲတွေ ဖြစ်ကုန်ပါသတဲ့။ ဟိုသေတ္တာဖွင့်ကြည့်လဲ မီးသွေးခဲ၊ ဒီသေတ္တာဖွင့်ကြည့်လဲ မီးသွေးခဲ။ အကုန်လုံး မီးသွေးခဲ တွေကြီးဖြစ်ကုန်သတဲ့"

"အံ့ဩစရာကောင်းလိုက်တာနော် ဦးဦး"

"အေး... ကံရဲ့စီမံဖန်တီးမှုဟာ ဘယ်လိုမှ ကြံလို့ စည်လို့ တွေးတောမှန်းဆလို့ မရနိုင်လောက်အောင်ကို ဆန်းကြယ် တယ်လို့ ဆိုတယ်ကွယ့်။ ဒါကြောင့်...

'လုံ့ ထမ်းလာတာကိုသာ မြင်နိုင်တယ်၊ ကံ ထမ်းလာတာကို မမြင်နိုင်ဘူး' လို့ ပြောကြတာပေါ့ကွာ။

အဲဒီလို မီးသွေးခဲတွေဖြစ်ကုန်တော့ သေဋ္ဌေးဟာ 'ငါတော့ ဘဝပျက်ပြီ၊ ဒုက္ခတော့ အကြီးအကျယ် ရောက်ရပြီ'ဆိုပြီး စိတ် အဆင်းရဲကြီး ဆင်းရဲနေတုန်းမှာ သူငယ်ချင်းတစ်ယောက် ရောက်လာ ပြီး 'သူငယ်ချင်း၊ သူငယ်ချင်းကြည့်ရတာ မျက်စိမျက်နှာ မသာမယာနဲ့ ဘယ်လိုများ ဖြစ်နေတာတုန်း' လို့ မေးသတဲ့။

ဒီအခါသေဋ္ဌေးက မပြောပါနဲ့တော့ သူငယ်ချင်းရယ်၊ ဒီမှာပဲ ကြည့်ပါတော့။ ငါ့ရဲ့ရှိသမျှ ရွှေ၊ ငွေ၊ ရတနာ ပစ္စည်းဥစ္စာတွေဟာ

အားလုံး မီးသွေးတုံး မီးသွေးခဲတွေချည်း ဖြစ်ကုန်ပါရောလား။ 'ငါ တော့ ဘဝပျက်ပါပြီ'လို့ ပြောပြီး မီးသွေးခဲသေတ္တာကြီးတွေကို ပြသတဲ့"

"အဲဒီ သေဌေးသူငယ်ချင်းဖြစ်သူက ဗဟုသုတများ၊ စဉ်းစား ဉာဏ်ရှိတဲ့သူဖြစ်တော့ 'မိတ်ဆွေ ကံဆိုးလာရင် စီးပွားဥစ္စာဆိုတာ ပျက်တတ်စမြဲပဲ။ စိတ်မပျက်နဲ့ သူငယ်ချင်း'

"သူငယ်ချင်း ဒီလိုလုပ် အဲဒီမီးသွေးတွေကို ဗန်းထဲ စကောထဲ ထည့်ပြီး လမ်းသွားလမ်းလာများ မြင်သာတဲ့ အိမ်ထဲတစ်နေရာမှာ ခင်းကျင်းပြထား"

"အဲဒီအခါ လမ်းသွားလမ်းလာတွေထဲက 'ဟင်း... သေဌေး ကလဲ မီးသွေးတွေကို ဗန်းကြီး စကောကြီးထဲ ထည့်ပြီး ပြထားလိုက်တာ သို့ ပြောရင်၊ အဲဒီလူဟာ ဘုန်းရှင် ကံရှင် မဟုတ်ဘူး။ ဟာ... မီးသွေးရှိတော့ မီးသွေးပဲ ထည့်ရတာပေါ့လို့သာ ပြောလိုက်"

"ဒီပြင်တစ်ယောက်က 'ဘာ့ကြောင့် ရွှေတွေ၊ ငွေတွေကို လူမြင်အောင် ထားရတာလဲ'လို့ပြောရင် အဲဒီလူဟာ ဒီပစ္စည်းတွေကို သုံးစွဲဖို့ကံပါလာတဲ့ ဘုန်းရှင်၊ ကံရှင်ပဲ"

"အဲဒီလိုပြောလာသူဟာ အမျိုးသမီးဖြစ်ရင် ချွေးမလုပ်လိုက် ပါ။ အမျိုးသားဖြစ်ရင် သားမက်လုပ်လိုက်ပါ။ ဒီပစ္စည်းတွေကို သူ့လက်ထဲ အပ်၊ သူ့ကို ထိန်းသိမ်းအုပ်ချုပ်စေပြီး သူငယ်ချင်းတို့ ဒိသားစုတွေ သုံးစွဲကြပေါ့"လို့ အကြံပေးသတဲ့။

"သေဌေးဟာ ဒီအကြံကို သဘောကျပြီး မီးသွေးတွေကို ဗန်းထဲ စကောထဲ ထည့်ပြီး လူမြင်သာအောင် ပြထားသတဲ့"

"အဲဒီအခါ လမ်းသွား လမ်းလာတွေက 'ဘယ့်နှယ် သေဌေးကလဲ မီးသွေးခဲတွေ ဗန်းထဲ စကောထဲထည့်ပြီး ပြထားရတာလဲ'လို့ ပြောတဲ့အခါ သေဌေးက 'မီးသွေးရှိတော့ မီးသွေးပဲ ထည့်ပြထားရတာပေါ့'လို့ ပြန်ပြောလိုက်သတဲ့"

"အဲဒီလိုနဲ့ ရက်ကလေး အတော်ကြာလာတဲ့ တစ်နေ့မှာ အမျိုးသမီးကလေးတစ်ယောက် သေဌေးအိမ်ရှေ့ရောက်လာပြီး 'အို... အဖေတို့ အမေတို့ရယ်၊ ဘယ့်နှယ်ကြောင့် ရွှေတွေ၊ ငွေတွေကို လူမြင် သူမြင် ပြထားရတာလဲ'လို့ အလန့်တကြား ပြောလိုက်သတဲ့"

"အဲဒီလို ပြောလိုက်တာကိုကြားလိုက်တာနဲ့ သေဌေးဟာ ဘုန်းရှင်၊ ကံရှင်တော့ ရောက်လာပြီလို့ သိလိုက်ပြီး၊ ဝမ်းအသာကြီးသာသွားကာ 'သမီး၊ ဘယ်မှာလဲဟဲ့ ရွှေတွေ၊ ငွေတွေ'လို့ မေးလိုက်သတဲ့"

"ဒီအခါ အမျိုးသမီးလေးက ဗန်း၊ စကောတွေထဲကို လက်ညှိုးထိုးပြပြီး 'ဟိုမှာလေ အဖေ၊ ရွှေတွေ၊ ငွေတွေ သမီးမြင်နေရတာပဲ။ ဘာဖြစ်လို့ ဒီလို လူမြင်သူမြင် ထားရတာလဲ'လို့ ပြောသတဲ့"

"ဒီအချိန်မှာ သေဌေးအနေနဲ့ မီးသွေးခဲတွေကိုပဲ မြင်နေရသတဲ့။ ဒါနဲ့ သေဌေးက 'သမီး ဒါဖြင့် အဲဒီရွှေတွေ၊ ငွေတွေကို ယူခဲ့ပါ'လို့ ခိုင်းလိုက်တာနဲ့ အမျိုးသမီးကလေးက ဗန်းကို လက်နဲ့လဲ ကိုင်လိုက်ရော မီးသွေးခဲတွေဟာ တစ်ခါတည်း ရွှေတွေ၊ ငွေတွေ ဖြစ်ကုန်ပါရောတဲ့"

"ဒါကိုမြင်ရတော့ သေဌေးဟာ သိပ်အံ့ဩသွားပြီး၊ သမီးကလေးဟာ ဘုန်းရှင်၊ ကံရှင်ပဲလို့ ဆုံးဖြတ်ကာ ချွေးမပြုလုပ်လိုက်

"မီးသွေးခဲတွေဖြစ်နေတဲ့ ရွှေသေတ္တာ၊ ငွေသေတ္တာတွေကို သမီးလက်နဲ့ အကုန်လိုက်ကိုင်ပါလို့ ခိုင်းလိုက်သတဲ့။ အမျိုးသမီးကလေးဟာ လက်နဲ့ လိုက်ကိုင်လိုက်တာ မီးသွေးခဲတွေဖြစ်နေတဲ့ သေတ္တာတွေအကုန်လုံး နဂိုမူလအတိုင်း ကုဋေလေးဆယ်ကျော်တန်တဲ့ သေတ္တာတွေအကုန်လုံး နဂိုမူလအတိုင်း ကုဋေလေးဆယ်ကျော်တန်တဲ့ ရွှေသေတ္တာ, ငွေသေတတာတွေ ပြန်ဖြစ်ကုန်ပါသတဲ့ကွယ်"

"ကဲ... ပုံပြင်ကလေးကတော့ ပြီးပြီ။ သားတို့ ဘာပြောချင်ကြသေးသလဲ"

"ဥစ္စာ ကံစောင့်ဆိုတာလဲ မပါပါလား ဦးဦး"

"အေး... သားသားတို့ တွေးခေါ်စဉ်းစား အားနည်းသေးတယ်"

"ဘုန်းရှင်ကံရှင် အမျိုးသမီးကလေးရဲ့ ရှေးဘုန်းရှေးကံကြောင့် မီးသွေးခဲတွေကနေ ကုဋေလေးဆယ်ကျော်တန် ရွှေ၊ ငွေ၊ ရတနာတွေဖြစ်လာရတာဆိုတော့ ပျက်စီးသွားတဲ့ ရွှေ, ငွေ, ရတနာတွေ နဂိုအတိုင်း ပြန်ကောင်းလာအောင် ကံက စောင့်ရှောက်စီမံဖန်တီးလိုက်တာပဲ မဟုတ်ဘူးလား။ အေး... အဲဒါ 'ဥစ္စာ ကံစောင့်' ပေါ့ သားတို့ရဲ့"

"သဘောပေါက်ကြပြီလား"

"ဟုတ်ကဲ့... သဘောပေါက်ပါပြီ ဦးဦး"

**(ကီသာဂေါတမီ ဝတ္ထု)**

\+ + +

# အသက် ဉာဏ်စောင့်ပုံပြင်

"ဦးဦး သားတို့ ပုံနားထောင်ဖို့လာကြပြီ"

"အေး...အေး... ဦးဦးကလဲ ပြောဖို့ အဆင်သင့်ပါပဲ သားတို့ရာ။ မေးဦးမယ်၊ ဘယ်လိုပုံမျိုး နားထောင်ချင်ကြသလဲ။ ပုံရှည်ရှည်လား၊ တိုတိုလား"

"သားတော့ မတိုမရှည်လေးပဲ ကြိုက်တယ်"

"ဘာဖြစ်လို့လဲကွယ့်"

"တိုလွန်းတော့ နားထောင်ရတာ အားမရဘူး၊ ရှည်လွန်းပြောလဲ မမှတ်မိဘူး။ ဒါကြောင့်ပါ"

"အေး... ကောင်းပါတယ်ကွာ၊ အများအားဖြင့် သားသားတို့ အကြိုက် မတို မရှည်လေးပဲ ဖြစ်စေရမှာပေါ့။ ဒါပေမယ့် တိုတာ ရှည်တာထက် ပုံနားထောင်ပြီးရင် ဒီပုံကြောင့် သားသားတို့မှာ အသိဉာဏ်ကြွယ်ဝလာဖို့က ပိုပြီးအရေးကြီးတယ်ဆိုတာလဲ သတိပြုပြီး နားထောင်ကြရမယ်။ ကဲ... နားထောင်ကြ"

"ဟိုး ရှေးရှေးတုန်းက တောကြီးတစ်ခုထဲမှာ ဆတ်တွေ အများကြီးနေကြသတဲ့"

"အဲဒီ ဆတ်တွေအများကြီးထဲမှာ ဆတ်တစ်ကောင်ဟာ အခြားဆတ်တွေနဲ့မတူပဲ အရာရာမှာ သတိထား စဉ်းစားတတ်တဲ့ ဉာဏ် ရှိတယ်တဲ့။ အဲဒီဆတ်ဟာ တောကြီးထဲမှာ ယမနေ့ပင် တစ်ပင်က ယမနေ့သီးများကို လာစားလေ့ရှိတယ်တဲ့"

"တစ်နေ့ တောလိုက်မုဆိုးတစ်ယောက်ဟာ အဲဒီ ယမနေ့ပင်နား ရောက်လာ၊ ယမနေ့ပင်ရင်းမှာ ဆတ်ခြေရာတွေ တွေ့ရသတဲ့။ ဒီအခါ မုဆိုးဟာ ဒါတွေဟာ ဒီ ယမနေ့ပင်က အသီးတွေကို လာစားတဲ့ ဆတ်ခြေရာတွေပဲ ဖြစ်ရမယ်"

"ဟန်ကျလိုက်လေ 'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်' ဆိုတာလို ဝေးဝေးလံလံတောင် အပင်ပန်းခံ မလိုက်ရဘဲ (အလွယ်တကူနဲ့) ဆတ်သား ဝဝ,စားရချင်တော့ ဒီနေရာမှာ ဆတ်ခြေရာတွေ တန်းတွေ့တော့တာပဲလို့ စိတ်ကူးပြီး ယမနေ့ပင်ပေါ်မှာ လင့်ထိုးပြီး လှံတစ်ချောင်းကို ကိုင်ကာ ဆတ်အလာကို လင့်စင်ပေါ်ကနေ စောင့်နေသတဲ့"

"ဆတ်လိမ္မာဟာ သူစားနေကြအချိန်ကျတော့ ယမနေ့ပင်နားရောက်လာပြီး ယမနေ့ပင်အောက် ဖြုံးခနဲ အရင်စလို မဝင်သေးဘဲ အနီးအနားကနေ အန္တရာယ်ရှိ၊ မရှိ အကဲခတ်တဲ့အနေနဲ့ ခပ်ဆိုင်းဆိုင်းလေး လုပ်နေသတဲ့"

"ဆတ်ဟာ အဲဒီလို ဖြုံးခနဲ သစ်ပင်အောက်ဝင်မလာတော့ မုဆိုးက ယမနေ့သီးများကိုခူးပြီး ဆတ်ရဲ့ရှေ့နားကို ပစ်ချပေးလိုက်သတဲ့"

"ဒါဟာ ဆတ် ယမနေ့ပင်အောက် ဝင်လာအောင် ယမနေ့သီးနဲ့ မျှားခေါ်တာပေါ့နော်ဦးဦး။ တော်တော်လူလည်ကျတဲ့ မုဆိုးပဲ"

"မုဆိုးဟာ လူလည်လား၊ လူနလားဆိုတာ တော်တော်ကြာ အဖြေပေါ်လာမှာပေါ့ကွာ"

"အဲဒီအခါ ဆတ်က ယမနေ့သီးကလေး တမြုံ့မြုံ့ကောက်ဝါးပြီး သစ်ပင်အောက် ဝင်လာရောတဲ့လား"

"ဘယ်ဝင်မလဲကွဲ့။ ဆတ်က သာမန်ဆတ်မှ မဟုတ်ဘဲ ဉာဏ်ရှိတဲ့ ဆတ်ပဲ။ သူစဉ်းစားတာပေါ့"

"ဘယ်လို စဉ်းစားသလဲ ဦးဦး"

"အင်း... ယမနေ့သီးတွေ ငါ့ရှေ့ရောက်အောင် ကျလာတယ်။ သစ်သီးဆိုတာ ကြွေကျရင် အောက်တဲ့တဲ့ကျတာမျိုးပဲ။ အပင်ရဲ့ အပြင်ဘက်ရောက်အောင် ကျရိုးထုံးစံ မရှိဘူး။ ထုံးစံကို လွန်ပြီး ဒီလို ငါ့ရှေ့ရောက်အောင် ကျလာတယ်ဆိုတာ ဘယ်နည်းနဲ့မှ ရိုးရိုး သားသားကျလာတာ မဖြစ်နိုင်ဘူး။ သစ်ပင်ပေါ်မှာ ရန်သူရှိနေပုံရတယ်လို့ စဉ်းစားပြီး သေသေချာချာ လေ့လာကြည့်တဲ့အခါ မုဆိုးကို တွေ့ရပါရောတဲ့"

"ဒီအခါ ဆတ်လိမ္မာဟာ မုဆိုးကို မမြင်ဟန်ဆောင်ပြီး မုဆိုးကို ဘာမှမပြောဘဲ..."

"အို... ယမနေ့ပင်၊ သင့်ဟာ ရှေးအခါတုန်းက အသီးများကို သစ်ပင်တို့ရဲ့ သဘောဓမ္မတာအတိုင်း အောက်တဲ့တဲ့ကိုသာ ကျစေခဲ့ တယ်။ အခုတော့ သင်ဟာ သစ်ပင်တို့ရဲ့ ဓမ္မတာသဘောကို လွန်ဆန်ပြီး ငါ့ရှေ့သို့အသီးများကို ကျစေတယ်။ သင် ယမနေ့ပင်နဲ့ သင့်ရဲ့အသီးတို့ အပြုအမူကို ငါမနှစ်သက်နိုင်၊ သဘောမကျနိုင်ပေ။ နေရစ်ပေတော့ ယမနေ့ပင်။ အခြားအပင်သို့ ငါ သွားတော့မယ်လို့ ပြောပြီး နောက်ပြန်လှည့်ကာ ခပ်သုတ်သုတ် ထွက်ခွာသွားပါလေရောတဲ့"

# သူဌေးကြီးဖြစ်သွားသည့် ပညာရှိဆင်းရဲသား

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံရာ ဘုရားလောင်း သည် ထိုပြည်တွင် သူဌေးကြီးဖြစ်သည်။ အမည်ကား စူဠသေဋ္ဌိဟု တွင်သည်။

စူဠသေဋ္ဌိသူဌေးသည် မင်းကောရာဇ်ချီးမြှင့်သော သူဌေးဘွဲ့ရ သဖြင့် နန်းတွင်းညီလာခံသို့တက်ရသည်။ တစ်နေ့တွင် မင်းအားအခစား ရန် အိမ်မှနန်းတော်သို့ထွက်လာစဉ် လမ်း၌ ကြွက်သေတစ်ကောင်ကို မြင်သည်။

စီးပွားဥစ္စာချမ်းသာသူသည် အဘယ်ပစ္စည်းကို အဘယ်သို့ စီးပွားရှာက ဘယ်ပုံစီးပွားဖြစ်နိုင်သည်။ ကြီးပွားနိုင်သည်ကို မြော်မြင် တတ်ကြသည်။ သူဌေးကြီးသည် ကြွက်သေကိုကြည့်လျက် ရင်ထဲမှ အတွေးကို နှုတ်မှပွင့်လာရေရွတ်မိသည်။

ထိုစကားကို မလှမ်းမကမ်းတွင် ရောက်နေသော ဆင်းရဲသား ကကြားသည်။ "ဉာဏ်ပညာနှင့်ပြည့်စုံသူသည် ဤကြွက်သေကို အရင်းအနှီးပြုလျက် စီးပွားရှာသော် ကြီးပွားချမ်းသာနိုင်သည်..."

ဟု ကြားသော်စဉ်းစားသည်။ ဤသူဌေးသည် စကားကို အလွတ်မဲ့မဆိုတန်ရာ။ ကြီးပွားချမ်းသာနိုင်ကြောင်း နည်းလမ်းရှိ၍သာဆိုရာသည်။ ''ဤသို့တွေးလျက် ကြွက်သေကို ကောက်ယူသည်။ အသုံးချရမည့်နည်းလမ်းကို ခေတ္တမျှစဉ်းစားသည်။ ကြွက်သေကို ခုံခုံမင်မင်စားတတ်သည်မှာ ကြောင်ဖြစ်သည်။ ကြောင်စာအဖြစ်ရောင်းသော် ငွေအသပြာရနိုင်ကောင်း၏ဟုတွေးလျက် ဈေးတွင်ချရောင်းသည်။ အသပြာတစ်ချင်ရွေးရသည်။

ဆင်းရဲသားသည် အသပြာတစ်ချင်ရွေးကို လက်မဖြင့်တောက်ကစားရင်း စဉ်းစားသည်။ မဖြစ်စလောက်အသပြာငွေနှင့် အဘယ်သို့ကြီးပွားအောင် အားထုတ်ရမလဲဟုတွေးသည်။ အတွေးပုံရိပ်တွင် တောသို့တက်လျက် ပန်းခူးရောင်းသူများပေါ်လာသည်။

''ဟုတ်ပြီ။ သူတို့တစ်တွေဟာ ပင်ပင်ပန်းပန်းလုပ်ရတော့မောနေကြတယ်။ အဲဒီလူတွေ အမောလည်းပြေ၊ အာဟာရလည်းဖြစ်အောင် တင်လဲရည်လှူမယ်။ စေတနာနဲ့ပေးလှူတာအကျိုးရှိတာပဲ''

ဆင်းရဲသားသည် ဤသို့တွေးပြီး တစ်ချင်ရွေးဖိုး တင်လဲရည်ဝယ်သည်။ ခွက်တစ်လုံးကို ဆေးကြောလျက် ဖွန်းတစ်ချောင်းစိုက်ပေးထားသည်။ ထို့ကြောင့် နောက်ရေကြည်ရေသန့်တစ်အိုးချထားပေးပြီး တောမှပြန်လာသူတွေကို ဖိတ်ခေါ်ကျွေးမွေးသည်။

ဆင်းရဲသား၏ စေတနာကို တုံ့ပြန်သောအားဖြင့် ပန်းချိုးလာသူ တို့က ပန်းအနည်းငယ်စီလက်ဆောင်ပေးခဲ့သည်။ ဆင်းရဲသားသည် ပန်းများကို သပ်သပ်ရပ်ရပ်စည်းနှောင်ပြီး ဈေးတွင်ရောင်းသော် အသပြာအနည်းငယ်ရပြန်သည်။ ဆင်းရဲသားသည် ရသည့်အသပြာဖြင့် တင်လဲရည်ထပ်ဝယ်သည်။ ယခင်ကထက်များပြားသော တင်လဲရည်ရသည်။

နောက်တစ်နေ့တွင် မြို့တံခါးဝမှ စောင့်ကြိုလျက် တင်လဲရည်လှူသော် ပန်းချိုးလာသူတွေက စေတနာကိုတုံ့ပြန်သောအားဖြင့် တစ်ဝက်ဇီခွဲဝေပေးသည်။ ဤပန်းမျိုးများကိုရောင်းချသော် အသပြာရှစ်ပြား ရသည်။

ကြွက်သေကို ကြောင်စာအဖြစ်ရောင်းရာတွင် တစ်ချင်ရွေးသော အသပြာရခဲ့ရာမှ ယခုအခါ အသပြာရှစ်ပြားပိုင်ဆိုင်သူဖြစ်၍ အားတက်လာသည်။ သူဌေးကြီးစကား မှန်ပေတကားဟု တွေးပြီး ကျေနပ်သွားတော့သည်။

□

ရက်အနည်းငယ်ကြာသော် လေပြင်းမုန်တိုင်းကျသဖြင့် မင်းဥယျာဉ်အတွင်းရှိ သစ်ပင်များလဲသည်လဲ၊ ကျိုးသည်ကျိုးကုန်သည်။ ဥယျာဉ်မှူးသည် ယင်းအကျိုးအပဲ့၊ အပျက်အစီးများရှင်းလင်းရန် စိတ်အိုက်နေသည်။ ထိုစဉ်ဆင်းရဲသားရောက်သွားသော် ထင်းယူခွင့်ပြုလျှင် နဂိုအတိုင်းသပ်သပ်ရပ်ရပ်ဖြစ်သည်အထိ ရှင်းပေးပါမည်ဟု ပြောလိုက်သည်။ ဥယျာဉ်မှူးက ခွင့်ပြုသဖြင့် ကျေနပ်သွားသည်။ မြို့တွင်းသို့ ပြန်ဝင်လာပြီး ကလေးငယ်များကို စုရုံးခေါ်သည်။တင်လဲရည်တိုက်ကျွေးလျက် ရှင်းလင်းရာ နှစ်ရက်သုံးရက်နှင့် ပြီးသွားသည်။ ထင်းအမြောက်အမြားရလိုက်သည်။

ဆင်းရဲသားသည် ဘုရင်၏ အိုးတော်လုပ်ကို ဈေးချိုချိုနှင့် ပြန်ရောင်းလိုက်ရာ အသပြာနှစ်ဆယ့်ပြားရသည်။ ရင်းနှီးဖို့ငွေကြေး အတန့်အသင့်ရသွားသည်။

ဆင်းရဲသားသည် ငွေအသပြာအနည်းငယ်ဖြင့် တင်လဲရည် ဝယ်ပြီး မြက်ထမ်းသမားများကို ပေးလှူတိုက်ကျွေးပြန်သည်။ မြက်အချို့ပေးသဖြင့် ရောင်းချရာ အသပြာငွေက တိုးပွားလာသည်။ ဆင်းရဲသားသည် ကိုယ်ပိုင်အတွေး၊ ကိုယ်တိုင်လုပ်ရင်း၊ မိတ်ဆွေသစ်

များတိုးလာသည်။ ဆိပ်ကမ်းအရာရှိနှင့်လည်း ရင်းနှီးကျွမ်းဝင်ခွင့်ရသည်။

တစ်နေ့တွင် ဆိပ်ကမ်းအရာရှိက နောက်တစ်ရက်နှစ်ရက်တွင် မြင်းကုန်သည်တစ်ယောက် ဤဆိပ်ကမ်းဆိုက်လိမ့်မည်။ မြင်းကောင်ရေငါးရာပါလိမ့်မည်ဟု သတင်းရသည်။ ထိုသတင်းရသည်နှင့် မိတ်ဆွေမြက်ထမ်းသမားများထံသွားသည်။ တင်လဲရှည်တိုက်ကျွေးလျက် မြက်တစ်စည်းစီ တောင်းခံသည်။ မြက်ထမ်းသမားများကလည်း လိုလိုလားလားပေးရာ ထိုမြက်များကို နောက်တစ်နေ့တွင် မြင်းစာအဖြစ်ရောင်းရှာ အသပြာတစ်ထောင်ရလိုက်သည်။

တစ်ပတ်ခန့်အကြာတွင် ဆိပ်ကမ်းအရာရှိနှင့်ဆုံအောင် နောက်တစ်ရက်နှစ်ရက်တွင် ကုန်သဘော်တစ်စီးဆိုက်ကပ်မည့်အကြောင်း သတင်းပေးသည်။ဆင်းရဲသားသည် မမျှော်လင့်ဘဲရသည့်အခွင့်အရေးကို အကျိုးရှိစွာအသုံးချဖို့ အတွေးရလိုက်သည်။

ဆင်းရဲသားသည် ရထားတစ်စီးနှင့် လူအချို့ကိုငှားလိုက်သည်။ အဖိုးတန်အဝတ်အစားအချို့ဝယ်သည်။ ထို့နောက် သူ့လူများခြံရံလျက် ဆိပ်ကမ်းသို့ မြင်းရထားနှင့်သွားသည်။ ကုန်သည်တစ်ဦးဟန်ပန်ဖြင့် လှေသူကြီးနှင့် သွားရောက်တွေ့ဆုံသည်။ လှေသူကြီးကို ငွေဝတ်ကျေပွန်အောင်ပြုစုရင်း လက်စွပ်တစ်ကွင်း လက်ဆောင်ပေးလိုက်သည်။ ထို့နောက်မကြာမီ ဆိုက်ကပ်လာတော့မည့် ကုန်သဘော်ပါကုန်များကို ငွေကတိဖြင့် ဝယ်လိုက်သည်။ ကုန်သဘော်ဆိုက်ကပ်လာချိန်ထိ ဆိပ်ကမ်း၌ပင် ခမ်းနားစွာနေထိုင်လိုက်သည်။

ဆိပ်ကမ်းသို့ ကုန်သဘော်ဆိုက်ကပ်ကြောင်း သတင်းကြားသော် ကုန်သည်များအပြေးအလွှား ရောက်လာကြသည်။ သို့သော်ဆင်းရဲသားက `လှေသူကြီးနှင့် အရောင်းအဝယ်လုပ်ထားပြီးဖြစ်၍ဝယ်မရကြပေ။ ဆင်းရဲသားထံမှတဆင့် ပြန်ဝယ်ရသည်။ ဆင်းရဲသား

သည် သဘော်ပါကုန်ကို လက်လွှဲရောင်းလိုက်ရာ အသပြာငွေနှစ်သိန်း ရလိုက်သည်။

"ဟ၊ အဲဒါဘာများပါလိမ့်"

"ငွေသားတစ်သိန်းပါခင်ဗျ…သူဌေးကြီးကို ပူဇော်တာပါ။"

"ဟေ…"

ဆင်းရဲသားသည် အသပြာနှစ်သိန်းအနက် တစ်သိန်းကို သေချာစွာထုတ်ပြီး စူဠသေဋ္ဌိသူဌေးရှေ့ချလိုက်ပြီး ရိုရိုသေသေရှိခိုးသည်။ ဆင်းရဲသား၏ အပြုအမူကို နားမလည်ဟန်ဖြင့် ကြည့်လျက် သူဌေးကြီးကမေးသည်။

"ဒီလိုပါခင်ဗျ… တစ်နေ့လမ်းလျှောက်အလာ သူဌေးကြီးက ကြွက်သေကိုကြည့်ပြီး ပြောတဲ့စကားကြားပြီး၊ ကြွက်သေကို ကြောင်စာအဖြစ်ရောင်းတာ အသပြာတစ်ချင်ရွေးရပါတယ်။"

ဆင်းရဲသားသည် အသပြာတစ်ချင်ရွေးမှ တိုးပွားလာရပုံကို အသေးစိတ်ပြောပြလိုက်သည်။ အကြောင်းစုံသိသော် အတွေးအခေါ်နှင့် အကြံအစည်ရှိသော ဤသူငယ်သည် ပညာဉာဏ်နှင့်ပြည့်စုံသည်။ ဆင်ခြင်နိုင်စွမ်းရှိသည်။ နောင်တစ်ချိန်တွင် ကြီးပွားချမ်းသာမည်မှာ ဧကန်ဖြစ်သူဟုတွက်လျက် သမီးနှင့်ထိမ်းမြားပေးလိုက်သည်။ သူဌေးကြီးကွယ်လွန်သော် စည်းစိမ်များစွာရလျက် မင်းဧကရာဇ်က သူဌေးအရာမြှောက်စားခံရသည်။

ဆင်းရဲသော်လည်း တွေးတောကြံဆတတ်သော ဉာဏ်ပညာ၊ ထကြွလုံ့လရှိသူသည် ပစ္စုပ္ပန်သံသရာ ကြီးပွားချမ်းသာနိုင်ပေသည်။

**ကျမ်းကိုး**

**ငါးရာငါးဆယ်ဇာတ်တော်၊ ကေနိပါတ်၊ စူဠသေဋ္ဌိဇာတ်**

❑

# ပညာလက်နက်

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မမင်းကြီးစိုးစံ၏။ ထိုမင်း၏ မိဖုရားတွင် သားတော်တစ်ပါးရှိသည်။ မင်းသားသည် မွေးဖွားစဉ်ကပင် လက်နက်ငါးမျိုးပိုင်ဆိုင်သည်။ ကျွမ်းကျင်စွာအသုံးချနိုင်သည်။ ထို့ကြောင့် "ပဉ္စာဝုဓ" မင်းသားဟု အမည်တွင်ပေသည်။

မင်းသားသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်သော် ယောကျ်ားတို့တတ်အပ်သော အတ္တရသတစ်ဆယ့်ရှစ်ရပ်သင်ရန် တက္ကသိုလ်ပြည်သို့ စေလွှတ်သည်။ မင်းသားသည် ဒိသာပါမောက္ခ ဆရာကြီးထံတွင် အသပြာပေးလျှက် ဆင်စီး၊ မြင်းစီး၊ ဓါးခုတ်၊ လှံထိုးမှစလျှက် နက္ခတ်အတတ်၊ သချာ်အတတ် စသည်တို့ကို ကြိုးစားသင်ယူသည်။ မင်းသားသည် အတတ်ပညာစုံသော် ဆရာအားနှုတ်ဆက်ကန်တော့သည်။ လက်နက်ငါးမျိုးတွင် အထူးကျွမ်းကျင်သဖြင့် ထိုလက်နက်များအား ချီးမြှင့်လိုက်သည်။

မင်းသားသည်အဖော်မပါ တစ်ကိုယ်တည်းပင် လက်နက်ငါးပါးကိုင်ဆောင်လျှက် ပြန်လာသည်။ မင်းသား၏ အပြန်လမ်းတွင် တောအုပ်တစ်ခုကို ဖြတ်ရမည်။ ထိုတောအုပ်၌ စေးထန်သော အမွေးတို့ရှိသည့် ဘီလူးကစောင့်သည်။ တောအုပ်ကို ဖြတ်လာသူများအား

ပမ်းယူစားသောက်သည်။ မင်းသားသည် တောအုပ်ဖြတ်မည်ကြံသော် အကျိုးအကြောင်းသိသောလူက မသွားရန်တားမြစ်သည်။ ဘီလူးစောင့်သည့် တောအုပ်ကို မဖြတ်ဘဲ အခြားလမ်းမှသွားရန် တိုက်တွန်းသည်။ သို့သော် မင်းသားက မကြောက်မရွံ့နောက်မတွန့်ဘဲ တောအုပ်တွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်။

❒

"ဟယ်လူသားရပ်လော့။ သင်ဟာငါ့အစာဖြစ်ပြီ"

ထန်းပင်တမျှမြင့်သည့် အရပ်နှင့် ရှေ့မှကားယားဆီးတားနေသော ဘီလူးကိုတွေ့သည်။ ဘီလူးသည် အသံနက်ကြီးဖြင့် ခြိမ်းခြောက်၍ လက်များကို ဝှေ့ရမ်းပြီးဖမ်းဆီးရန်ကြံသည်။

ပဉ္စာဝုဓမင်းသားသည် ဘယ်သို့ပင်ခြိမ်းခြောက်စေကာမူ နောက်တွန့်ခြင်းမရှိ။ ကျောတွင်လွယ်ထားသော မြားတောင့်ထဲမှ မြားကိုဆွဲထုတ်သည်။ လေးဖွင့်တင်သည်။ ဘီလူး၏နှလုံးသားကို ချိန်လျက် အရှိန်ပြင်းပြင်းဖြင့် ပစ်လွှတ်သည်။ မြားသည် ဘီလူး၏ စေးထန်သောအမွေးတွင်ကပ်လျက် ရပ်တန့်သွားသည်။ မင်းသားက နောက်ထပ်မြားတစ်စင်းထုတ်ယူပြီး ထပ်ပစ်သည်။ တစ်စင်းပြီးတစ်စင်း ပစ်လွှတ်ရာ မြားအားလုံးသည် ဘီလူး၏ အမွေး၌သာလျှင် ကပ်ငြိကုန်၏။

ဘီလူးနှင့်ရင်ဆိုင်တွေ့ချိန် ကိုယ်ကိုင်ဆောင်သည့် လက်နက်က အစွမ်းမထက်သော်လည်း သာမန်လူသာဆိုလျှင် ကြောက်ဒူးတုန်လျက် နောက်ဆုတ်ပြေးလိမ့်မည်။ ပဉ္စာဝုဓမင်းသားကမူ ကြောက်လန့်ခြင်းမရှိ။ မြားတွေကုန်သည်နှင့် ခါးမှသန်လျက်ဖြုတ်ပြီးခုတ်သည်။ သန်လျက်သည်လည်း အမွေး၌သာကပ်ငြိသည်။

မင်းသားသည် ကျော၌ပိုးထားသည့် တောင့်ဖြင့်ရိုက်ပြန်သည်။ တောင့်သည်လည်း အမွေး၌ကပ်သည်။ တဖန်ခြေထောက်ပုတ်ဖြင့်

ရိုက်သည်။ ဆောက်ပုတ်သည်လည်း အမွှေး၌ကပ်သည်။

လေးမြှား၊ သန်လျက်၊ တောင့်၊ ဆောက်ပုတ်တို့ကို ဆုံးရှုံးသွားသော် မင်းသား၌ လက်နက်မရှိတော့။ ဘီလူးက သွားကိုဖြဲလျက် အားပါးတရရယ်သည်။ ရယ်သံက မိုးခြိမ်းသံတမျှ ကျယ်လောင်သည်။ အခြားသူသာဆိုလျှင် တန့်တည်နေခဲ့တော့မည် မဟုတ်ပင်။

"ဟယ်ဘီလူး၊ ငါဟာလက်နက်ငါးပါးကို အားကိုးပြီးသည် အရပ်ကိုလာသည်မဟုတ်၊ ငါ့ကိုယ်စွမ်းကို ယုံကြည်ပြီးလာခဲ့ သူသာ... သင်သေပြီလို့သာမှတ်တော့..."

ပဥ္စာဝုဓမင်းသားသည် နောက်သို့ပြန်မဆုတ်ဘဲ ရှေ့သို့တက်သည်။ လက်ယာလက်သီးဖြင့် ပစ်ထိုးလိုက်သည်။ ယာလက်သီးသည်လည်း အမွှေး၌ကပ်သည်။ ထို့နောက် လက်ဝဲလက်သီးဖြင့်ထိုးသည်။ လက်ဝဲလက်သီးလည်း အမွှေး၌ကပ်သည်။ ညာခြေ၊ ဘယ်ခြေဖြင့် ပစ်ကန်သည်။ ခြေထောက်များလည်းအမွှေး၌ကပ်ကုန်သည်။ မင်းသားကား မာန်မလျော့။ ဘီလူး၏ နှလုံးသားဆီသို့ ဦးတည်လျက်ခေါင်းဖြင့် ပစ်တိုက်သည်။ ဦးခေါင်းသည်လည်း အမွှေး၌ကပ်သည်။ ပဥ္စာဝုဓ မင်းသားသည် စဥ့်အိုးတွင်ကပ်နေသော ဖားပျံတစ်ကောင်နှယ် ဘီလူး၏ကိုယ်တွင် ကပ်နေသည်။ လှုပ်ရှားမရတော့။

ထူးခြားသည့် လူကိုတွေ့ရသဖြင့် ဘီလူးသည် ခေတ္တမျှ ကြောင်နေသည်။ သူသည် ရှေးအခါက လူများကိုဖမ်းဆီးစားဖူးသည်။ သူ့ကိုယ်မြင်ရုံဖြင့် သတိမေ့လဲကျသွားသည့်လူကို အသာကောက် စားရုံသာ။ အချို့သူကတော့ အနည်းငယ်သတ္တိရှိသည်။ မြင်ရုံဖြင့် မေ့မလဲဘဲ ခွန်အားရှိသမျှ လွတ်မြောက်အောင်ထွက်ပြေးသည်။ ဘယ် သို့ပင် ပြေးစေကာမူ လမ်းဆန့်လှမ်းလိုက်ရုံဖြင့် ပြေးနေသူက ယက်ကန် ယက်ကန်ပါလာသည်။ ထိုအခါကျမှ ကြောက်အားလန့်အားနှင့် အော်

ရင်းငိုယိုတတ်သည်။

ဤလူငယ်ကမူ ကြောက်လန့်ရမှန်းလည်း သိပုံမရ။ ရင်ဆိုင်သည်နှင့် သူကာစတိုက်သည်။ သူလက်နက်များ အစွမ်းမထက် မှန်းသိသော်ငြားလည်း နောက်မဆုတ်။ ပူးသတ်တိုက်ခိုက်သည်။ စေးထန်သောအမွေးတို့၌ ကပ်ငြိတွယ်နေသည့်တိုင် ခုခံရန်ကြိုးစားဆဲပင်။

"လုလင်၊ သင်ဟာသေရမည်ကို မကြောက်သလော..."

"ငါမကြောက်"

"အခုသင့်ဘာတတ်နိုင်သေးတုန်း၊ သင့်ကိုယ်လုံးကို ကျွတ်ကျွတ်မည်အောင် ဝါးစားရုံသာရှိတော့သည်။"

"သင်စားဝံ့ရင်စားစမ်း၊ ငါသေသလို သင်လည်းသေမှာပဲ"

"ဘာဖြစ်လို့ငါကသေရမှာလဲ"

"ဟယ် ဘီလူးမိုက်။ ငါ့ကိုယ်တွင်းမှာ အစွမ်းထက်တဲ့ ဝရဇိန်လက်နက်ရှိတာသင်မသိရှာသလား... ငါ့ကိုစားတာနဲ့ ငါ့ကိုယ်တွင်းက ဝရဇိန်လက်နက်က သင့်အူတွေ၊ အသည်းတွေကို အပိုင်းပိုင်းပြတ်သွားအောင် ပိုင်းဖြတ်ပစ်လိမ့်မယ်။ ပြီးရင် သင့်ကိုယ်လုံးကို ဓားဖြင့်နုတ်နုတ်စင်းထားသလို ခုတ်စင်းပစ်လိုက်မယ်။ ငါသေသလို သင်သေအုံ့"

ဘီလူးသည် စားရန်ကြံပြီးမှ တွေဝေသွားသည်။ ဤလုလင်သည် မကြောက်မရွံ့ခုခံနေခြင်းမှာ သူပြောသည့်အတိုင်း ဝရဇိန်လက်နက်ရှိ၍သာဖြစ်မည်"ဟု တွေးလျက် မင်းသားကို လွှတ်ပေးလိုက်သည်။ ပဉ္စာဝုဓမင်းသားသည် တရားပြလျက် သူ့အသက်မသက်ရန်၊ ကံငါးပါးထိန်းရန်ဆုံးမပြီး ခရီးဆက်ခဲ့တော့သည်။

ပဉ္စာဝုဓမင်းသားသည် လက်နက်ငါးပါးပိုင်ဆိုင်သူဖြစ်သည်။ ထိုလက်နက်များက ဘီလူးကိုယ်၌ငြိလျက် ဆုံးရှုံးခဲ့ပြီ။ ဝမ်းတွင်း၌ ဝရဇိန်လက်နက်ရှိသည်ဆိုခြင်းမှာ အမှန်မဟုတ်။ လွှတ်မြောက်ရေး

အတွက် ကြံဆတွေးတောတတ်သည်။ ပညာလက်နက်ကို ရည်ညွှန်ခြင်း ဖြစ်သည်။ ပညာရှိသူသည် အခက်အခဲမှန်သမျှ ကျော်လွှားနိုင်သော အစွမ်းသတ္တိရှိသည်ကို ပဥ္စဝုဓမင်းသားက ပြသလိုက်ပေးသည်။

ကျမ်းကိုး

ဧကနိပါတ်၊ ပဥ္စဝုဓမင်းသားဝတ္ထု

❑

# ပညာရှိသော မင်းနှစ်ပါး

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မမင်းကြီးစိုးစံသည်။ မင်းကြီးသည် မင်းကျင့်တရားဆယ်ပါး၊ အပရိဟာနိယတရားခုနစ်ပါး၊ အဂတိတရားလေးပါးနှင့်အညီ အုပ်စိုးသည်။ အထူးသဖြင့် အဂတိတရားလေးပါးကို အလျှဉ်းမလိုက်စားချေ။ ထို့ကြောင့် အမတ်တို့ကလည်း အဂတိမကျင့်ဝံ့။ တရားတပေါင်ခုံးဖြတ်ရန်ရှိလျှင် မှန်ကန်စွာဆုံးဖြတ်လေ့ရှိသည်။ ထို့ကြောင့် ကောက်ကျစ်စဉ်းလဲသူတို့သည် တရားရင်ဆိုင်ဝံ့ခြင်းမရှိသဖြင့် တရားရုံးအဝင်အထွက်နည်းလေသည်။

ဗြဟ္မဒတ်မင်းသည် ဤသို့တရားနှင့်အညီအုပ်ချုပ်သဖြင့် တရားရုံးတွင် အမှုတို့ဆိတ်သုဉ်းသောအခါ စဉ်းစားသည်။ "ငါသည် တရားနှင့်အညီအုပ်စိုးသည်ကား မှန်၏။ သို့သော် အပြစ်ကင်းမကင်း၊ မိမိအပြစ်ကို ရှာဖွေသင့်သည်။ တစ်စုံတစ်ဦးက ငါ၏ကွယ်ရာတွင် အပြစ်ကို ပြောဆိုအံ့။ ထိုအပြစ်ကိုပြုပြင်လျက် အပြစ်ကင်းအောင်နေအံ့။ မှန်ကန်စွာကျင့်ဆောင်အံ့။ မင်းကြီးသည် ဤသို့စဉ်းစားပြီးသည်နှင့် ရုပ်ဖျက်လျက် နန်းတွင်းနန်းပြင်စုံစမ်းသည်။ မြို့တွင်းမြို့ပြင်ရှာစမ်းသည်။ အပြစ်ဆိုသူမရှိချေ။ သို့နှင့်မြို့တံခါးလေးရပ်မှထွက်လျက် ကျေးရွာဇနပုဒ်တိုင်းလှည့်လာရှာစမ်းသည်။ ဤတွင်လည်းအပြစ်ပြောသူမရှိကြ။ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ပြောဆိုသူချည်းသာရှိသည်။ မင်းကြီးသည်

ကျေနပ်နှစ်သိမ့်ခြင်းမရှိသေး။ တိုင်းပြည်၏ နယ်စွန်နယ်ဖျားထိ ရထားနှင့်ထွက်လျက် စုံစမ်းပြန်သည်။ ထိုအရပ်၌လည်း အပြစ်ဆို သူမရှိချေ။ မင်းကြီးလည်း ကိုယ့်ကိုယ်ကို သံသယကင်းရှင်းလျက် နေပြည်တော်သို့ ပြန်လာခဲ့လေသည်။

မြဟ္မဒတ်မင်းသည် ရထားစီးလျက် ပြန်အလာ လမ်းခရီးတစ်နေရာ၊ လမ်းကျဉ်းတစ်ခုတွင် ကောသလဘုရင် ဗလ္လိက၏ ရထားနှင့် ရင်ဆိုင်တိုးသည်။ ကောသလမင်းသည်လည်း မင်းကျင့်တရား (၁၀) ပါး၊ အပရိယဟာနိယ တရား(၇)ပါး၊ သင်္ဂဟတရားလေးပါးနှင့် အညီအုပ်ချုပ်သောမင်းဖြစ်သည်။ ကောသလမင်းသည်လည်း အဂတိလေးပါးရှောင်ရှားသည်။ တိုင်းသူပြည်သားများက ချစ်မြတ်နိုးလျက် အပြစ်မဆိုကြ။ ချီးမွမ်းဂုဏ်တင်ခံရသောမင်းဖြစ်သည်။ ကောသလမင်းသည် မိမိ၏ အပြစ်ကို စူးစမ်းရှာဖွေရာမှ ပြန်လာခြင်းဖြစ်သည်။ မင်းနှစ်ပါး၏ ရထားနှစ်စီးသည် လမ်းကျဉ်းလေးတွင် ရင်ဆိုင်ဆုံမိကြသည်။

"ရှေးတူရှုက ရထားက ဘယ်သူ့ရထားပါလိမ့်"

မြဟ္မဒတ်မင်း၏ ရထားမှူးက လမ်းဖယ်ပေးစိမ့်သောငှာ မေးလိုက်သည်။

"ကောသလပြည့်ရှင်ဘုရင်ဗလ္လိကရထားပါအဆွေ"

"ဩော်… မင်းရဲ့ရထားကိုး။ အဆွေသင်တို့ မင်း၏ အသက်က ဘယ်လောက်ရှိပြီလဲ"

မြဟ္မဒတ်မင်း၏ ရထားမှူးက အကျင့်တူ၊ ဂုဏ်ရည်တူမင်းမှန်းသိလိုက်၍ အသက်ကိုမေးသည်။ အကယ်၍ ကောသလမင်းက အသက်ကြီးလျှင် သူ့ရထားကိုဘေးချပေးမည်။ ကောသလမင်းက
အသက်ကြီးလျှင် သူ့ရထားကိုဘေးချပေးမည်။ ကောသလမင်းက

အသက်ငယ်လျှင် ဝရှေ့တွင်အရ ဂုဏ်ရှိသေအပ်သဖြင့် လမ်းဘေးတိမ်းစေမည်ဟု တွေးလျှက် မေးလိုက်သည်။

"အဆွေ၊ ငါတို့မင်းအသက်ကား ဤမျှပါ"

"ဟင်… အသက်တူနေပါလား… မဖြစ်သေးပါဘူး။ တခြားနည်းလမ်းစဉ်းစားဦးမှဖြစ်မယ်…"

"မိတ်ဆွေ၊ သင်တို့နိုင်ငံအကျယ်အဝန်းက ဘယ်မျှရှိလဲ"

"အဆွေ… အဘာယ်မျှပါ"

"အား… ဒါလည်းတူနေပြန်ပြီ။ စစ်သည်အင်အားက ရော…"

"စစ်သည်ဘယ်မျှရှိပါတယ်"

ဖြဟ္မဒတ်မင်း၏ ရထားထိန်းစိတ်ညစ်သွားသည်။ နိုင်ငံ၏ အကျယ်အဝန်းပမာဏ၊ စစ်သည်အင်အား၊ စည်းစိမ်ဥစ္စာ၊ အခြွေအရံ၊ အမျိုးအနွယ်ဇာတိတို့ချင်းတိုက်ဆိုင်ရာ ခြားနားခြင်းမရှိဘဲ တူနေသည်ချည်းဖြစ်သည်။ ဘာဆက်လုပ်ရမှန်းမသိ၍ အကြံရကျပ်နေချိန်တွင် ခေါင်းထဲအတွေးတစ်ခုဝင်လာသည်။

"မိတ်ဆွေ၊ အကျင့်သီလသိပါရစေဦး"

"အဆွေ၊ ငါတို့မင်းကြီးသည် ကြမ်းကြုတ်ခက်ထန်သူအား ကြမ်းကြုတ်ခက်ထန်သော ဒဏ်ပေးသည်။ နူးညံ့သိမ်မွေ့သူအား နူးညံ့သိမ်မွေ့မှုဖြင့် အောင်နိုင်သည်။ ကောင်းသောသူကို မိမိက ကောင်းခြင်းဖြင့် အောင်မြင်သည်။ မကောင်းသောသူကိုမူ မကောင်းသည့်နည်းဖြင့် တုံ့ပြန်ဆုံးမသည်။ ဤကားငါတို့မင်းအကျင့်တည်း"

ကောသလမင်း၏ရထားမှူးသည် မှန်ကန်စွာကျင့်သည့်မင်း၏ အကျင့်ကို ဂုဏ်ယူဝင့်ကြွားစွာပြောလိုက်သည်။ တစ်ဖက်သားခံ့ညားလေးစားလောက်သော ဂုဏ်ရည်ရှိသဖြင့် လမ်းဖယ်ပေးသင့်သည်ဟုမင် ထပ်လောင်းဆိုလိုက်သည်။

ဗြဟ္မဒတ်မင်း၏ ရထားမှူးက တစ်ချက်ပြုံးလိုက်သည်။

"မိတ်ဆွေ၊ ငါတို့၏ အရှင်သည် အမျက်ဒေါသကြီးသူကို မေတ္တာဖြင့်အောင်နိုင်၏။ မကောင်းသူကို မိမိ၏ကောင်းမှုဖြင့် အနိုင်ယူ၏။ ဝန်တိုစဉ်းလဲသူကို ပေးကမ်းခြင်းဖြင့် အောင်ပွဲခံ၏။ လိမ်ညာစကားဆိုသူကို မှန်ကန်သောသစ္စာစကားဖြင့် ဆုံးမ၏။ ဤကား ငါတို့မင်း၏ အကျင့်တည်း။"

ယင်းစကားကိုကြားသော် ကောသလဘုရင်ဗလ္လိကသည် ရထားပေါ်မှဆင်းသည်။ ရထားမှူးသည်လည်း ရထားထက်မှ အလျှင်အမြန်ဆင်းသည်။ မြင်း၏ကြိုးကိုဆွဲလျက် ရထားကို လမ်းဘေးသို့ချသည်။ လွှတ်ကင်းသော်မှ ဗြဟ္မဒတ်မင်း၏ ရထားကိုမောင်းစေသည်။ ဗြဟ္မဒတ်မင်းသည် ကောသလမင်း၏ အကျင့်သိက္ခာကို လေးစားစွာဖြင့် ဆုံးမသင့်သည်ကို ဆုံးမစကားဆိုပြီး ရထားကိုဆက်မောင်းသွားတော့သည်။

လူတွင် စည်းစိမ်ဥစ္စာ၊ ရွှေငွေရတနာပြည့်စုံခြင်း၊ ဂုဏ်ဒြပ်ကြီးမားခြင်းသည် အဓိကမဟုတ်။ အကျင့်သီလနှင့် ပြည့်စုံခြင်းသည်သာ ပဓာနကျသည်။ အကျင့်သီလ၌လည်း မေတ္တာစိတ်ကို ရှေ့တန်းတင်ပြီး၊ အရာရာတွင်သည်းခံခွင့်လွှတ်ခြင်း အကြည့်၊ ချစ်တတ်သော မျက်စိဖြင့် ကြည့်တတ်ခြင်းသည်သာလျှင် လူ၊ နတ်၊ ဗြဟ္မာတို့၏ ချီးမွမ်းခြင်းကို ခံရသည်။ ထိုသူမျိုးကိုသာလျှင် ပညာရှိသူဟု ခေါ်ဆိုထိုက်ပေသည်။

**ကျမ်းကိုး**

ငါးရာငါးဆယ်ဇာတ်တော်၊ ဒုကနိပါတ်၊ ရာဇောဝါဒဇာတ်

□

## သဖန်းပင်ထက်ကနှလုံးသား

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတောင်တွင် မျောက်မျိုး၌ ဖြစ်၏။ ဂင်္ဂါမြစ်ကွေ့တစ်နေရာ၊ တောစပ်ကိုအမှီပြုလျက်နေသည်။

ထိုမြစ်ကွေ့၏ တစ်နေရာတွင် မိကျောင်းလင်မယားသည်လည်း အမှီပြုနေထိုင်သည်။ မိကျောင်းမသည် နေ့စဉ်သွားလာလှုပ်ရှားနေသော မျောက်ကြီးကိုမြင်သော ထိုမျောက်ကြီး၏ နှလုံးသားကိုစားချင်စိတ်ဖြစ်လာသည်။ လင်သားဖြစ်သော မိကျောင်းဖိုကြီးအား မျောက်ကို ဖမ်းဆီးပေးရန်၊ သတ်ဖြတ်ပြီး နှလုံးသားယူပေးရန် ပူဆာသည်။ မျောက်သည် ကုန်းနေသတ္တဝါဖြစ်ပြီး၊ မိကျောင်းသည် ရေနေသတ္တဝါဖြစ်သဖြင့် ကျက်စားရခြင်းမတူညီ။ တစ်ဦးနှင့်တစ်ဦးအလှမ်းဝေးနေသဖြင့် ဖမ်းဆီးရဖို့က ခက်နေသည်။ မိကျောင်းဖိုကြီးက အခြေအနေကိုရှင်းပြပြီး ရဖို့မလွယ်ကြောင်း၊ ဆန္ဒကိုမျိုသိပ်ထားပါဟုဆိုသည်။ ထိုအခါမိကျောင်းမက မျောက်ကြီး၏ နှလုံးသားကိုမစားရလျှင် သေပွဲဝင်မည့်အကြောင်း ခရာတာတာစကားဆိုသော မိကျောင်းဖိုကြီးက "ငါရအောင်ယူပေးပါ့မယ်"ဟု ကတိပေးလိုက်ရတော့သည်။

မယားအတွက် အတွင်းကျိတ်ကြံနေသော မိကျောင်းဖိုကြီး

သည် ကမ်းစပ်လာပြီး၊ မျောက်ကြီးနှင့်ရင်းနှီးကျွမ်းဝင်အောင် စကားဆိုသည်။ တစ်ဦးအပေါ် တစ်ဦးသံယောဇဉ်ရှိသည့် စကားမျိုး ပြောလျက် မိတ်ဖွဲ့သည်။

"အဆွေမိကျောင်း၊ သင်ဘာကိုစားပြီး ဒီလောက်ထွားကျိုင်းနေတာလဲ"

"ဒါလား… တို့ကတော့ သစ်သီးဝလံတွေ စားတာပါပဲ။ အခြားထွေထွေထူးထူးမရှိပါဘူး"

"ဘယ်လိုလဲ၊ အစားအသောက်ရှာဖွေလို့လွယ်ရဲ့လား"

"ဒီလိုပါဘဲ၊ ရာသီဥတုမှန်ရင်တော့ သီးနှံပေါပါတယ်။ ရာသီဥတုက ဖောက်ပြန်ရင်သီးနှံတွေလည်း ဆုတ်ရှာကုန်တာပေါ့။ တစ်ဝမ်းတစ်ခါးအတွက်တော့ ဟိုနားသည်နားရှာကြံစားလိုက်တာပါပဲ"

"အင်း… ကျုပ်ထင်တယ်။ သင်ကရှိတာလေးကုတ်ကပ်စားနေတာကိုး။ ဘယ်အရပ်ဒေသမှာ သီးနှံပေါတယ်လို့မှ မလေ့လာတာကိုး"

"ပြောပါဦး"

"ဟောဒီဂင်္ဂါမြစ်လယ်မှာ ကျွန်းတစ်ကျွန်းရှိသဗျ။ မြေ၊ ရေ၊ လေ၊ မိုးမှန်တော့ သီးနှံတွေကလည်း ဖြစ်မှဖြစ်။ ကျုပ်တို့က သစ်သီးဝလံမစားတော့ အလကားဖြစ်နေတာပေါ့။"

"ဟုတ်သလား… အဲဒါမျိုးနဲ့တွေ့ရင် ဗိုက်ကားသွားအောင် စားချင်လိုက်တာ…"

"မိတ်ဆွေချင်းမို့ သတင်းပေးတာပါ။ ရေလယ်ကကျွန်းသာ အရောက်သွား။ သစ်သီးကတော့ ဘာပေါသလဲမမေးနဲ့"

"အင်း… ပေါတာက ဟုတ်တယ်။ အဲဒီအရပ်ကိုကျုပ်က ဘယ်လိုသွားမလဲ။ ရေကူးသွားဖို့က အခက်"

မိချောင်းဖိုကြီးသည် သူခင်းသည့်လမ်းအတိုင်း ဆိုက်ဆိုက် မြိုက်မြိုက်နှင့် ဝင်လာတော့ ရင်ထဲက ကြိတ်ဝမ်းသာသွားသည်။ အကွက်ဝင်သည်နှင့် အသာချိတ်ယူလိုက်ရုံသာ ရှိတော့သည်ဟုတွေးသည်။

"အေးလေ··· ဒါလဲဟုတ်တာပဲ။ ကုန်းမှာ ကျင်လည် ကျက်စားသူအတွက် ရေလမ်းခရီးက အခက်အခဲတစ်ခုပေါ့။ ဒီလိုလုပ်လေ မိတ်ဆွေသွားချင်ရင်တော့ ကျုပ်ကျောပေါ် ထိုင်လိုက်။ အဲဒါ ကျွန်းပေါ်အရောက်ပို့ပေးပါ့မယ်"

"တကယ်လား···"

"ကျုပ်နဲ့ခင်ဗျားက မိတ်ဆွေတွေလေ··· ကူညီရမယ့် ဝတ္တရားရှိပါတယ်။ ဆန္ဒရှိရင်ပြော အားမနာနဲ့"

"ဟာ··· ဘယ့်နှယ့်ပြောပါလိမ့်ဗျာ။ စာပေါ်တဲ့နေရာ မသွားချင်ဘဲရှိပါ့မလား။ ပို့မယ်ဆိုရင် မြန်မြန်သာပို့တော့ဗျာ"

မျောက်သည်အစာကို မက်မောသဖြင့် အစောပေါ်သည့် ကျွန်းကို အရောက်သွားနိုင်ဘို့ မိတ်ဆွေမိကျောင်း၏ ကျောပေါ်သို့ ဆွေ့ခနဲခုန်ဆင်းလိုက်လေတော့သည်။

"ဟ····ဟာ၊ မိတ်··· ဆွေ၊ ဘယ်လိုလုပ်လိုက်တာလဲ။ ကျုပ်ကရေမကူးတတ်ဘူးဗျ။ နစ်··· နစ်··· နစ်တော့မယ်။"

"အဟား··· ဟား··· ဟား··· ဟား။ တမင်ရေနစ် သတ်တာလေ···။"

"ဗျာ···"

မျောက်ကြီးသည် ရသတဏှာကို မက်မောပြီး၊ ရှုတ်တရက် ဆင်ခြင်စဉ်းစားမိခြင်းမရှိခဲ့။ မိကျောင်းခေါ်ရာသို့ စိတ်ချလက်ချ လိုက်ခဲ့သည်။ အကြံရှိသော မိကျောင်းဖိုကြီးက မျောက်ကို ရေနှစ်သတ် ပြီး နှလုံးသားကို ယူရန်ကြံစည်ထားသည်။ ထို့ကြောင့်

ရေလည်အ ရောက်တွင် ကိုယ်ကိုနှစ်လိုက်ရာ မျောက်ခမျာ ရေနှစ်သေတော့မည့် ကိန်းဆိုက်သွားသည်။

"စိတ်မရှိနဲ့ မိတ်ဆွေရာ။ ကျုပ်ရဲ့ ချစ်ဇနီးက သင့်နှလုံးသားကို စားချင်တယ်လို့ ပူဆာနေတာကြာပြီ။ ကျုပ်လည်းဒီ အကြံအစည်နဲ့ ခင်ဗျားကို မိတ်ဆွေဖွဲ့ခဲ့တာ၊ ဒီနေ့တော့ အဆင်ပြေပြီပေါ့"

မျောက်သည် မိကျောင်း၏အကြံအစည်ကို ခုမှသိလိုက်ရသည်။ မိတ်ဆွေတု၏ မကောင်းကြံစည်မှုမှ လွတ်မြောက်နိုင်အောင် ချက်ချင်းစဉ်းစားလိုက်ရသည်။

"ဪ... ဒါကြောင့်ကြံစည်တာလား။ နှလုံးသားရဖို့ ဒီလိုသာကြံစည်ရင် မိတ်ဆွေအကြံမှားသွားပြီဗျို့။ ခင်ဗျား သိပါတယ်။ ကျုပ်တို့မျောက်တွေက ဟိုခုန်ကူး၊ ဒီခုန်ကူး၊ ပြေးဟဲ့၊ လွှားဟဲ့ ဆိုရင် နှလုံးထိခိုက်မှာစိုးလို့ ဖြုတ်သိမ်းထားတာဗျ"

"ဘယ်လို..."

"မျောက်မှန်သမျှက သူတို့နှလုံးသားကိုဖြုတ်ပြီး သစ်ပင်မှာ ချိတ်ထားကြတာ... ကျုပ်လည်း ကျုပ်နေတဲ့ ရေသဖန်းပင်မှာ ချိတ်ထားရတာပေါ့။ ကဲပါလေ... ကျုပ်နှလုံးသား စားချင်တယ်ဆိုရင် လာရင်းနေရာပြန်ပို့။ ကျုပ်တက်ဖြုတ်ပြီး လှူလိုက်ပါ့မယ်"

"တကယ်လား... ဝမ်းသာလိုက်တာဗျာ။ ကျေးဇူးပါဘဲ"

မိကျောင်းသည် မျောက်၏ နှလုံးသားရမည်ဆို၍ ဝမ်းမြောက်ဝမ်းသာနှင့် ပြန်ပို့သည်။ မျောက်သည် ကမ်းစပ်ရောက်သည်နှင့် မိကျောင်းကိုယ်ပေါ်မှ ကမ်းစပ်ခုန်ကူးသည်။ ရေသဖန်းပင်ထက်ပြေးတက်ပြီး လှောင်ပြောင်ရယ်မောလိုက်သည်။ "နှလုံးသားကိုရေသဖန်းပင်မှာ ချိတ်ထားတယ်လို့ ပြောရုံနဲ့ အယုံလွယ်တဲ့ မိကျောင်းယုတ်

ရေ… မင်းလိုငတုံးက ငါ့နလုံးသားစားချင်လို့ ဘယ်တော့မှ မရဘူး ကွ" ဟုပြောပြီး သစ်ကိုင်းတစ်ခုပေါ်ခုန်တက်လိုက်လေတော့၏။

**ကျမ်းကိုး**

**ငါးရာ့ငါးဆယ်၊ ဒုကနိပါတ်၊ သုသုမာရဇာတ်**

❑

# အဝတ်နှင့်တူသောလင်

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းစိုးစံစဉ် တောရွာတစ်ရွာ၌ သူဆင်းရဲမတစ်ယောက်ရှိသည်။ သူသည် မိဘမောင်ဘွား၊ လင်၊ သားတို့နှင့်အေးချမ်းစွာရှာဖွေစားသောက်လျက်ရှိသည်။

တစ်နေ့သော် တောလမ်းခရီးတစ်ခုတွင် လူဆိုးတစ်စုသည် လူသတ်မှုကျူးလွန်ပြီး တောအုပ်တွင်းဝင်ရောက် ပျောက်ကွယ်သွားသည်။ ရပ်ရွာမအေးချမ်းအောင် ဆူပူသူ၊ ပြည်သူတို့အား အသက်အန္တရာယ်ပေးသူတို့အား နှိပ်ကွပ်ရန် ဘုရင်မင်းမြတ်က တပ်စေလွှတ်သည်။ ဘုရင့်တပ်သည် လူဆိုးများအား တောနင်းရှာသော်လည်း မတွေ့ပေ။ အကယ်၍ တောပုန်းမြတို့အား ဖမ်းဆီးမမိလျှင် အပြစ်တင်ခံရမည်စိုးသဖြင့် တောစပ်တွင် လယ်ထွန်နေသည့် ယောကျာ်းသုံးယောက်ကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမကို ငဲ့ညှာသောအားဖြင့် အဝတ်အထည်ပေးတော်မူပါ။"

ဆင်းရဲသူမသည် နန်းတော်သို့သွားသည်။ မြို့တံခါးအနီးရှိ ဟစ်တိုင်မှ ကျယ်လောင်စွာအော်ဟစ်သည်။ ထိုအသံကိုကြားသော် မင်းကြီးက ဆင်းရဲသူမအား ခေါ်ယူစစ်မေးသည်။

"သင့်မှာ အဝတ်အထည်အပြည့်အစုံရှိလျက် အဘယ်ကြောင့် တောင်းခံနေသနည်း"

"ကျွန်တော်မျိုးမမှာ အဝတ်အထည်မရှိတော့ပါ"

မင်းကြီးသည် သူဆင်းရဲမ၏ စကားကို နားမလည်သဖြင့် မင်းမှုထမ်းတို့အား အဝတ်အထည်ပေးစေသည်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမက ဤအဝတ်အထည် မတောင်းခံပါ"

"ဟေ… ဒါဆို"

"လင်သားဟူသည် အမျိုးသမီးအတွက် အဖိုးတန် အဝတ်အထည်မည်ပါတယ်… အဖိုးသိန်းထိုက်တဲ့ အဝတ်အစားတွေ ဝတ်ထားပေမယ့် လင်သားမရှိတဲ့ မိန်းမသားဟာအချည်းနီးပါဘဲ။ မှီခိုအားထားစရာလင်သားရှိလျှင် အဝတ်မရှိသော်လည်း လုံခြုံပါတယ်။ အဖိုးထိုက်တန်ပါတယ်။ လုံခြုံပါတယ်"

မင်းကြီးသည် ဆင်းရဲသားသူမ၏ တင်လျှောက်မှုကို သဘောကျသွားသည်။ ဖမ်းဆီးထားသူများသည် ဆင်းရဲသူမနှင့် တစ်နည်းနည်းဖြင့် ဆက်စပ်လိမ့်မည်ဟုတွက်ပါသည်။

"ဖမ်းဆီထားသူများက သင်နဲ့အဘယ်သို့တော်စပ်သနည်း"

"မှန်ပါမင်းကြီး၊ တစ်ဦးက မောင်၊ တစ်ဦးက လင်၊ တစ်ဦးကသား ဖြစ်ပါတယ်"

မင်းကြီးသည် တရားခံများကို စစ်ဆေးပြီးပြီ။ သံသယနှင့် အဖမ်းခံရသူများဖြစ်ကြောင်းသိရသည်။ သေချာအောင်စစ်ဆေးပြီး ပြန်လွှတ်ရန် ကြံရွယ်ထားစဉ် အမျိုးသမီးက လာလျှောက်ခြင်းဖြစ်သည်။ ပညာဉာဏ်ရည်ရှိသော အမျိုးသမီး၏ အရည်အသွေးသိရန် အတွက် "ဤသုံးဦးအနက် တစ်ဦးဦးကို တောင်းခံပါ။ ထိုသူအား လွှတ်ပေးမည်" ဟုမိန့်လိုက်သည်။ အမျိုးသမီးငယ်က "ကျွန်တော်မျိုးမ၏ မောင်အားပေးပါ" ဟု လင်ကိုတောင်းဆိုနေလျက် တကယ်

တမ်းတောင်းခံတော့ မောင်ကို တောင်းသဖြင့် အကျိုးအကြောင်း မေးသည်။

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးမ အသက်ရှင်နေလျှင် လင်ကိုရနိုင်ပါ၏။ အရွယ်ရှိလျှင် သားကိုမွေးနိုင်ပါ၏။ မိဘများ ကွယ်လွန်ပြီဖြစ်၍ မောင်ကိုမူ ထပ်မရနိုင်တော့ပါ။ ထို့ကြောင့် မောင်ကို တောင်းခံခြင်းဖြစ်ပါတယ်"

ဆင်းရဲသူမ၏ လျှောက်ထားချက်ကို နှစ်သက်သဖြင့် သုံးဦးစလုံးလွတ်ပေးလိုက်သည်။ ပညာရှိသူကား အများနှစ်သက် လက်ခံအောင်ဆောင်ရွက်နိုင်ပေသည်။

ကျမ်းကိုး

ငါးရာ့ငါးဆယ်၊ ဇာနိပါတ်၊ ဥစ္စဂ်ဇာတ်

□

## ပေါက်ပင်နှင့်မင်းသားလေးပါး

ရှေးအခါက ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးစိုးစံသည်။ မင်းကြီး၌ သားတော်လေးပါးရှိသည်။ မင်းကြီးသည် သူ၏သားတော်အား လိမ္မာရေးခြားရှိစေရန် ဗဟုသုတရှာမှီးကြ၊ ပညာလိုသော် အယုတ်အလတ်အမြတ်မရွေးစည်းကပ်ကြ။ ပညာနှင့်ပတ်သက်၍ အရပ်ရပ် နှံ့စပ်သိမြင်ဖို့လိုသည်ဟု ဩဝါဒပေးသည်။ သားတော်များသည်လည်း ခမည်းတော်၏ စကားကို နာယူလျက် မပြတ်လေ့လာမှတ်သားသည်။

သားတော်လေးပါးသည် လမ်းပေါ်၌ ကခုန်မြူးတူးနေသောကလေးများက "ပေါက်ပင်ဘယ်လိုကိုင်းရတယ်... မျိုင်းနားလို့ကိုင်းရတယ်၊ မျိုင်းဘာလို့နားရတယ်... ငါးပေါ်လို့နားရတယ်၊ ငါးဘာလို့ပေါ်ရတယ်... ကျွဲလူးလို့ပေါ်ရတယ်၊ ကျွဲဘာလို့ လူးရတယ်... ဖြုတ်ကိုက်လို့လူးရတယ်၊ ဖြုတ်ဘာလို့ကိုက်ရတယ်... မိုးရွာလို့ကိုက်ရတယ်" ဟု အတိုင်အဖောက်ညီညီ အော်ဟစ်သီဆိုသံကြားရသည်။

ကလေးတို့သီဆိုသည့် သီချင်းတွင် မျိုင်းကိုလည်းကောင်း၊ ငါးကိုလည်းကောင်း၊ ဖြုတ်ကိုလည်းကောင်း၊ မိုးကိုလည်းကောင်း သိထားသည်။ ပေါက်ပင်ကိုဘာမှန်းမသိ။ ရထားမှူးကိုမေးသော်

"သစ်ပင်တစ်မျိုးပါ" ဟု မရေမရာဖြေသည်။ သို့ဖြစ်၍ ပေါက်ပင်ကို အလျဉ်းသင့်လျှင်ပြပါဟု တောင်းဆိုထားသည်။ ရထားမှူးက ဝန်ခံသည်။

တစ်ရက်တွင် ရထားမှူးက အကြီးဆုံးမင်းသားအား "အဲဒါပေါက်ပင်ပါဘဲ" ဟုပြသည်။ သစ်ရွက်များကြွေလျှက် ရိုးတံပြိုင်းပြိုင်းအချိန်တွင် ပြသည်။ မင်းသားက မှတ်သားထားလိုက်သည်။ နောင်တော်ကြီးက ပေါက်ပင်ဆိုတာ "ငါသိပြီ" ဟုကြွားသဖြင့် ဒုတိယသားတော်က ရထားမှူးကို ပေါက်ပင်ပြပါဟုတောင်းဆိုသည်။ ရထားမှူးသည် ဒုတိယမင်းသားအား အရွက်များဝေဆာနေချိန်တွင် ပြသည်။ ဒုတိယမင်းသားက ပေါက်ပင်၏ သဏ္ဌာန်ကို မှတ်သားထားပြန်သည်။

တတိယမင်းသားက နောင်တော်ကြီးများ ပေါက်ပင်ကိုသိ၍ သူ့လည်းပြပါဟု တောင်းဆိုသည်။ ရထားမှူးသည် ပေါက်ပွင့်များပြိုင်းပြိုင်းပွင့်နေချိန်တွင် တတိယမင်းသားအားပြသည်။ "သြော်... ပေါက်ပင်ဆိုတာဒါပါလား" ဟုမှတ်သားထားလိုက်သည်။ ထို့နောက် စတုတ္ထမင်းသားအား အသီးများသီးချိန်တွင် ခေါ်သွားပြီး ပြသည်။

"နောင်တော်ကြီးတို့သိသလိုကျွန်တော်လည်း ပေါက်ပင်ဆိုတာသိပါပြီ"

အငယ်ဆုံးမင်းသားက ခပ်ကြွားကြွားပြောလိုက်သည်။ နောင်တော်များက "သိရင်ပြောစမ်း။ ပေါက်ပင်ကဘယ်လိုလဲ" ဟု ဝိုင်းမေးသည်။

"ပေါက်ပင်ကို နောင်တော်တို့သိသာမြင်သာအောင်ပြောရရင် ကုက္ကိုပင်နှင့်တူတယ်။ အသီးတွေပွတ်ခိုင်နေအောင် သီးတဲ့ အပင်ပဲ"

"ဟာ... လွဲပြီ။ မင်းပေါက်ပင်ကို မသိသေးပါဘူး။ မှတ်

ထားပေါက်ပင်ဆိုတာ အသားတစ်တွေဆွဲထားသလို ရဲရဲနီနေတဲ့ အပွင့်တွေပွင့်နေတာကွာ…”

“ဟော… ညီတော်လဲမှားပြီ”

တတိယမင်းသားက သူသိသည့် ပေါက်ပင်၏သဏ္ဍာန်ပြောလိုက်သည်နှင့် ဒုတိယမင်းသားက ရယ်မောလျက် မှားယွင်းကြောင်းပြောသည်။

“ဒါဆိုဘယ်လိုလဲ”

“ပေါက်ပင်သိချင်ရင် ညောင်ပင်ကိုသိချင်ရင် ညောင်ပင်သာကြည့်အရွက်တွေ စေစီအုံဆိုင်းနေတဲ့ အပင်ကပေါက်ပင်ပဲ”

“ဟာ၊ အဟုတ်မှတ်လို့နားစွင့်နေတာ… ညီတော်လည်းပေါက်ပင်မသိပါကလား… ကဲ … ကဲ မှတ်ထားကြ။ ပေါက်ပင်ဆိုတာ မီးလောင်ထားတဲ့ သစ်ငုတ်လိုအရွက်မပါ၊ ဗလာကိုယ်တည်းကွဲ…”

မင်းသားလေးပါးသည် သူတို့မြင်ဖူး၊ တွေ့ဖူးသည့် ပေါက်ပင်၏သဏ္ဍာန်ကို အဟုတ်စွဲလျက်၊ သူအမြင်မှန်သည်။ အခြားသူတွေမှား သည်ဟု ငြင်းကြသည်။ တစ်ဦးကို တစ်ဦးအလျှော့မပေးဘဲ ငြင်းခုန်ရာ နောက်ဆုံးတွင် ခမည်းတော် ထံရောက်သွားသည်။ မင်းသားအသီးသီးက ရထားမှူးပြထားသည့် ပေါက်ပင်၏ သဏ္ဍာန်ကို ပြောပြလျက်ငြင်း ခုန်ကြသည်။

“သားတော်တို့၊ သင်တို့အသီးသီးစကားဟာ အားလုံးအမှန်ချည်းပါပဲ။ အမြင်မတူလို့ အခြားသူရဲ့ စကားကို အမှန်မယူနိုင်ကြတာပါ။ သားတော်တို့ ပေါက်ပင်မြင်ချိန်၊ အချိန်အခါ၊ ရာသီနှင့်သစ်ပင်သဘာဝမမေးထားလို့ တစ်ဖက်သားစကားကို လက်မခံနိုင်ကြတာပါ။ ဘာပဲဖြစ်ဖြစ် သူ့အမြင်၊ ငါ့အမြင်ရှိတာ ညှိနှိုင်းရင် အရာရာ

အမှန်ကိုတွေ့ရပါလိမ့်မယ်''

မင်းကြီးသည် မင်းသားလေးပါးကို ပေါက်ပင်၏ အချိန်အခါနှင့် ပြောင်းလဲမှုရှင်းပြပြီး၊ မိမိ၏အမြင်တစ်ခုတည်းဖြင့် မှန်ရမည်ဟု တရားသေမှတ်မယူထားရန် ဆုံးမသည်။ မင်းသားတို့သည်လည်း နောင်တွင်ချင့်ချင့်ချိန်ချိန်စဉ်းစား လုပ်ဆောင် သွားတတ်လေတော့၏။

ကျမ်းကိုး

ငါးရာငါးဆယ်ဇာတ်တော်၊ ဒုကနိပါတ်၊ ကိသုကောပမဇာတ်

❑

# လောကတွင် အမြန်ဆုံးအရာ

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဇဝနမာသ်မျိုး၌ဖြစ်သည်။ ဟင်္သာမင်း၌ ညီငယ်ဟင်္သာနှစ်ကောင်အပြင် အခြံအရံဟင်္သာကိုးကောင်ရှိသည်။

ဦးချိုရှိသော သတ္တဝါသည် ထိုဦးချိုကို အားကိုးလျက် မာန်တက်သည်။ အစွယ်ရှိသော သတ္တဝါသည် ထိုအစွယ်ကိုအားကိုးလျက် မာန်တက်သည်။ လျင်မြန်စွာပြေးနိုင်သော ခြေထောက်ရှိသော သတ္တဝါသည် ထိုခြေထောက်ကို အားကိုးလျက်မာန်တက်သည်။ နုပျို သန်မာသော ဟင်္သာညီနောင်သည်လည်း သန်မာသော အတောင်ရှိသောကြောင့် မာန်တက်နေသည်။ လောက၌ သူတို့လောက်မြန်သော အဟုန်နှင့် ပျံသန်းနိုင်သူမရှိဟု စိတ်ကြီးဝင်နေသည်။ ထိုမထားသင့်သော မာန်ဖြင့် နေမင်းကြီးကို ယှဉ်ပြိုင်ရန် စိတ်ကူးဖြစ်လာသည်။

"နောင်တော်... နေမင်းရဲ့ အလင်းရောင်နှုန်းဟာဘယ်လောက်မြန်သလဲ။ ညီငယ်တို့ ပျံနိုင်စွမ်းကို ယှဉ်နိုင်မလား"

"အဘယ်စကားဆိုသနည်းငါ့ညီ။ နေမင်းရဲ့ အလင်းနှုန်းအဟုတ်ဟာ မျက်စိတစ်မှိတ်အတွင်း ခရီးထောင်သောင်းမက ရောက်နိုင်စွမ်းတယ်..."

"ညီငယ်တို့လည်း အဲသလောက်တော့ စွမ်းနိုင်ပါတယ်"

"ငါ့ညီ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုမလွန်ကဲပါနဲ့။ လောက

မှာ မကြံစည်အပ်တဲ့ ကိစ္စတွေရှိတယ်။ နေမင်း၊ လမင်းရဲ့ အရှိန်ကို ယှဉ်တုဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စပဲ။ မစဉ်းစားပါနဲ့"

နောင်တော်ဖြစ်သည့် ဟသ်ာမင်းက ညီငယ်များမအပ်သည့် အကြံအစည်ကို ကြံစည်သဖြင့် တားမြစ်သည်။ သို့သော် မိမိတို့၏ စွမ်းပကားကို ထုတ်ပြချင်နေသော ဟသ်ာညီနောင်ကမူ "မဖြစ်နိုင်သော အရာမရှိ၊ နေမင်းကို ယှဉ်ပြိုင်ရာတွင်လည်း မဖြစ်နိုင်၊ မအောင်နိုင်" ဟုမတွေးသင့်။ တိုက်ပွဲမဝင်ခက် ရှုံးနိမ့်မည်ဟူသော အတွေးတွေးလျက် ကြိတ်ကြံစည်သည်။ သူတို့၏ နောင်တော်ဟသ်ာမင်း တားမြစ်နေသည့်ကြားမှပင် နေမင်းကိုယှဉ်ပြိုင်ရန်အတွက် ယုဂန္ဓိုရ် တောင်ထိပ် တက်နေသည်။ အရုဏ်ဦးနှင့်အတူ ခေါင်းပြူလာသော နေမင်းကြီးကို စိမ်ခေါ်လိုက်သည်။

"ဗျို့ နေမင်းကြီး။ ခင်ဗျားကို ပြိုင်ဖို့စောင့်နေတာ… ခင်ဗျားဘက်က အဆင်သင့်ဖြစ်ရင် ပြိုင်ပွဲစပြီလို့ မှတ်လိုက်"

နေမင်းကြီးသည် အရုဏ်သစ်နှင့်အတူ အရှေ့အရပ်မှ ခန့်ညား စွာထွက်ပြူလာသည်။ နေမင်းကြီးထွက်လာသည်နှင့် အလင်းရောင် တန်းကလည်းရှေ့မှပြေးထွက်လာသည်။ ထိုအခါ ဟသ်ာညီနောင်သည် အခြိမ်းအချက်ပေးပြီး တဟုန်ထိုးပျံသန်းလိုက်သည်။

ဟသ်ာညီနောင်သည် အတောင်ပံကို နိမ့်လိုက်မြင့်လိုက် လှုပ်ခတ်ပျံသန်းရာ၊ အရှိန်ဘယ်မျှပြင်းထန်သည်မသိ။ ညီထွေးလေး ဟသ်ာငှက်စကားကြားမှ သတိထားမိသည်။

"အစ်ကိုလတ်၊ ပျံရလွန်းလို့ ကျွန်တော်အတောင်တွေက မီးထတောက်မတတ်ဖြစ်နေပြီ။ ဆက်ပျံနိုင်ဖို့လည်း အားမ ရှိတော့ဘူး"

ထိုအခြေအနေကို ကြိုတင်တွက်ဆထားသော ဟသ်ာမင်း သည် သူတို့၏ အရိပ်အခြေကို စောင့်ကြည့်ရင်း လိုက်ပါလာသည်။

ညီထွေးစကားကြားသော် ညီထွေး၏ အခက်အခဲကို မြင်သည်။ ထို့ကြောင့်ညီထွေးကို အတောင်ကြားတွင်ထည့်လျက် စိတ္တကုဋ္ဌတောင်ထိပ်သို့ ပို့လိုက်ရသည်။ ညီလတ်ကမူ အားမလျှော့သေး။ နေမင်းကို အံတုလျက် ယှဉ်ပြိုင်ဆဲပင်။ သို့သော် နေမွန်းတည့်ချိန်ရောက်သော ဆက်မပျံနိုင်တော့။ ဟင်္သာမင်းသည် ညီလတ်ကို ပိုက်ထွေးသယ်ယူလျက် စိတ္တကုဋ္ဌတောင်သို့ ပြန်ပို့လိုက်သည်။

ဟင်္သာမင်းသည် ညီငယ်များကို ကယ်တင်ရင်း နေမင်းကို ပြိုင်မိသလိုဖြစ်ခဲ့သည်။ သို့သော် အချည်းနှီး၊ အကျိုးမရှိသော ပြိုင်ပွဲဖြစ်ကြောင်း ဆင်ခြင်မိသည်။ အကျိုးမရှိသော အလုပ်ကိုဆက်မ လုပ်ဘဲ ဗာရာဏသီမင်းထံ ခိုဝင်မည်။ တရားနှင့်စပ်သောစကားကို ပြောဆိုအသက်မွေးမည်ဟု ကြံလျက် ဗာရာဏသီမင်းထံလာသည်။ မင်းကြီးက မေးသဖြင့် နေမင်းနှင့်အပြေးပြိုင်ခဲ့ကြောင်းပြောသည်။

"အသင်ဟင်္သာမင်း၊ နေမင်းနှင့်ပြိုင်သည်မှာနိုင်သလော…"

"ဒီလောက်အဟုန်ပြင်းပြင်းပြေးနိုင်သည့် နေမင်းကိုအဘယ်မှာနိုင်အံ့နည်း"

"အသင်တို့ ပျံသန်းသော အဟုန်ကိုပြောပြပါဦး"

"ကျွန်ုပ်တို့ စွမ်းအားသိလိုလျှင် အက္ခဏာဝေဓံအစရှိတဲ့ လေးသမားလေးဦးကို ခေါ်လိုက်ပါမင်းကြီး"

"ခေါ်ပြီးတော့"

"အဲဒီလေးသမားလေးဦးက မင်းရင်ပြင်မှာ ရှိတဲ့ ကျောက်တိုင်ရဲ့ အရပ်လေးမျက်နှာမှာ ကျောက်တိုင်ကို မှီရပ်စေပါမယ်။ ပြီးတော့ လေးသမားတွေကို အရပ်လေးမျက်နှာဆီ မြှားကိုလွှတ်စေပါမယ်"

"အဲဒါကို…"

"ကျွန်ုပ်က မြှားတွေဖမ်းယူပြပါမယ်"

ဟင်္သာမင်း၏စကားကို မင်းကြီးက စဉ်းစားသည်။ လေးသမားလေးဦးပစ်လွှတ်သော မြှား၏အရှိန်က မြန်ဆန်လှသည်။ အရပ်လေးမျက်နှာကို လှည့်ပစ်လျှင် မြှားလေးစင်းက ဦးတည်ရာအရပ်သို့ ပြေးလွှားကြမည်။ ထိုမြှားလေးစင်းကို ဖမ်းယူပြမည့် အဟုတ်ကားပြင်းလွန်းသည်။ ဖြစ်ချေမရှိ။ သို့သော် ဖြစ်သည်ဆိုလျှင် အံ့ဖွယ်မခန်းအဖြစ်ပင်။ မင်းပရိသတ်များက ကြည့်လိုသည်။ မြှားကိုလွှတ်စေသည်။ ဟင်္သာမင်းသည် ကျောက်တိုင်ထိပ်ပဲ နားနေရာမှ အဟုန်နှင့်ပျံသွားသည်။ ပျံသန်းပြီး မြှားတို့ကို ဖမ်းယူလျက် လေးသမားတို့ရှေ့ချပေးသည်။ ပြမှုပုံက မြန်ဆန်လွန်းသဖြင့် ဟင်္သာမင်းပျံသည်မထင်။ ကျောက်တိုင်ထိပ်၌ နားနေသည်ဟု ထင်မိသည်။

ဤရွှေ့ဤမျှ မြန်ဆန်သည့် အဟုန်ဖြင့် ပျံနိုင်သော ဟင်္သာမင်းပင်လျှင် နေမင်းကို ယှဉ်နိုင်ခြင်းမရှိကြောင်းသိရ၍ အံ့သြနေမိသည်။

"အဆွေဟင်္သာမင်း၊ သင်ပင်ပျံသန်းနိုင်သော အဟုန်ကား မမြင်ဘူးလျှင် ယုံနိုင်စရာမရှိ။ ချီးကျူးလောက်အောင် မြန်ဆန်ပါဘိ။ သင့်ထက်မြန်သော အရာရှိပါဦးမလား"

"ရှိပေတယ်မင်းကြီး၊ အာယုသင်္ခါရသည် ကျွန်ုပ်ထက် အဆများစွာသာပါတယ်။ မျက်စိတစ်မှိတ်အတွင်းအရာရာ ပြောင်းလဲဖြစ်ပျက်နိုင်ပါတယ်"

ဇာရာဇာသီမင်းသည် အရှိန်အဟုန်ပြင်းထန် မြန်ဆန်သည့် သင်္ခါရအကြောင်းကြားသော် ကြီးစွာတုန်လှုပ်သွားသည်။ သံဝေဂရမိသည်။ နေမင်း၊ လမင်းတို့ အလင်းရောင်ထက်မြန်ဆန်သော သေခြင်းတရားအကြောင်း မင်းကြီးနားလည်ခဲ့လေတော့၏။

ကျမ်းကိုး - ငါးရာငါးဆယ်ဇာတ်တော်၊ ဒွါဒသကနိပါတ်၊ ဇဝနဟင်္သာဇာတ်

□

# အကြံကောင်းသည့်ငါး

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ငါးမျိုး၌ဖြစ်၏။ မိကာစိန္တီဟု အမည်တွင်သည်။ ဘုရားလောင်းငါးသည် ဗဟုစိန္တီနှင့် အပ္ပစိန္တီအမည်ရှိသော အခြားငါးနှစ်ကောင်နှင့်အတူသွားလာသည်။ ငါးသုံးကောင်သည် အတူတကွသွားလာရင်း ဗာရာဏသီမြစ်အတွင်းရောက်ရှိလာကြသည်။

"မိတ်ဆွေတို့၊ လူနေအရပ်နှင့် နီးသည့် ဤဒေသ၌အရှည်တည်စွဲနေခြင်းက အန္တရာယ်များတယ်။ တောခြေတောင်ခြေကပ်ပြီး အေးချမ်းစွာနေကြရအောင်..."

"ဟာ... လာခဲ့ရတာ ခရီးကဝေးတာယ်။ တစ်ခါဒီအရပ်က ပြန်မယ်ဆိုတော့ ပျင်းစရာ..."

"ဟုတ်တယ်၊ ဗဟုစိန္တီပြောတာအမှန်ပဲ။ ဘာဖြစ်လို့ပြန်ချင်လဲ။ ဒီအရပ်မှာ အစာရေစာလည်းပေါတယ်။ ရေစီးရေလာကောင်းတော့ ပျော်စရာလည်းရှိတယ်။ ပြန်မနေ့ပါနဲ့"

ဘုရားလောင်းငါးသည် ပတ်ဝန်းကျင်အခြေအနေကို သုံးသပ်ကြည့်သည်။ မြစ်ချောင်းကို အမှီပြုလျက် ဝမ်းစာကျောင်းနေသူတွေကပေါသည်။ မြုံးထောင်သူ၊ ငါးမျှားသူ၊ ကိုင်းထောက်သူ၊ ကွန်ပစ်သူ၊ ပိုက်တားသူတွေက ခြေချင်းလိမ်နေသည်။ တစ်နေ့မဟုတ်တစ်နေ့နေ့တွင် ထိုသူတွေလက်ထဲရောက်သွားနိုင်သည်။ အဘယ်မျှ ရှောင်တိမ်းနိုင်သည် ဆိုငြားလည်း ကံဆိုးမိုးမှောင်ကျလျှင် တံငါသည်လက်ထဲရောက်သွားနိုင်သည်။ ဤအရေးကိုတွေးမိပြီး အန္တရာယ်မကျမီ နေရပ်သို့ပြန်ဖို့ပြောရာ မိတ်ဆွေငါးနှစ်ကောင်က ပျင်းရိပြီး ရက်ဆွဲနေသည်။

ဘုရားလောင်းငါးက အကျိုးအကြောင်းပြလျက် စည်းရုံးမှသုံးလအကြာတွင်နေရပ်ပြန်ရန်လက်ခံလိုက်သည်။ ဗဟုစိန္တီနှင့် အပ္ပစိန္တီတို့သည် အပြန်ခရီးတွင် ရှေ့မှဦးဆောင်ထွက်လာသည်။ မြစ်၏

တစ်နေရာအရောက်တွင် တံငါသည်တစ်ဦးပစ်လိုက်သည့် ပိုက်ကွန်တွင် မိသွားတော့သည်။

"ဟာ... ငါတို့ဒုက္ခရောက်ပြီ၊ ကယ်ပါဦးမိတ်ဆွေ"

"မကြောက်နဲ့မိတ်ဆွေ... ငါအသက်နဲ့လဲပြီး သင်တို့ကို ကယ်ပါမယ်... ခဏသည်းခံ၊ ဘယ်ပုံကယ်ရမယ်ဆိုတာ စဉ်းစားပါရစေဦး"

ဘုရားလောင်းငါးသည်း မိတ်ဆွေနှစ်ဦးအား ကယ်တင်နိုင်မည့် နည်းလမ်းစဉ်းစားသည်။ ဘုရားအလောင်း မိတစ္ဆိသည် ရေကို နောက်ကျုသွားအောင်နှောက်သည်။ ပိုက်ကွန်၏ ဝမ်းထဲသို့ တိုးဝင်သည့် ကွန်အတွင်း၌ ယောက်ယက်ခတ်လှုပ်ရှားလိုက်သည်တွင် "ငါးများသည် ကွန်ကိုဖောက်ခွဲလျက် ထွက်သွားပြီ၊ ကွန်ချက်တွင် မမိတော့ချေ"ဟု ပေါ့ဆစွာ ကွန်ကိုဆွဲယူလိုက်သည်။ ဘုရားအလောင်းနှင့် မိတ်ဆွေငါးနှစ်ကောင်သည် ကွန်နှင့်လွတ်ရာ ရေအောက်သို့ နက်နိုင်သမျှ နက်အောင်ထိုးစိုက်ဆင်းလိုက်သည်။ တံငါသည်က ကွန်စွန်းကို ကိုင်လျက် မချီလိုက်ချိန်တွင် ငါးနှစ်ကောင်လည်း ကွန်မှ လွတ်မြောက်သွားလေ၏။

ဘုရားလောင်းသည် မိတ်ဆွေတို့၏ အကျိုးကိုကြည့်လျက် ဘေးကင်းရာစောင့်ခေါ်သည့်ပြင် အန္တရာယ်ဖြစ်လာချိန်တွင်လည်း စွန့်ခွာမသွားပဲ ရအောင်ကယ်တင်ခဲ့သည်။ အခက်အခဲကိုတွေ့လျှင် တည်ငြိမ်စွာဖြင့် ပညာကိုအသုံးချခဲ့သဖြင့် ငါးအားလုံးဘေးကင်းချမ်းသာရာ ရခဲ့ပေတော့သည်။

ကျမ်းကိုး

ငါးရှင်ငါးဆယ်ဇာတ်တော်၊ ဧကနိပါတ်၊ မိတစ္ဆိဇာတ်

❑